ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## လောကကိုထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 January 2018 ၉၁၅၈

မြန်မာနိုင်ငံအတွင်းသို့ ဧပြီလမှ နိုဝင်ဘာလအထိ ကမ္ဘာလှည့်များ ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်မှု ၂၀၁၆ ခုနှစ်ကထက် ၈ ရာခိုင်နှုန်း တိုးတက်ခဲ့

စာမျက်နှာ - ၂

ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် လွတ်လပ်ရေးကို ဆောင်ကြဉ်း

စာမျက်နှာ - ၇

အဆိုပြု အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၈

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များမှ IDP စခန်းကိစ္စရပ်များနှင့် လွတ်လပ်စွာ သွားလာခွင့်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေး

စာမျက်နှာ - ၁၀



အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပစဉ်။

# အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီဝင်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနား မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား(MRTV)နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ (တိုက်ရိုက်)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

# ကြေးမုံ

## လွတ်လပ်ရေး၏အနှစ်သာရ အပေးအယူညီမျှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံတော်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ဆိုင်၍ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်သော နိုင်ငံဖြစ်သည်။ လွတ်လပ်သောနိုင်ငံ၏ အနှစ်သာရမှာ ပြည်သူအားလုံး လိုလားသည့် အစိုးရ၊ ပြည်သူအားလုံး နှစ်သက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နေထိုင်နိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရရှိမီ အချိန်ကတည်းက မြန်မာနိုင်ငံနှင့် ထိုက်တန်သော၊ မြန်မာတစ်မျိုးသားလုံး၏ မြန်မာအစိုးရနှင့် အုပ်ချုပ်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အလျင်အမြန် ရေးဆွဲဆောင်ရွက်ခဲ့ကြသည်။ ပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံဖြစ်လာသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတို့ အပေါ်၌ တည်ဆောက်ထားသည်။

လွတ်လပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားတိုင်းသည် လူမှုဆက်ဆံရေး၌ တရားမျှတခြင်း၊ စီးပွားရေး၌ တရားမျှတခြင်း၊ နိုင်ငံရေး၌ တရားမျှတခြင်း၊ လွတ်လပ်စွာ တွေးကြံနိုင်ခြင်း၊ လွတ်လပ်စွာ ပြောဆိုရေးသား ဖွင့်ဟနိုင်ခြင်း၊ လွတ်လပ်စွာ ယုံကြည်နိုင်ခြင်း၊ လွတ်လပ်စွာ ကြိုက်နှစ်သက်ရာ ကိုးကွယ်နိုင်ခြင်း၊ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ခြင်း၊ လွတ်လပ်စွာ စည်းရုံးနိုင်ခြင်း၊ လွတ်လပ်စွာ လုပ်ကိုင်ပြုမူနိုင်ခြင်း စသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ခံစားပိုင်ခွင့်များ အပြည့်အဝရှိသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အဆင့်အတန်းခွဲခြားခြင်း မရှိစေရ၊ ညီမျှရမည်။ ဆင်းရဲချမ်းသာမရွေး ခွဲခြားခြင်းမရှိရဘဲ ကြိုးစားလျှင် ကြိုးစားသလောက် ပါရမီ၊ ပညာ၊ အစွမ်းကိုလိုက်၍ အကျိုးကျေးဇူး ခံစားနိုင်ရမည်။ ဥပဒေမျက်စိဖြင့်ကြည့်လျှင် ဆင်းရဲချမ်းသာမရွေး၊ ရာထူးဂုဏ်၊ အခြားဂုဏ်တို့ကိုမငဲ့ အားလုံးတူညီ၍ မှန်သူကို ဥပဒေက ကာကွယ်မည်။ မတရားသူ၊ ဥပဒေဖောက်ဖျက်ကျူးလွန်သူကို အပြစ်ပေးမည်ဟု ကြွေးကြော်ကာ လွတ်လပ်သော နိုင်ငံတော်အဖြစ် တည်ဆောက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို လူတစ်စုက တည်ထောင်ထားခြင်းမဟုတ်၊ နိုင်ငံသူ၊ နိုင်ငံသားများဖြစ်ကြသည့် ကျွန်ုပ်တို့အားလုံးက စည်းလုံးညီညာစွာဖြင့် ထူထောင်ထားသောနိုင်ငံဖြစ်သည်။ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိအောင် မည်မျှကြိုးပမ်းဆောင်ရွက်ထားရသည်ကို နိုင်ငံသူ၊ နိုင်ငံသားများအားလုံး သိရှိကြပြီးဖြစ်သည်။ နိုင်ငံတော်၏အုတ်မြစ်ဖြစ်သော အခြေခံဥပဒေကို ထိုစဉ်ကာလ၊ ထိုစဉ် အချိန်က အနေအထားများအရ အားလုံး ကိုယ်စားပြုလက်ခံ အတည်ပြုခဲ့ကြသည်။ ထိုသို့ အတည်ပြုနိုင်သောကြောင့်လည်း လွတ်လပ်သည့် ပြည်ထောင်စုသမ္မတနိုင်ငံ ပေါ်ထွန်းလာခြင်းဖြစ်သည်။

လွတ်လပ်သော မြန်မာနိုင်ငံတော်တွင် ခေတ်ကာလအခြေအနေနှင့် အနေအထားများအရ နိုင်ငံ၏ အသက်ဝိညာဉ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးကြိမ်သုံးခါ ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့သည်။ မျက်မှောက်ကာလတွင် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းနေသည်။ အနာဂတ်တွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ကြရဦးမည်။

ဖြစ်တည်နေသည့် နိုင်ငံတော်၏ ပကတိအနေအထားနှင့် လိုအပ်ချက်များနှင့်အညီ တည်ရှိနေမည့် အခြေခံဥပဒေ အသက်ဝင်နေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့၏ အခြေခံလူ့အခွင့်အရေးများ တည်ရှိနေမည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည်လည်း အခွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ ဤနိုင်ငံတော်ကြီးအတွင်းမှ ကျွန်ုပ်တို့အားလုံးတို့သည် အခြေခံဥပဒေမှ ပြဋ္ဌာန်းထားသော လူ့အခွင့်အရေးများကို အပြည့်အဝ ရခွင့်ရှိကြသကဲ့သို့ ကျွန်ုပ်တို့ကလည်း နိုင်ငံတော်၏အင်အားကို အစွမ်းကုန်ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်။ လွတ်လပ်သောနိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အခွင့်အရေးများ ရယူနိုင်သလို တာဝန်ယူမှုများလည်းရှိရမည့် အပေးအယူညီမျှမှုအပေါ်တွင် မူတည်ပါသည်။ ။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )



၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ည ၈ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်



### ထူးခြားသည့် ညအပူချိန်များ

**ဟားခါးမြို့**

၇ ဒီဂရီ စင်တီဂရိတ်

**ပူတာအိုမြို့**

၈ ဒီဂရီ စင်တီဂရိတ်

**တွန်းဇံမြို့**

၈ ဒီဂရီ စင်တီဂရိတ်


## မြန်မာနိုင်ငံအတွင်းသို့ ဧပြီလမှ နိုဝင်ဘာလအထိ ကမ္ဘာလှည့်များ ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်မှု ၂၀၁၆ ခုနှစ်ကထက် ၈ ရာခိုင်နှုန်း တိုးတက်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ သဘာဝတောတောင်၊ ရေ မြေ ရာသီဥတု သာယာမှု၊ သဘာဝရှုခင်းများပေါ်ကြွယ်ဝမှု၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအဆောက်အအုံ၊ ဘုရားပုထိုးစေတီများ၊ လူမျိုးစုများ၏ မတူညီသော ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပေါ်ကြွယ်ဝမှု၊ သာယာလှပသော ကမ်းခြေများ၊ ကျွန်းစုများ၊ သဘာဝရေချိုအိုင်ကြီးများနှင့် သဘာဝဘေးမဲ့တောများနှင့် တောတိရစ္ဆာန်များ စသည့် လေ့လာချင်စရာများ ပေါ်ကြွယ်ဝမှုများကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ တစ်နေ့တခြား ဝင်ရောက်မှုများပြားလာခဲ့သည်ကို တွေ့ရသည်။

ထိုကဲ့သို့ လေ့လာချင်စရာ သဘာဝအလှတရားများကြောင့် မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ရေကြောင်းတို့မှ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်များမှ လည်းကောင်း ပြည်ဝင်ဗီဇာ (ကမ္ဘာလှည့်)နှင့် ပြည်ဝင်ဗီဇာ(လုပ်ငန်း)တို့ဖြင့် ဝင်ရောက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ လေကြောင်းခရီးဖြင့် လာရောက်သူပေါင်း ၁၀၈၁၈၈၉ ဦး၊ ရေကြောင်းဖြင့် လာရောက်သူပေါင်း ၉၃၉၄ ဦးနှင့် နယ်စပ်ဝင်ပေါက်များမှ အတွင်းပိုင်းအထိ ဝင်ရောက်သူ ၄၃၄၃၀ ရှိခဲ့ပြီး ဗီဇာဖြင့် လာရောက်လာသူ စုစုပေါင်း ၁၁၃၄၇၁၃ ဦးရှိခဲ့သည်။

၂၀၁၇ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ လေကြောင်းခရီးဖြင့် လာရောက်သူ ၁၁၇၈၅၉၂ ဦး၊ ရေကြောင်းဖြင့် လာရောက်သူ ၆၈၄၉ ဦးနှင့် နယ်စပ်ဝင်ပေါက်များမှ အတွင်းပိုင်းအထိ ဝင်ရောက်သူ ၃၅၈၃၈ ဦး စုစုပေါင်း ဗီဇာဖြင့် ဝင်ရောက်သူ ၁၂၂၁၂၇၉ ဦးရှိခဲ့၍ ယခင်နှစ် နိုဝင်ဘာလအထိနှင့် ယခုနှစ် နိုဝင်ဘာလအထိ ဗီဇာဖြင့် ပြည်ပဧည့်သည် ဝင်ရောက်မှုမှာ ရှစ်ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် နယ်စပ်ဝင်ပေါက်များမှ ဝင်ထွက်သွားလာသူများအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ၁၄၈၁၀၃၀ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဧပြီလမှ နိုဝင်ဘာလအထိ ၁၉၀၅၁၇၁ ဦးအထိ တိုးတက်များပြားလာခဲ့သည်။

သို့ပါ၍ မြန်မာနိုင်ငံသို့ ပြည်ပဧည့်ဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ ၂၆၁၅၇၄၃ ဦးနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ ၃၁၂၆၄၅၀ ရှိခဲ့ရာ အားလုံးဝင်ရောက်မှုအနေဖြင့် ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၆၅၀၀ | - | ၉၃၆၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၆၅၀၀ | - | ၉၃၆၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၀၀ ကျပ်၊ | ၈၄၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၃၀/၈၄၅ ကျပ်၊ | ၉၂၀/၉၂၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၇၀/၈၇၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၅/၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၈၅/၈၀၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၇၅၀/၇၅၅ ကျပ်

***၂၆-၁၂-၂၀၁၇ ရက်နေ့မှ ၂၉-၁၂-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၃၉ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၆၂ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၇၆ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၈၇ ကျပ် ဖြစ်ပါသည်။***

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၁. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၃၅. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၁၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၈၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၆. ၃၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၇၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၈. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၅၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၂. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၈. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရေး ကြီးကြပ်ရေးအဖွဲ့များ သင်တန်းဖွင့်

**ကလေး ဇန်နဝါရီ ၂**

ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရေး ကြီးကြပ်ရေးအဖွဲ့များ သင်တန်းအမှတ်စဉ် (၁/၂၀၁၈ )ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီခွဲက ကလေးမြို့နယ် မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်ဆောင်ရွက်နိုင်ရေးကို အကောင်းဆုံး စီမံကွပ်ကဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀ မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဂျိုးနက်**




ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✱ ရှေ့ဖုံးမှ
တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ယခုကဲ့သို့ တိုင်းဒေသကြီး၊ နေပြည်တော်အဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြီး ဒေသခံပြည်သူများ၏ အသံကို ထင်ဟပ်သည့် ဆွေးနွေးချက်များကို မူဝါဒအဖြစ် စုစည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်သွင်းနိုင်မည်ဆိုပါက လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးကို ပါဝင်သင့်သူ အားလုံးပါဝင်နိုင်ရန် နိုင်ငံရေးဆွေးနွေးပွဲများတွင် အနာဂတ် မျိုးဆက်သစ်များအတွက် ရေရှည်အရေး မြော်တွေး၍ မေတ္တာတရားကိုအခြေခံသည့် ရိုးသားစာနာမှုများနှင့်အတူ စိတ်ရှည်သည်းခံဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းရေးကောင်းမွေကို လက်ဆင့်ကမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ယခုဆွေးနွေးပွဲမှ ပိုမိုကောင်းမွန်သည့် အဖြေများရရှိစေနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၏ အလုပ်အဖွဲ့ ခေါင်းဆောင် ဦးနိုင်ငံလင်းနှင့် ပြည်ထောင်စုအဆင့်အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF) ဝင်များ ကိုယ်စား ကော်မတီဝင် ဦးနော်ထွဲတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖိုရမ်ကိုစတင်ကျင်းပရာ ပြည်ထောင်စုအဆင့်အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF) ဝင် စောကျော်စွာက ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF)ဝင် ဦးအောင်မိုင်းဆန်းက ကော်မတီ၏ လုပ်ငန်းအဆင့်ဆင့်နှင့် မူဝါဒစာတမ်းထွက်ပေါ်လာစေရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဖက်ဒရယ်အခြေခံမူဝါဒဆိုင်ရာ အကြံပြုစာတမ်းနှင့် ပြန်လည် နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဝါဒအကြံပြုစာတမ်းတို့ကို ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF) သို့ အပ်နှံခြင်းကို ဆောင်ရွက်ကြပြီး အဆိုပါစာတမ်းများကို ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်များက ဖတ်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် အရပ်ဘက် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီဝင် ဦးကျော်ဇင်နှင့် ဆွေသဟာတို့က လိုအပ်သော စီမံရေးရာနှင့် ဘဏ္ဍာရေးရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကြပြီး ဖိုရမ်ပထမနေ့ကို ရပ်နားလိုက်သည်။

အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်သည့် CSO Forum မှတစ်ဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု ကျင်းပရေးပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီသို့ တင်သွင်းရမည့် စာတမ်းနှစ်စောင်ကို နိုင်ငံတစ်ဝန်းရှိ အရပ်ဘက် အဖွဲ့အစည်းများ စုပေါင်း၍ စုစည်းရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုတိုးမြှင့်လာစေရန်၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုတိုးချဲ့နိုင်ရန်၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုဖြစ်စဉ်တွင် အရပ်ဘက် အဖွဲ့အစည်းများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ပူးတွဲကော်မတီအကြား ပိုမိုနားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှု တိုးမြှင့်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီး ငွေကျပ် ၅၅၄၄၈၀ ဒသမ ၈၃၂ သန်း ထုတ်ချေး

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံတွင် ယနေ့အထိ ဖွဲ့စည်းပြီး သမဝါယမအသင်းပေါင်း ၄၀၀၀၀ ကျော်က လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အမှန်တကယ် ထိထိရောက်ရောက် လုပ်ဆောင်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း သမဝါယမလုပ်ငန်းများ၏ အနှစ်သာရများ၊ စုပေါင်းဆောင်ရွက်မှု၏ အားသာချက်များကို အသင်းသား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိအောင် သတင်းမီဒီယာများတွင် ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၁၆) ၌ ကျင်းပသည့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစား အရင်းအနှီး ထုတ်ချေးပေးခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျ ငွေပေးချေစနစ် (Hire Purchase System) ဖြင့် သမဝါယမအသင်းပေါင်း ၈၂၃ သင်း၊ အသင်းသားတောင်သူ ၅၂၉၀ သို့ ငွေကျပ် ၃၈ ဒသမ ၇၆၇ ဘီလီယံရှိစက်ကိရိယာ ၅၆၁၃ စီးကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးထားပြီး ဖြစ်သကဲ့သို့ စနစ်တကျ စက်မှုလယ်ယာမြေ အဆင့်မြှင့်တင်ဖော်ထုတ်ပေးခြင်း အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မူလလျာထားသည့် ၂၉၀၀၁ ဧကမှ ယနေ့အထိ ၉၆၀၅ ဧက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီ ကျန်ရှိသည့် ၁၉၃၉၆ ဧကကို ပွင့်လင်းရာသီတွင် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။

ယနေ့ အခမ်းအနားတွင် သမဝါယမအသင်းသား တောင်သူလယ်သမားများအား ဆက်လက်ထုတ်ချေးပေးနိုင်ရန်အတွက် တိုင်းဒေသကြီး၊ပြည်နယ် သမဝါယမအသင်းစုချုပ် ၁၅ သင်းသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ် ၅၃၅၉၈၁ ဒသမ ၆၉၃ သန်း၊ Hire Purchase စနစ်ဖြင့် စက်ကိရိယာများရောင်းချပေးမှု ငွေကျပ် ၇၇၂၅ ဒသမ ၁၇၁ သန်း၊ လယ်ယာမြေ ၂၉၀၀၁ ဒသမ ၇၉ ဧက အဆင့်မြှင့်တင်ခြင်းအတွက် ငွေကျပ် ၈၃၂၀ ဒသမ ၁၆၈ သန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်း ၈၉ သင်း၊ စိုက်ပျိုးဧက ၈၁၇၆ ဧကအတွက် ငွေကျပ် ၂၄၅၂ ဒသမ ၈ သန်း စုစုပေါင်းငွေကျပ် ၅၅၄၄၈၀ ဒသမ ၈၃၂ သန်းကို ထုတ်ချေးပေးခဲ့ကြောင်းနှင့် အဆိုပါချေးငွေများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ထံမှ ချေးငွေများအား စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်းများသို့ နဝမအကြိမ်မြောက်အဖြစ် အသေးစား အရင်းအနှီးထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နှုတ်ဆက်ကြပါ နှစ်သစ်ခါ

လွှန်ခဲ့ပြန်ပြီ ရာသီရဟတ်
တစ်ပတ်ပြည့်လည် နှစ်ဟောင်းကွယ်ချိန်
နှစ်ကူးချိန်ကျ နှစ်သစ်စတော့
နှုတ်ဆက်ကြမည် နှုတ်ဆက်မည်…
လောဘတရား နှတ်လို့ထားခဲ့
ဆက်လက်သယ်ဆောင် လောကီဘောင်ဝယ်
ပယ်လေလောဘ နှတ်သမျှမှာ
ဆက်နိုင်လာရ အလောဘ…
ဒေါသတရား နှတ်လို့ထားခဲ့
ဆက်လက်သယ်ဆောင် လောကီဘောင်ဝယ်
ပယ်လေဒေါသ နှတ်သမျှမှာ
ဆက်နိုင်လာရ အဒေါသ…
မောဟတရား နှတ်လို့ထားခဲ့
ဆက်လက်သယ်ဆောင် လောကီဘောင်ဝယ်
ပယ်လေမောဟ နှတ်သမျှမှာ
ဆက်နိုင်လာရ အမောဟ…
လောဘတရား လွှန်ကြီးထွားက
မပြုဒါန ရသမျှကို
သိမ်းဆည်းသိုလှောင် လုံခြုံအောင်ပင်
ပိုင်ဆိုင်ချင်လှ မဝေငှ…
ဒေါသတရား လွှန်ကြီးထွားက
ကွယ်ကြမေတ္တာ သူသူငါဝယ်
သုံးသွယ်သောကံ ပြုရဲပြန်ကြ
ဝန်လေးလှဘိ သတ်ဖြတ်၏
မောဟတရား လွှန်ကြီးထွားက
ကွယ်ကြပညာ သိနိုင်ရာဘူး
တရားထူးလည်း အစဉ်လွဲပေ
ဖြစ်ပျက်ထွေအား အမြင်မှား…
ထို့ကြောင့်သာပင် နှစ်ဟောင်းစဉ်က
လောဘ ဒေါသ ရှိမောဟအား
'နှတ်'လို့ထားကာ 'ဆက်'ရန်မှာကား
ဒါန မေတ္တာ ဉာဏ်ပညာ…
နှုတ်ဆက်ပါလေ ဆွေသဟာ…
ထူးခြားရှင်သာ နှစ်သစ်ခါ…

မောင်အေးချမ်း(တောင်ကြီး)

# ကိုယ့်နိုင်ငံက တီထွင်နိုင်တဲ့ နည်းပညာကိုပိုင်ဆိုင်မှ နိုင်ငံက တိုးတက်မှာ၊ ဒါကြောင့် နောက်လာမယ့်လူငယ်တွေက သူများထွင်တာကို သုံးဖို့ထက် ကိုယ်တိုင်ထွင်နိုင်ဖို့ ကြိုးစားရမယ်

မောင်မင်းခန့်လင်း

***မလေးရှားနိုင်ငံ Cyber Java Selangar ၌ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် ASEAN Makerthon 2017 Competition တွင် အာဆီယံနိုင်ငံများအပါအဝင် တရုတ်နှင့် ကိုရီးယားနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံက ဒုတိယဆုရရှိခဲ့သည်။ မြန်မာလူငယ်များ၊ ကျောင်းသား ကျောင်းသူများ အားကျအတုယူနိုင်ကြစေရန် ဆုရရှိခဲ့ကြသူ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (UIT) ပဉ္စမနှစ်ကျောင်းသား မောင်မင်းခန့်လင်း၊ မောင်ပြည့်ဖြိုးပိုင်တို့ကို တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-***

**မေး။ ။ သွားခဲ့တဲ့နိုင်ငံနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲအကြောင်းကို သိချင်ပါတယ်။**

**မောင်မင်းခန့်လင်း** ။ ။ ကျွန်တော်တို့ သွားရောက်ခဲ့တဲ့ပြိုင်ပွဲကတော့ မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ ASEAN Makerthon 2017 ကို ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်၊ အချိန် ၂၈ နာရီအတွင်းမှာ သူတို့ပေးတဲ့ ခေါင်းစဉ်အောက်က Product တစ်ခုကို ထုတ်လုပ်ခိုင်းတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။

**မေး။ ။ မလေးရှားနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ဖို့ကို ဒီနိုင်ငံမှာ ပဏာမအနေနဲ့ ဘယ်လို ရွေးချယ်ခဲ့တယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**မောင်ပြည့်ဖြိုးပိုင်** ။ ။ ဒီပြိုင်ပွဲအကြောင်းကို ကျွန်တော်တို့ကျောင်းမှာ ဆရာမက ပြောပြခဲ့တာပါ၊ မလေးရှားနိုင်ငံက ဦးဆောင်ပြီး အာဆီယံနိုင်ငံတွေအပါအဝင် တရုတ်နဲ့ ကိုရီးယားတို့ ပါဝင်ပါတယ်၊ မလေးရှားနိုင်ငံက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကို ဆက်သွယ်တယ်၊ အဲဒီကတစ်ဆင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ နည်းပညာတက္ကသိုလ်တွေကို အကြောင်းကြားတာဖြစ်ပါတယ်၊ နည်းပညာတက္ကသိုလ်တွေက အဖွဲ့တွေနဲ့ ပြည်တွင်းပြိုင်ပွဲလေးတွေ လုပ်ပါတယ်၊ သုံးယောက်အဖွဲ့က ငါးဖွဲ့၊ နှစ်ယောက်အဖွဲ့က သုံးဖွဲ့လောက်ပါတယ်၊ ကိုယ်ရဲ့ စိတ်ကူး၊ ပရောဂျက်ကို အရင် Presentation လုပ်ခိုင်းပါတယ်၊ အမှတ်ပေးပြီး ပထမ၊ ဒုတိယ နှစ်သင်းရွေးတယ်၊ UCSY က သုံးယောက်တစ်ဖွဲ့နဲ့ UIT က နှစ်ယောက်တစ်ဖွဲ့၊ ပထမနဲ့ ဒုတိယကို မလေးရှားနိုင်ငံကို စေလွှတ်တာ ဖြစ်ပါတယ်။

**မေး။ ။ မလေးရှားနိုင်ငံမှာ ယှဉ်ပြိုင်ဖြစ်ခဲ့ပုံကို ရှင်းပြပေးပါ။**

**မောင်ပြည့်ဖြိုးပိုင်** ။ ။ ASEAN Makerthon လို့ ခေါင်းစဉ်တပ်ထားပေမယ့် အာဆီယံနိုင်ငံတွေအပြင် တရုတ်နဲ့ တောင်ကိုရီးယားကိုလည်း ဧည့်သည်အနေနဲ့ ဖိတ်ခေါ်ပြိုင်ပွဲဝင်ခိုင်းခဲ့ပါတယ်၊ အာဆီယံနိုင်ငံတွေထဲမှာ လာအိုနိုင်ငံကတော့ လေ့လာရေးအနေနဲ့ပဲ လာရောက်ခဲ့တာဆိုတော့ ၁၁ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။

**မေး။ ။ ဆုတွေကို ဘယ်နိုင်ငံတွေက ရခဲ့တာလဲ။**

**မောင်မင်းခန့်လင်း** ။ ။ အဓိက သူတို့ပေးတဲ့ ခေါင်းစဉ်ကတော့ Internet of Things (IOT) အင်တာနက်နဲ့ ချိတ်ဆက်ပြီး သုံးလို့ရတဲ့ ပစ္စည်းတစ်ခု လုပ်ခိုင်းပါတယ်၊ Agriculture၊ Health Care နဲ့ Smart City ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ယှဉ်ပြိုင်ရတာဖြစ်ပါတယ်၊ ကျွန်တော်တို့က Smart City ကို ရွေးချယ်ခဲ့တာပါ၊ Smart City ဆိုတာ နိုင်ငံတကာမှာတော့ အသုံးဝင်နေတယ်၊ ဒီမှာတော့ သိပ်ပြီးသုံးလေ့မရှိသေးဘူး၊ တချို့နေရာတွေမှာ အိမ်ရာအကြီးတွေ၊ ကွန်ဒိုတွေမှာ ကားတစ်စီးဝင်သွားတယ်၊ ID တစ်ကတ်ပေးတယ်၊ ဝင်ချိန်၊ ထွက်ချိန်မှတ်ထားတယ်၊ လူအစောင့်ထားစရာမလိုဘူး၊ အဲဒီပုံစံနဲ့ သဘောတရားတူတယ်၊ ကျွန်တော်တို့ အခုပရောဂျက် Smart Home မှာဆိုရင် ပြတင်းပေါက်တွေ ဖွင့်တာ၊ ပိတ်တာမျိုးကို ကိုယ်တိုင်လုပ်စရာ မလိုတော့ဘူး၊ Smart Home System Control ကို သုံးမယ်ဆိုရင် တစ်ကမ္ဘာလုံး ဘယ်ကိုရောက်နေပါစေ၊ အင်တာနက်ရှိမယ်ဆိုရင် ဖုန်းကနေတစ်ဆင့် မက်ဆေ့လှမ်းပို့ပြီး ဖွင့်ချင်တယ်၊ ပိတ်ချင်တယ်၊ မီးအဖွင့်အပိတ်၊ တံခါး၊ ခန်းဆီးလိုက်ကာ၊ အဲကွန်းအဖွင့်အပိတ်တွေကို ထိန်းချုပ်လို့ရတယ်၊ အိမ်ရဲ့ အပူချိန်၊ စိုထိုင်းဆတွေကိုလည်း ဖုန်းကနေ လှမ်းကြည့်လို့ရတယ်၊ မီးလောင်နိုင်လောက်တဲ့ အပူချိန်မျိုးရှိတယ်ဆိုရင် အဲဒီဖုန်းကနေ မက်ဆေ့လှမ်းပို့နိုင်ပါတယ်၊ အဲဒီလို Functions မျိုးတွေ ထည့်ထားတယ်။

ပထမဆုကို တရုတ်နိုင်ငံက ရရှိသွားခဲ့တာဖြစ်ပါတယ်၊ သူတို့က ဟင်းသီးဟင်းရွက်တွေကို အွန်လိုင်းက ဝယ်ရင် လတ်၊ မလတ် မသိရဘူး၊ အဲဒီလိုဖြစ်တာကို ကာကွယ်တဲ့အနေနဲ့ ရေခဲပုံးတွေမှာ Sensor တွေတပ်ပြီး ဒီဟင်းသီးဟင်းရွက်တွေက အအေးချိန်နဲ့ ဘယ်လောက်ကြာရင် လတ်ဆတ်မှု ဘယ်လောက်ရှိတယ်၊ မှာလိုက်မယ်ဆိုရင် ဘယ်လောက်ကြာမယ်၊ လတ်ဆတ်မှုဘယ်လောက်ရှိမယ်ဆိုတာကိုတွက်ချက်ပြီး အင်တာနက်စာမျက်နှာမှာ တစ်ခါတည်း တင်ပေးထားတယ်၊ သူတို့က အဲဒီ System နဲ့ပြိုင်တာဖြစ်ပါတယ်၊ ဒုတိယကို ကျွန်တော်တို့ မြန်မာနဲ့ တတိယကို အိမ်ရှင် မလေးရှားနိုင်ငံက ရပါတယ်၊ သူတို့ကတော့ အပင်တွေ၊ အဖူးတွေ၊ အပွင့်တွေကို ဒရုန်းနဲ့ အပေါ်ကနေ ကင်မရာနဲ့ ရိုက်တယ်၊ လူမထားတော့ဘူး၊ အဖူးဘယ်နှခုရှိတယ်၊ နောက်နေ့မှာ အရောင်ဘယ်လို ပြောင်းသွားတယ်၊ Image Processing နဲ့ ဖမ်းထားတယ်၊ အပွင့်တွေနည်းနေရင် ရေလောင်းမယ်၊ မြေဩဇာကျွေးမယ်၊ အဲဒီလိုစနစ်နဲ့ ထည့်ရေးထားတယ်၊ ကားအသေးလေးနဲ့ လူကိုယ်တိုင် လျှောက်ကြည့်စရာမလိုတော့ဘူး၊ ဒရုန်းကနေ စိုက်ကွင်းတစ်ခုလုံးကို ထိုင်လျက်နဲ့ ကြည့်နိုင်အောင် လုပ်ထားတယ်။

**မေး။ ။ ပြိုင်ပွဲအတွက် ဘယ်လိုတွေ ပြင်ဆင်သွားခဲ့တာလဲ ဆိုတာကိုလည်း ရှင်းပြပေးပါဦး။**

**မောင်ပြည့်ဖြိုးပိုင်** ။ ။ ဒီပြိုင်ပွဲမဝင်ခင်မှာ ကျွန်တော်တို့ ကျောင်းတွင်းပြိုင်ပွဲတစ်ခုရှိခဲ့တယ်၊ UIT Open Compus ပေါ့၊ အဲဒီမှာလည်း ကျွန်တော်တို့က ပရောဂျက်လေးတွေလုပ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်ဆိုတော့ အဲဒီက အတွေ့အကြုံတွေလည်း ရှိပါတယ်၊ ကျွန်တော်တို့ အနေနဲ့က ကိုယ်လုပ်ထားတဲ့ အတွေ့အကြုံနဲ့ပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ ပြိုင်ပွဲအတွက် ပစ္စည်းတွေ၊ ဘယ်လိုတွေ ပြင်ဆင်ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း သိချင်ပါတယ်။**

**မောင်မင်းခန့်လင်း** ။ ။ အဲဒီပြိုင်ပွဲအတွက် ကိုယ်လိုမယ်ထင်တဲ့ ပစ္စည်းတွေကို ကြိုတင်ပြီး ဝယ်လာခိုင်းပါတယ်၊ ဒီဇိုင်းတွေ၊ စိတ်ကူးတွေလည်း စဉ်းစားခိုင်းပါတယ်၊ ကျွန်တော်တို့က ဒီမှာ အဲဒီပရောဂျက်ကလုပ်လက်စ၊ အရင် Open Compus မှာ ပြဖူးတယ်၊ အဲဒီဒီဇိုင်းကိုပဲ အထဲမှာ Circuit တွေ ပြန်ပြင်တယ်၊ အာဆီယံအဆင့် သွားပြိုင်ရမယ်ဆိုတော့ ပြန်စဉ်းစားတယ်၊ ဟိုမှာ သူတို့ ထောက်ပံ့ပေးတဲ့ ပစ္စည်းတွေရှိသလို လိုတဲ့ပစ္စည်းတွေကို ဒီကနေ ထပ်ဝယ်သွားတယ်၊ အိမ်ပုံစံလေး ဆောက်လုပ်တယ်။

**မေး။ ။ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲရှိရင်လည်း ပြောပြပေးပါဦး။**

**မောင်ပြည့်ဖြိုးပိုင်** ။ ။ သူတို့က အချိန် ၂၈ နာရီအတွင်းမှာပဲ ဆောင်ရွက်တာ ဖြစ်စေချင်တယ်၊ ပစ္စည်းတွေ ကြိုဝယ်လာလို့ ရတယ်ဆိုပေမယ့်လည်း ကြိုဆင်လာတာတို့၊ အိမ်တန်းဆောက်လာတာတို့တော့ မရပါဘူး၊ အဓိက အခက်အခဲက ပေးတဲ့ပစ္စည်းတွေမှာ ကျွန်တော်တို့ လိုအပ်တဲ့ပစ္စည်း မရှိတာမျိုးတွေ ဖြစ်တတ်တယ်၊ အဲဒီလို မရှိလို့ ကျွန်တော်တို့ ပရောဂျက်မှာ မထည့်လိုက်ရတာတွေလည်း ရှိခဲ့တယ်၊ အဲဒီတော့ လိုတာကို ကျွန်တော်တို့ ဒီမှာကတည်းက ကြိုစဉ်းစားမှုရမယ်၊ တချို့ပစ္စည်းတွေဆိုရင် ကျွန်တော်တို့ ပျက်သွားတာမျိုးတွေ ရှိတယ်၊ အဲဒီအခါ ဘယ်လို ပြန်ပြီးအစားထိုးမလဲ၊ ဘယ်လိုလုပ်လို့ ရနိုင်မလဲဆိုတာ စဉ်းစားရတာတွေ ရှိတယ်၊ အဲဒီလို အခက်အခဲတွေတော့ရှိတယ်၊ ဒီမှာ ကျွန်တော်တို့ သုံးထားတဲ့စက်နဲ့ သူတို့ ထောက်ပံ့ပေးတဲ့ပစ္စည်းတွေနဲ့ မကိုက်တာတို့ အဲဒီလိုအခက်အခဲတွေတော့ရှိပါတယ်။

**မေး။ ။ ဒီလိုပြိုင်ပွဲတွေကနေ မိမိအတွက်၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်၊ နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိခဲ့ပါသလဲ။**

**မောင်မင်းခန့်လင်း** ။ ။ အဓိကရတဲ့အကျိုးကျေးဇူးက အာဆီယံအဆင့်တွေက လာပြိုင်တယ်ဆိုတော့ သူတို့နိုင်ငံတွေက ဘယ်လိုနည်းပညာတွေနဲ့ လာပြိုင်သလဲ၊ သူတို့နိုင်ငံတွေက နည်းပညာအဆင့်အတန်းကို သိရပါတယ်၊ ကိုယ့်နိုင်ငံနဲ့ ဘယ်လောက်ကွာသလဲ ယှဉ်ကြည့်လို့ရတယ်၊ သူတို့ဆီမှာ ဘယ်လောက်ဖွံ့ဖြိုးတိုးတက်နေသလဲ၊ တရုတ်နိုင်ငံက ကျောင်းသားတွေဆိုရင် နည်းပညာအပိုင်းမှာ တကယ့်ကို ပရော်ဖက်ရှင်နယ် အဆင့်နီးပါးလောက်ကို ဖြစ်နေတယ်၊ သူတို့သုံးတဲ့ Device အချို့ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြင်တောင် မမြင်ဖူးဘူးဆိုတော့ အခြားနိုင်ငံက နည်းပညာတွေကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။

**မောင်ပြည့်ဖြိုးပိုင်** ။ ။ ပထမဆုံးအနေနဲ့ကတော့ ကိုယ်တိုင် အကျိုးရှိပါတယ်၊ နိုင်ငံခြားသွားရတယ်၊ သူများတွေ ဘယ်လိုလုပ်သလဲ သိနိုင်ပါတယ်၊ အခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်သလဲ၊ ကိုယ်က ဘယ်အဆင့်လောက်ရှိနိုင်မလဲ၊ အခြားနိုင်ငံတွေက နည်းပညာတွေကို လေ့လာခွင့်ရတယ်၊ အတွေ့အကြုံတွေ အများကြီးရပါတယ်။

**မေး။ ။ ရှေ့ဆက်လက်ပြီးတော့ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာလည်း သိရှိလိုပါတယ်။**

**မောင်မင်းခန့်လင်း** ။ ။ ကျွန်တော်တို့ အခုလိုပြိုင်ပွဲတွေဝင်ပြိုင်တယ်၊ ဆုတွေရတယ်ဆိုတော့ ကျွန်တော်တို့ ယုံကြည်မှုတွေ ပိုရှိလာပါတယ်၊ ရှေ့ဆက်ဖို့လည်း အားအင်ပိုဖြစ်လာပါတယ်၊ နောက်ပိုင်းလည်း အဲဒီလိုပြိုင်ပွဲတွေက နှစ်တိုင်းရှိနေမှာပါ၊ မြန်မာနိုင်ငံမှာလည်း နည်းပညာနဲ့ ပတ်သက်တဲ့ပြိုင်ပွဲတွေကို ကျောင်းတိုင်းက ဝင်ပြိုင်ဖို့ တိုက်တွန်းလာကြပြီ၊ တက်ကြွလာကြပြီဆိုတော့ တိုးတက်ဖို့ အခြေအနေပေးနေပါပြီ၊ နိုင်ငံတော်ကလည်း အခုလို ဆုရတဲ့ကျောင်းသားလူငယ်တွေကို ဆုတွေပေးတယ်ဆိုတော့ ကျွန်တော်တို့လည်း ကြိုးစားဖို့ အားတွေရှိလာပါပြီ။

**မောင်ပြည့်ဖြိုးပိုင်** ။ ။ ကျွန်တော်တို့ အခုလို ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ကြည့်တယ်၊ ပထမဆုံးပြိုင်ပွဲဆိုတော့ နည်းနည်းတော့ အခက်အခဲရှိပါတယ်၊ အတွေ့အကြုံရအောင်ဆိုပြီး ဝင်ပြိုင်ကြည့်တယ်၊ ပြည်တွင်းပြိုင်ပွဲလေးတွေမှာ အတွေ့အကြုံတွေစုစုပြီး အခုလို နိုင်ငံတကာပွဲတွေမှာ သွားပြိုင်တဲ့အခါ အများကြီးအထောက်အကူရပါတယ်။

စာမျက်နှာ ၅ သို့

> ဆုတွေ ရတယ်ဆိုတော့ ကျွန်တော်တို့ ယုံကြည်မှုတွေ ပိုရှိလာပါတယ်၊ ရှေ့ဆက်ဖို့လည်း အားအင် ပိုဖြစ်လာပါတယ်၊ နောက်ပိုင်းလည်း အဲဒီလိုပြိုင်ပွဲတွေက နှစ်တိုင်းရှိနေမှာပါ၊ မြန်မာနိုင်ငံမှာလည်း နည်းပညာနဲ့ ပတ်သက်တဲ့ပြိုင်ပွဲတွေကို ကျောင်းတိုင်းက ဝင်ပြိုင်ဖို့ တိုက်တွန်းလာကြပြီ၊ တက်ကြွလာကြပြီဆိုတော့ တိုးတက်ဖို့ အခြေအနေပေးနေပါပြီ၊ နိုင်ငံတော်ကလည်း အခုလို ဆုရတဲ့ ကျောင်းသားလူငယ်တွေကို ဆုတွေပေးတယ်ဆိုတော့ ကျွန်တော်တို့လည်း ကြိုးစားဖို့ အားတွေ ရှိလာပါပြီ



Asean Makerthon 2017 ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။




ပြင်ဆင်အပြီး Judge များကို ပြသရန် အသင့်ပြင်ထားစဉ်။



Asean Makerthon 2017 ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။

❂ စာမျက်နှာ ၄ မှ

**မေး။ ။ အခုလို နိုင်ငံတကာပွဲတွေ ဝင်ပြိုင်တဲ့အခါ အရေးကြီးဆုံးအချက်က ဘာဖြစ်မယ်ထင်ပါသလဲ။**

**မောင်မင်းခန့်လင်း** ။ ။ အရင်တုန်းက ကွန်ပျူတာအကြောင်း၊ နည်းပညာအကြောင်းလို့ ပြောလိုက်ရင် လူတွေက ဘာမှန်းမသိကြဘူး၊ အခုလို ပြပွဲ၊ ပြိုင်ပွဲတွေ လုပ်တယ်ဆိုတော့ လူငယ်တွေက နည်းပညာဆိုတာ ဘာလဲဆိုတာ သိလာကြတယ်၊ အရင်တုန်းကဆိုရင် သူများနိုင်ငံက တီထွင်တာကို ကျွန်တော်တို့ ယူသုံးနေရတယ်၊ ကိုယ့်နိုင်ငံက တီထွင်နိုင်တဲ့ နည်းပညာကိုပိုင်ဆိုင်မှ နိုင်ငံက တိုးတက်မှာ၊ ဒါကြောင့် နောက်လာမယ့် လူငယ်တွေက သူများထွင်တာကို သုံးဖို့ထက် ကိုယ်တိုင်ထွင်နိုင်ဖို့ ကြိုးစားရမယ်။

**မောင်ပြည့်ဖြိုးပိုင်** ။ ။ နိုင်ငံခြားမှာ သွားပြိုင်ဖို့ဆိုရင် အရင်ဆုံး ကိုယ့်ဝမ်းစာကို အရင်ဖြည့်ရမယ်၊ ပြည်တွင်းပြိုင်ပွဲတွေမှာ ဝင်ပြိုင်၊ အတွေ့အကြုံစုပေါ့၊ ပြီးရင် အင်္ဂလိပ်စာတို့ ၊ Presentation Skill တို့ကလည်း လိုအပ်ပါတယ်၊ လေ့လာထားရပါမယ်၊ ကိုယ်တီထွင်ထားပေမယ့်လည်း ကိုယ်လုပ်ထားတာကို ကုန်အောင် မပြောနိုင်ဘူးဆိုရင် အများနားလည်မှာ၊ သိမှာ မဟုတ်ပါဘူး။

**မောင်မင်းခန့်လင်း** ။ ။ အခုပြိုင်ပွဲမှာဆိုရင် Presentation




First Runner Up ဆုယူအပြီး အမှတ်တရဓာတ်ပုံရိုက်နေစဉ်။

လုပ်ဖို့ကို သူတို့က သုံးမိနစ်ပဲ အချိန်ပေးတယ်၊ သုံးမိနစ်အတွင်းမှာ ကုန်အောင်ပြောနိုင်ရမယ်၊ အဲဒီမှာ ပထမဆုရသွားတဲ့ တရုတ်နိုင်ငံက သုံးယောက်အဖွဲ့ဆိုရင် တစ်ယောက်က ကောင်မလေး၊ အဲဒီကောင်မလေးက Presentation ပြောဖို့ သီးသန့် ပြင်ဆင်လာတယ်၊ ပြီးတော့ အင်္ဂလိပ်လိုပြောတာလည်း တော်တော်ကျွမ်းကျင်တယ်၊ ကျန်တဲ့ယောကျ်ားလေး နှစ်ယောက်က ဒီဇိုင်းတွေ ဆွဲတယ်၊ Circuit တွေ ဆင်တယ်၊ သူတို့က လူညီကြတယ်၊ ဒီဇိုင်းပိုင်းတစ်ယောက်၊ Circuit ပိုင်းတစ်ယောက်၊ Presentation လုပ်ဖို့ တစ်ယောက် လူစုပြီးလာကြတာတော့ သူတို့က ပြည့်စုံသွားတာပေါ့။

**မေး။ ။ နောက်နှစ်တွေမှာ ဝင်ပြိုင်မယ့် ညီငယ်၊ ညီမငယ်တွေကို ဘာများ အကြံပြုပြောချင်ပါသလဲ။**

**မောင်မင်းခန့်လင်း** ။ ။ ကျွန်တော်တို့ နှစ်ယောက်ဆိုရင် Circuit ပိုင်းက နှစ်ယောက်ပေါ့၊ အဲဒီလို မဟုတ်ဘဲနဲ့ ဒီဇိုင်းကျွမ်းကျင်တဲ့သူ၊ Circuit ကျွမ်းကျင်တဲ့သူ၊ Presentation ကျွမ်းကျင်တဲ့သူတွေ စုပြီး အသင်းဖွဲ့ဖို့ တိုက်တွန်းချင်တယ်၊ အဲဒါမှ Perfect ဖြစ်မှာပေါ့။

**မောင်ပြည့်ဖြိုးပိုင်** ။ ။ သက်ဆိုင်ရာ နယ်ပယ်တစ်ခုခုမှာ ကျွမ်းကျင်တဲ့သူတွေ စုမယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေပါမယ်၊ ကိုယ်လုပ်မယ့် ပရောဂျက်မှာ လိုအပ်မယ့်ပစ္စည်းတွေကိုလည်း သေချာစဉ်းစားပြင်ဆင်သွားဖို့ လိုပါတယ်၊ ကိုယ့်နိုင်ငံမဟုတ်တော့ ဘယ်နေရာ ဘာဝယ်ရမယ်ဆိုတာ မသိဘူးပေါ့၊ ဥပမာ ကျွန်တော် Sensor တစ်ခုပျက်သွားတယ်၊ သူတို့ဆီက Sensor က ကျွန်တော်တို့နဲ့ မကိုက်ဘူးဖြစ်နေတယ်၊ ကံကောင်းတာက အပိုတစ်ခုပါလာတယ်၊ အဲဒီလိုမှ မဟုတ်ရင် ကျွန်တော်တို့ ဝင်ပြိုင်တဲ့ အိမ်မှာ အပူချိန်တိုင်းတဲ့ ကိရိယာတစ်ခုလျော့သွားပြီး အပူချိန်ကို မသိတော့ဘူး ဖြစ်မှာပေါ့၊ အဓိက ပြောချင်တာက ကိုယ်လိုအပ်မယ့်ပစ္စည်းတွေကို ပိုပိုသာသာယူသွားဖို့ အကြံပြုချင်ပါတယ်။

**မေး။ ။ မျိုးဆက်သစ် လူငယ်မောင်မယ်တွေကို စကားလက်ဆောင်ပါးပေးပါဦး။**

**မောင်မင်းခန့်လင်း** ။ ။ မျိုးဆက်သစ် လူငယ် မောင်မယ်တွေကို ပြောချင်တဲ့စကားက ကြိုးစားကြပါ၊ ကြိုးစားမှလည်း နိုင်ငံက တိုးတက်မှာပါ၊ အခုခေတ်မှာ တော်တော်များများက တက္ကသိုလ်ရွေးမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းကို ကြည့်တာများကြတယ်၊ ကျွန်တော်တို့ မေဂျာ Circuit ပိုင်းက ဒီနိုင်ငံမှာ မဖွံ့ဖြိုးသေးဘူးပေါ့၊ ကျောင်းသားတွေ တော်တော်များများက ဒီမေဂျာကို ယူလိုက်ရင် အဆင်ပြေပါ့မလား၊ အလုပ်အကိုင်ရော ရပါ့မလား တွေးကြတယ်၊ ကိုယ်သာတော်ရင် အလုပ်က ကိုယ့်ဆီရောက်လာမှာပါလို့ ပြောချင်ပါတယ်။

**မောင်ပြည့်ဖြိုးပိုင်** ။ ။ ကျွန်တော့်အနေနဲ့ပြောချင်တာက မွေးကတည်းက တော်လာတယ်ဆိုတာ ဘယ်သူမှ မရှိပါဘူး၊ ကျွန်တော်တို့အနေနဲ့လည်း ထူးချွန်တယ်လို့သာ အများသတ်မှတ်နေပေမယ့် ကိုယ့်ကိုယ်ကိုယ် အဲဒီလို မယူဆထားပါဘူး၊ ကျွန်တော်တို့ လေ့လာစရာတွေ၊ လုပ်စရာတွေ အများကြီး ရှိပါသေးတယ်၊ နည်းပညာဆိုတာ ရပ်နေတာမဟုတ်ဘူး၊ အမြဲတမ်းသွားနေတာဆိုတော့ လိုက်နေရမှာပါ၊ အဓိကကတော့ ကြိုးစားဖို့၊ ကိုယ်စိတ်ဝင်စားတာကို ပိုင်နိုင်သေချာအောင် လုပ်ဖို့၊ အခုခေတ်ဆိုရင် လေ့လာရတာ အတော်လွယ်ပါတယ်၊ ဘာကိုမဆို အင်တာနက်ကရိုက်ပြီး ရှာလို့ ရပါတယ်၊ ကိုယ်ရှာနိုင်သလောက် ရတဲ့ခေတ်မှာ ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**မေး။ ။ ပြိုင်ပွဲမှာ ဆုရရှိတယ်လို့ ကြေညာတော့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားပါသလဲ၊ နောက်ပြီး ပြိုင်ပွဲမှာ အမှတ်တရတွေရှိရင်လည်း သိချင်ပါတယ်။**

**မောင်မင်းခန့်လင်း** ။ ။ ဆုတွေကို မကြေညာခင်မှာ ပျော်စရာကောင်းအောင် ဆုအသေးလေးတွေ အရင်စပြီး ကြေညာပါတယ်၊ မြန်မာတော့ မပါသေးဘူးပေါ့၊ ကျွန်တော်တို့ ရင်တော့ခုန်နေပါတယ်၊ သူတို့က တတိယဆုကို အရင်စပြီးကြေညာပါတယ်၊ မလေးရှားပေါ့၊ အိမ်ရှင်နိုင်ငံက ရသွားပါတယ်၊ ကျွန်တော်တို့ ဒုတိယလေးများ ရမလားဆိုပြီး ရင်တော့ခုန်နေပါတယ်၊ အဲဒီအချိန်မှာ ဆုမကြေညာခင်မှာ ခန့်မှန်းလို့ရအောင် သဲလွန်စလေးတွေ ပေးပါတယ်၊ အဲဒီအဖွဲ့နိုင်သွားတယ်ဆိုပြီး အိမ်ပုံစံလေးကို သဲလွန်စပေးပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့ လုပ်ထားတဲ့ ပရောဂျက်ဆိုပြီး သိတော့နေပြီပေါ့၊ ဆုကြေညာတဲ့အချိန်မှာ တော်တော်ကို ဝမ်းသာပါတယ်၊ မြန်မာနိုင်ငံကိုယ်စားပြုပြီး နည်းပညာနဲ့ သွားပြိုင်တယ်ဆိုတော့ ကျွန်တော်တို့ မှန်းတော့ မထားပါဘူး၊ အကောင်းဆုံးတော့ ပြင်ဆင်သွားတယ်၊ ဒါပေမယ့် မြန်မာနိုင်ငံက နည်းပညာပိုင်းမှာ မဖွံ့ဖြိုးသေးတဲ့အတွက် အခြားနိုင်ငံတွေနဲ့ယှဉ်ရင် နောက်ကျမှာကို စိုးရိမ်မိပါတယ်၊ ဒါပေမယ့် အကောင်းဆုံး လုပ်ပြနိုင်ခဲ့ပြီး အခုလို ဒုတိယဆုရခဲ့တဲ့အတွက် အတော့်ကို ပျော်ရွှင်မိပါတယ်။

**မေး။ ။ ပြိုင်ပွဲနဲ့ ပတ်သက်ပြီး ထပ်ဖြည့်ပြောစရာရှိရင်လည်း ဖြည့်စွက်ပြောကြားပေးပါဦး၊ ကျေးဇူးတင်ထိုက်သူတွေ ရှိရင်လည်း ပြောပြပေးပါ။**

**မောင်မင်းခန့်လင်း** ။ ။ ဒီနှစ်မှာ ကျွန်တော်တို့ နိုင်ငံက ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တယ်၊ ဆုလည်းရခဲ့တယ်၊ အာဆီယံအဆင့်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံက အဆင့်တစ်ခုရှိတယ်၊ အခြားနိုင်ငံတွေကို ယှဉ်နိုင်တယ်ဆိုတော့ ဂုဏ်ယူလို့ရပါတယ်၊ နောက်ပြိုင်ပွဲတွေမှာလည်း အခုလို ဂုဏ်ယူခွင့်ရအောင် ဝင်ပြီး ပြိုင်စေချင်တယ်၊ အဲဒီလို ပြိုင်ဖို့ နိုင်ငံအနေနဲ့ရော ကျောင်းတွေကပါ ကူညီပံ့ပိုးပေးနိုင်ဖို့ တိုက်တွန်းချင်ပါတယ်။

**မောင်ပြည့်ဖြိုးပိုင်** ။ ။ ကျွန်တော်တို့ အခုလို ပရောဂျက်တွေလုပ်ဖို့ဆိုတာ ငွေကုန်ကြေးကျ အတော်များပါတယ်၊ တစ်ဖွဲ့မှာ ခြောက်ယောက်ရှိတယ်ဆိုရင် တစ်ယောက်ကို တစ်သောင်းထည့်ပြီး လိုအပ်တဲ့ပစ္စည်းလေးတွေ ဝယ်ရပါတယ်၊ ဒါပေမယ့် အခုလို ပြိုင်ပွဲကြီးတွေအတွက်ဆိုရင် ကောင်းတဲ့ပစ္စည်းတွေကို သုံးမှ ရမှာပေါ့၊ သေးသေးလေးလည်း မဖြစ်ဘူး၊ အဲဒီအခါ သုံးရမယ့် ကုန်ကျစရိတ်က အတော်များပါတယ်၊ အဲဒါမျိုးတွေကို နိုင်ငံတော်က၊ ကျောင်းက ထောက်ပံ့ပေးနိုင်ရင် ပိုပြီး အဆင်ပြေပါတယ်၊ အခုဒီပြိုင်ပွဲမှာ ကျွန်တော်တို့ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ဖို့နဲ့ အသုံးစရိတ်တွေကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကူညီတာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ လုပ်မယ်ဆိုရင် ဒီထက်ပိုကြီးတာ ရနိုင်ပါတယ်၊ ကျွန်တော်တို့ ကျောင်းသားဘဝမှာ အမြဲတမ်းကြားနေရတာတစ်ခုက အချို့ကျောင်းတွေဆိုရင် Lab ခန်းဆို ပေးမဝင်ဘူး၊ ပစ္စည်းတွေက တန်ဖိုးကြီးတော့ နှမြောတာတွေလည်း ရှိနိုင်တာပေါ့၊ မသုံးရဘူးဆိုပြီးတော့လည်း ရှိပါတယ်၊ အဲဒါမျိုးတွေကို နည်းနည်းတော့ လျှော့စေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ လုပ်မှကိုင်မှ တတ်မှာပါ၊ ကျွန်တော်တို့ ကျောင်းမှာကတော့ K Lab လာဖွင့်ထားတော့ အဲဒီမှာ စိတ်ကြိုက်သုံးခွင့်ပေးတယ်၊ ပျက်ရင်လည်း ဘာမှ မဖြစ်ဘူး၊ အဲဒီလိုရှိတော့ ကျွန်တော်တို့က လုပ်တတ်၊ ကိုင်တတ်လာတာပေါ့၊ ကျွမ်းကျင်လာတယ်၊ အဲဒီလို ကျွမ်းကျင်မှုတွေ၊ အတွေ့အကြုံတွေနဲ့ နိုင်ငံခြားမှာသွားပြိုင်တော့ ပိုပြီး အဆင်ပြေတာဖြစ်ပါတယ်။

**မောင်မင်းခန့်လင်း** ။ ။ ကျွန်တော်တို့ကို ကျောင်းမှာ Open Compus ပြိုင်ပွဲတွေမှာ ဝင်ပြိုင်စေချင်တယ်၊ ပရောဂျက်တွေလုပ်စေချင်လို့ ဖိအားတွေပေးတဲ့ ကျွန်တော်တို့ ဆရာမ ဒေါ်ခင်ထားနွယ်ကိုလည်း ကျေးဇူးတင်ပါတယ်၊ အဲဒီအတွက် ကျွန်တော်တို့လည်း ဝင်ပြိုင်ဖြစ်တယ်၊ အတွေ့အကြုံတွေရခဲ့တယ်။ ကျောင်းမှာလည်း အခြားနိုင်ငံတွေက ပညာရှင်တွေ ဖိတ်ခေါ်ပြီး Seminar တွေ အများကြီး လုပ်ပေးတဲ့ ပြိုင်ပွဲတွေ ဖိတ်ခေါ်ပေးတဲ့ ကျွန်တော်တို့ ပါမောက္ခချုပ် ဒေါ်စောစန္ဒာအေးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို ဝိုင်းဝန်းကူညီပေးခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အခုလုပ်တဲ့ ပရောဂျက်အစအဆုံး လိုအပ်တဲ့ပစ္စည်တွေကို K Lab က ပေးတာဖြစ်ပါတယ်။ ဒါကြောင့် K Lab ကိုလည်း ကျေးဇူးတင်ပါတယ်။

**သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ-လှမိုး**



Asean Makerthon 2017 ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။
(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။
(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




ပြည်သူရဲ့ ထောက်ခံမှု၊ ပြည်သူရဲ့ ယုံကြည်မှု၊ ပြည်သူရဲ့ ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှ မရှိပါဘူး။ ဘယ်လို အခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ၊ ပြည်သူရဲ့ ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၂-၁၀-၂၀၁၇ ရက်နေ့ ပြည်သူသို့ တင်ပြချက်မှ ကောက်နုတ်ချက်)

# ထာဝရငြိမ်းချမ်းရေးပန်းတိုင်နှင့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

သန်းဖြိုးနိုင်(ကညင်ကျိုး)

နှစ်ဟောင်းတစ်ခု ကုန်ဆုံးခြင်းနှင့်အတူ အချိန်ရာသီစက်ဝန်းအရ ယှဉ်တွဲပေါ်ပေါက်လာမည့်အရာမှာ နောက်ထပ်နှစ်သစ်တစ်ခုပင်ဖြစ်သည်။ သို့အတွက် ကျွန်ုပ်တို့အားလုံးသည် နှစ်ဟောင်းတစ်ခု ကုန်ဆုံးခြင်းနှင့်အတူ ၂၀၁၈ တည်းဟူသော နှစ်သစ်တစ်ခုကိုလည်း ကြိုဆိုကြရသည်။

**အစဉ်အလာမပျက်ကျင်းပပြီး အမျိုးသားရေးဦးတည်ချက်များ ချမှတ်**

ထိုသို့ဖြစ်ပေါ်လာသည့် နှစ်သစ်တစ်နှစ်နှင့်အတူ နှစ်စဉ်နှစ်တိုင်း ကျွန်ုပ်တို့နိုင်ငံတွင် အစဉ်အလာမပျက် ကျင်းပကြလေ့ရှိသည့် အခမ်းအနားတစ်ခုရှိသည်။ ၎င်းမှာ ဇန်နဝါရီလ ၄ ရက်နေ့တိုင်း ကျင်းပလေ့ရှိသည့် လွတ်လပ်ရေးနေ့ အခမ်းအနားပင်ဖြစ်ပြီး ထိုနေ့အတွက်လည်း ယခုရက်ပိုင်းထုတ် နိုင်ငံပိုင်သတင်းစာများတွင် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို အဆက်မပြတ်ဖော်ပြပေးနေသည်။ ထိုအမျိုးသားရေးဦးတည်ချက်များမှာ နှစ်စဉ်နှစ်တိုင်း ချမှတ်လေ့ရှိပြီး ထိုအချက်များကိုပင်လျှင် အစိုးရတစ်ရပ်၏ မူဝါဒတစ်ခုအဖြစ်လည်း သတ်မှတ်၍ရနိုင်သည်။ မကြာမီရက်ပိုင်းတွင် ရောက်ရှိလာတော့မည့် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် နိုင်ငံတော်အစိုးရက အမျိုးသားရေးဦးတည်ချက်များ ချမှတ်ခဲ့သည်ကို လေ့လာကြည့်သည့်အခါ (၅)ချက်ပါဝင်သည်ကို တွေ့ရသည်။

**အဓိပ္ပာယ်ပြည့်စုံလှစွာ ထို(၅)ချက်မှာ**

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။
(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။
(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။
(၅) စီးပွားရေး၏အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ပင်ဖြစ်သည်။

**ဦးတည်ချက်များ အထမြောက်ကြဖို့ဆိုလျှင်**

ထိုသို့ချမှတ်ခဲ့သည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ အထမြောက် အောင်မြင်ပြီးမြောက်ဖို့ဆိုလျှင် "ယနေ့ နိုင်ငံ့မြောက်ဖျား၊ အရှေ့မြောက်ဖျားနှင့် အနောက်ဘက်တွင် ဖြစ်ပေါ်နေသည့်တိုက်ပွဲများ အပြီးတိုင်ရပ်ဆိုင်းချုပ်ငြိမ်းသွားမှသာလျှင် ဖြစ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားအချင်းချင်းဖြစ်ပွားနေသည့် ထိုတိုက်ပွဲများ၏ သက်တမ်းသည် နှစ်ပေါင်း(၇၀)ခန့် ရှည်ကြာခဲ့ပြီဖြစ်သလို ကျွန်ုပ်တို့နိုင်ငံသည် ကမ္ဘာပေါ်ရှိ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ကြသည့် နိုင်ငံများတွင် အရှည်ကြာဆုံးရပ်တည်နေသော နိုင်ငံများစာရင်းတွင် ထိပ်ဆုံးက ရပ်တည်နေသည်ဆိုသည်ကိုလည်း အမှန်အတိုင်း လက်ခံကြရမည်သာဖြစ်သည်။ သည့်အတွက်ပင် ထိုတိုက်ပွဲများ အပြီးတိုင် အဆုံးသတ်ကြဖို့ဆိုလျှင် ပြည်ထောင်စုအစိုးရဘက်မှရော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံးကပါ သူ့ဘက် ကိုယ့်ဘက် နှစ်ဖက်စလုံးက လိုလိုလားလားဆန္ဒရှိကြပြီး ငြိမ်းချမ်းရေးစားပွဲဆီသို့ လိုလိုလားလား လာရောက်ကာ ခေါင်းချင်းဆိုင်ကြမှဖြစ်ကြပေလိမ့်မည်။ ထိုပဋိပက္ခများကို တစ်ဖက်တည်းက ငြိမ်းသတ်၍မရနိုင်သကဲ့သို့ မိမိတို့တောင်းဆိုမှု၊ လိုချင်မှုတစ်ဖက်တည်းကိုသာလျှင် ကြည့်ပြီးရပ်တည်နေကြလျှင်လည်း မည်သို့မျှ ချုပ်ငြိမ်းနိုင်မည်လည်း မဟုတ်ပေ။ ထိုတိုက်ပွဲများ၊ ပဋိပက္ခများကို မရပ်စဲနိုင်ပါက နှစ်စဉ်နှစ်တိုင်း ချမှတ်နေသည့် ထိုအမျိုးသားရေး ဦးတည်ချက်များသည်လည်း အထမြောက် အောင်မြင်ရန်မှာ ရာခိုင်နှုန်းအလွန်နည်းပါးကြောင်း နိုင်ငံရေးရာလေ့လာသူများက ဆိုခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာ**

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံရှိ အခြားနိုင်ငံများတွင်လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းကြခြင်းဖြင့်သာ စစ်မီးကိုငြိမ်းသတ်နိုင်ကြောင်း သမိုင်းများက လက်တွေ့ပြခဲ့ပြီးဖြစ်သည်။ ပြည်တွင်းစစ်မီးပြင်းထန်သည့် ဘော့စနီးယားနှင့် ကိုလံဘီယာပြည်တွင်းစစ်များကို အပြီးတိုင် ငြိမ်းသတ်စေသည့်အရာမှာလည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း ဟူသောအရာပင်ဖြစ်သည်။ ထိုအရာထက် ကောင်းသည့်အရာမှာ ကမ္ဘာတွင် မပေါ်ခဲ့သေးသလို အခြားနည်းလမ်းလည်း ရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့်ပင် ကျွန်ုပ်တို့နိုင်ငံအတွင်း နှစ်ပေါင်း(၇၀)နီးပါး ရှည်ကြာခဲ့ရသည့်စစ်ပွဲများ ရပ်သွားဖို့ဆိုသည်မှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်းကာ ထာဝရငြိမ်းချမ်းရေးရရှိစေမည့်နည်းလမ်းများကိုသာ အပြန်အလှန် အသိအမှတ်ပြု လက်ခံပေးကြဖို့ လိုလေသည်။ ပြည်ထောင်စုအစိုးရမှလည်း တိုင်းရင်းသားနယ်မြေများတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကို အမြန်ဆုံးငြိမ်းသတ်နိုင်မှသာ ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်နိုင်မည်။ ထိုသို့တည်ထောင်နိုင်မှသာ တိုင်းပြည်အဝှမ်း ဖွံ့ဖြိုးတိုးတက်လာမည်၊ တရားဥပဒေစိုးမိုးရေးကိစ္စများ ဆောင်ရွက်လာနိုင်မည်ဟူသော ယထာဘူတကျသည့်အဖြေတစ်ရပ်ကို သဘောထားကြီးကြီး လက်ခံကြပြီး တစ်ဖက်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကလည်း ယခင်နှစ်ပေါင်းများစွာက အမြင်မျိုးများဖြင့် ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးအတွက် တစ်ခုတည်းကိုသာလျှင်ကြည့်ပြီး တစ်ဖက်သတ်သဘောထားနေလျှင်လည်း တိုင်းရင်းသားအချင်းချင်းများအကြား ဖြစ်ပွားနေသည့်ပဋိပက္ခများကို ချုပ်ငြိမ်းအောင် အဘယ်သို့မျှ ငြိမ်းသတ်နိုင်မည်မဟုတ်ပေ။

**ပြည်သူများ စိတ်ဝင်စားမှုမြင့်တက်လာ**

ထိုသို့ဆိုလျှင် အဆိုပါပဋိပက္ခများကို ငြိမ်းအေးစေရန် နည်းလမ်းကောင်းများရှိမနေခဲ့ဘူးလား ဟူသည့်မေးခွန်းတစ်ရပ်လည်း ယနေ့ပြည်သူများအကြားတွင် အများအပြားပေါ်ထွက်လာနေခဲ့ပြီဖြစ်သည်။ ထိုမေးခွန်းနှင့်အတူ ပြည်သူအများ စိတ်ဝင်စားမှုမြင့်တက်လာနေသည့် အကြောင်းအရာမှာလည်း ယခင်ကျင်းပပြီးစီးခဲ့သည့် (၂၁) ရာစုပင်လုံညီလာခံကြီးနှင့် ထိုညီလာခံ၏နောက်တွင် ဆက်လက်ပေါ်ပေါက်လာမည့် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး ကြိုးပမ်းချက်များပင်ဖြစ်သည်။ အဆိုပါ ကျင်းပပြီးစီးခဲ့သည့် ညီလာခံကြီးနောက်တွင် ဆက်လက်ဆွေးနွေးနေကြသည့် နိုင်ငံရေးမူဘောင်ဆွေးနွေးချက်များကိုလည်း စိတ်ဝင်တစား စောင့်ကြည့်လေ့လာနေကြသည်မှာလည်း အမှန်ပင်ဖြစ်ကြသည်။ ထိုအချက်များကို ကျော်လွှန်ပြီးမြောက်ပြီးမှသာ ယခု နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသည့် အမျိုးသားရေး ဦးတည်ချက်များမှာလည်း အကောင်အထည်ပေါ် ပြည့်ဝလာနိုင်မည်ဟုလည်း ယုံကြည်နေကြလေသည်။

**ဖက်ဒရယ်ပြည်ထောင်စုအတွက် ဖွဲ့စည်းပုံအခြေခံအသစ်တစ်ရပ်လိုအပ်**

ထိုဆွေးနွေးပွဲများမှရရှိလာသည့် အဖြေများအပေါ် အခြေခံပြီး တိုင်းရင်းသားများ လက်ခံနိုင်သည့် ဖက်ဒရယ်ပုံစံကို မျှော်မှန်းပြီးသွားကြမှသာ အားလုံးပြုံးပျော် ကျေနပ်လက်ခံပြီး အမှန်ငြိမ်းအေးနိုင်လာမည်ဟုလည်း နိုင်ငံ့ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်တို့က လက်ခံထားကြသည့်အလျောက် မူဝါဒလမ်းစဉ်များပင် ချမှတ်ထားပြီးသားလည်း ဖြစ်နေလေသည်။ မူဝါဒလမ်းစဉ်အရ အဆိုပါ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည်မှာလည်း အမှန်မှာမူ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးများနှင့် အကိုက်ညီဆုံးသော နိုင်ငံတည်ဆောက်မှုပုံစံပင်ဖြစ်ပြီး ထိုပုံစံသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ အမြော်အမြင်ကြီးမားစွာဖြင့် မျှော်မှန်းရေးဆွဲစာချုပ်ခဲ့သည့် ပင်လုံစာချုပ်ပါကတိကဝတ်များ၊ အချက်များနှင့်လည်း ကိုက်ညီမှုရှိနေခဲ့လေသည်။ ထိုထာဝရ ငြိမ်းချမ်းရေးပန်းတိုင်အတွက်ဆိုလျှင် ဆက်လက် ညှိနှိုင်းဆွေးနွေးကြရဦးမည့်ကိစ္စရပ်များမှာ ထုနှင့်ဒေး ရှိနေဦးမည်မှာ အသေအချာပင်ဖြစ်သည်။ ထိုအချက်များအပေါ် အနှစ်ချုပ်ပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု ပေါ်ပေါက်လာမည်လည်းဖြစ်သည်။

**ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် ထာဝရငြိမ်းချမ်းရေး လိုအပ်**

ကျွန်ုပ်တို့နိုင်ငံအတွင်း နှစ်ပေါင်း(၇၀)နီးပါးဖြစ်ပွားနေသည့် ပဋိပက္ခများအတွက် ချုပ်ငြိမ်းစေရန် အဓိက အခရာကျသည့်အရာမှာလည်း ဤဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမှတစ်ပါး အခြားမရှိနိုင်ဟု ပြည်သူအများကလည်း လက်ခံယုံကြည်မိလာကြသည့်အလျောက် ထိုဖက်ဒရယ်စနစ်များအကြောင်းကိုလည်း ကျွန်ုပ်တို့ ထဲထဲဝင်ဝင် သိရှိထားကြရန် အထူးလိုအပ်လာနေပြီဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့နိုင်ငံတွင်လည်း ယခုမကြာမီ ကျရောက်မည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသည့် အမျိုးသားရေး ဦးတည်ချက်များ အောင်မြင်ပြီးမြောက်ဖို့ အားလုံးပါဝင်ကာ ဆောင်ရွက်ကြရတော့မည် ဖြစ်သည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အချင်းချင်းအကြား ချစ်ကြည်စည်းလုံးရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အခွင့်အရေး တန်းတူညီမျှခံစားခွင့်ရရှိရေးတို့ကို လိုတိုး၊ ပိုလျှော့ အလေးပေး တွက်ချက်စဉ်းစားဆောင်ရွက်ကြမှသာလျှင် နောင်ဆက်လက်ဆောင်ရွက်ကြရမည့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံစစ်စစ်ပေါ်ပေါက်ရေးသည်လည်း အဆင်ပြေ ချောမွေ့လာစေနိုင်မည်ဟုလည်း သုံးသပ်ရမည်ဖြစ်ပါသည်။

**နိဂုံးချုပ်အားဖြင့်အဖြေရှာ ပူးပေါင်းဆောင်ရွက်ရေးသည်သာ အခရာ**

အချုပ်အားဖြင့်ဆိုရလျှင် ယခင်ကျင်းပပြီးစီးခဲ့သည့် ၂၁ ရာစုပင်လုံညီလာခံမှသည် နောင်ဆက်လက်တွေ့ဆုံညှိနှိုင်းဆွေးနွေးနေကြသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်ထောင်စုအစိုးရဘက်မှ နိုင်ငံ့ခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားပြုခေါင်းဆောင်များ၊ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ပေါင်းစုံအလွှာအသီးသီးမှပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများနှင့် ပြည်သူများအားလုံး အနေဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းအကြံပေးခြင်း၊ ပူးပေါင်းပါဝင်ကြခြင်း၊ အချင်းချင်းညှိနှိုင်းဆွေးနွေးအဖြေရှာကြခြင်းများဖြင့် အားလုံးက လိုလိုလားလားဖြင့် ပါဝင်ပူးပေါင်းပြီး ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို လျှောက်လှမ်းနိုင်ရေးကြိုးစားပေးကြရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် လွတ်လပ်ရေးကို ဆောင်ကြဉ်း



ပြည်သူ့လွတ်လပ်ရေးချုပ်ချယ်မှုကန့်ကွက်ပွဲအတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်ချက် လက်ရေးမူကြမ်း။



THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

| Shan Committee. | Kachin Committee. | Burmese Government. |
| --- | --- | --- |
| Saohpalong of Tawngpeng State. | (Sinwa Naw, Myitkyina) | |
| Saohpalong of Yawnghwe State. | (Zau Rip, Myitkyina) | |
| Saohpalong of North Hsenwi State. | (Dinra Tang, Myitkyina) | |
| Saohpalong of Laihka State. | (Zau La, Bhamo.) | |
| Saohpalong of Mong Pawn State. | (Zau Lawn, Bhamo) | |
| Saohpalong of Hsamonghkam State. | (Labang Grong, Bhamo) | |
| Representative of Hsahtung Saohpalong. | | |
| (Hkun Pung) | Chin Committee. | |
| (U Tin E) (U Htun Myint) | (U Hlur Hmung, ATM, IDSM, B.G.M., Falam.) | |
| (U Kya Bu) (Hkun Saw). | (U Thawng Za Khup, ATM, Tiddim.) | |
| (Sao Yape Hpa) (Hkun Htee) | (U Kio Mang, ATM, Haka) | |

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သော တောင်တန်းပြည်မပူးပေါင်းရေးဟူသော သဘောတူစာချုပ်(ပင်လုံစာချုပ်)။

## လွတ်လပ်ရေးအတွက် လူထုအင်အားပြပွဲများ

■ အညတြ

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် လူထုသဘောထားဆန္ဒဖြင့် ဆန္ဒပြပွဲများမှာ အင်အားတစ်ရပ် ဖြစ်စေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့ မသွားရောက်မီ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ၌ လွတ်လပ်ရေး ဆန္ဒပြပွဲ ကျင်းပခဲ့သည်။ လွတ်လပ် ရေးဆန္ဒပြပွဲ၊ ကန့်ကွက်ရှုတ်ချပွဲများတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များ ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပြည်သူ့လွတ်လပ်ရေး ချုပ်ချယ်မှု ကန့်ကွက်ပွဲများအတွက် အစီအစဉ်များချမှတ်ပေးသည်။ လူထု ဟစ်ကြွေးရမည့် ကြွေးကြော်သံများကို ရေးသားပေးခဲ့သည်။

ရန်ကုန်မြို့နှင့် မြန်မာတစ်ပြည်လုံးတွင် လွတ်လပ်ရေးဆန္ဒဖော်ထုတ်ပွဲများနှင့် အင်အားပြပွဲများကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၁၆ ရက်နေ့အထိ ရက်ရှည်ကျင်းပခဲ့သည်။ လွတ်လပ်ရေး တိုက်ပွဲတွင် ဖဆပလနှင့်လက်တွဲ၍ ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လိုသည့် အဖွဲ့အစည်းများကို ဖိတ်ခေါ်ခဲ့သည်။ အစိုးရဌာန အသီးသီးမှ အမှုထမ်းများ၊ ကျောင်းဆရာများ၊ ဆေးဆရာများ အစရှိသည့် လူထုအဖွဲ့အစည်းများလည်းပါသည်။ မွန်၊ မြေပြန့်ချင်း အစရှိသည့် လူမျိုးစု အဖွဲ့အစည်းများလည်းပါသည်။ ကား၊ ရေယာဉ်၊ မြင်းလှည်း၊ ဆိုက်ကား အစရှိသည့် သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများ စသည့်အဖွဲ့အစည်းများ စာရင်းပေးသွင်းကြသည်။

ဇန်နဝါရီလ ၁၂ ရက်နေ့သည် အမှုထမ်းပေါင်းစုံတို့၏ လွတ်လပ်ရေးအတွက် ဆန္ဒပြသောနေ့ဖြစ်သည်။ ဆန္ဒပြပွဲတွင် အစိုးရဝန်ထမ်းများ၊ ပုလိပ်အဖွဲ့ဝင်များ၊ မီးသတ်အသင်းဝင်များပါဝင်ကြပြီး ဗန္ဓုလပန်းခြံမှ ကန်တော်မင်ပန်းခြံအထိ စီတန်းလှည့်လည်ကြသည်။ ကန်တော်မင်ပန်းခြံသို့ ရောက်သောအခါ အဖွဲ့အစည်းများမှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြသည်။ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ သခင်နုက မြန်မာလူမျိုးများကို နှစ်တစ်ရာကျော် နဖားကြိုးထိုး၍ သင်းထားပြီး ခိုင်းစေသမျှခံခဲ့ရသည်ကို ယခု သိလာကြပြီး ထမ်းပိုးအောက်မှ လွတ်ကြရအောင် အသင့်ပြင်ထားရန် ပြောကြားခဲ့သည်။ လူထုဆန္ဒပြပွဲ နောက်ဆုံးနေ့ဖြစ်သည့် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် လူထု အမိဋ္ဌာန်စာတမ်းကို ဗန္ဓုလပန်းခြံ၌ ဖတ်ကြားခဲ့သည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား ရာဟုထောင့် သံတန်ဆောင်းကြီးအတွင်း၌ အရေးပေါ် ယာယီသံဃာအဖွဲ့က ကြီးမှူး၍ ရန်ကုန်မြို့လုံးဆိုင်ရာ သံဃာဆန္ဒပြအစည်းအဝေးကို ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာပြည်၏လွတ်လပ်ရေးကို သံဃာတော်အားလုံးက လိုလားနေကြောင်း ဗြိတိသျှအစိုးရသိစေလိုကြောင်း ဟောပြောခဲ့ကြသည်။ ဤအစည်းအဝေးများ၊ ဆန္ဒပြပွဲများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် လန်ဒန်တွင် ဆွေးနွေးကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့အတွက် အထောက်အပံ့ကောင်းများဖြစ်စေခဲ့သည်။ အောင်ဆန်း-အက်တလီ စာချုပ်ဟု အမည်တွင်သောစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရက တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် သဘောတူခဲ့သည်။ သို့သော် တောင်တန်းဒေသများကိုမူ တောင်တန်းဒေသခေါင်းဆောင်များ ကိုယ်တိုင် ပြည်မနှင့်အတူ ယူလိုပါသည်ဟု အခိုင်အမာ စာချုပ်လက်မှတ် ရေးထိုးမှသာ ပြည်နယ်ပြည်မ ပေါင်းစည်းပါဝင်သည့်သဘောဖြင့် လွတ်လပ်ရေး ပေးမည်ဟု အောင်ဆန်း-အက်တလီစာချုပ်တွင် ဆိုထားသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်မှအပြန်တွင် ရန်ကုန်မြို့ အသံလွှင့်ရုံမှတစ်ဆင့် တိုင်းပြည်သို့ မိန့်ခွန်းပြောကြားခဲ့သည်။ "လွတ်လပ်ရေးဆိုတာ ပေးလို့ရတဲ့ကိစ္စမဟုတ်၊ ယူတတ်မှ ယူနိုင်တဲ့အင်အားရှိမှ တကယ် ရမှာပဲ၊ ဒါကြောင့် အခုတော့ဖြင့် လက်ငင်းလိုချင်တာတွေ အခြေခံရပြီ၊ ရှေ့ဆက်ပြီး လွတ်လပ်တဲ့နိုင်ငံထူထောင်ဖို့ဟာ ဗြိတိသျှအစိုးရရဲ့လက်ထဲမှာ မရှိဘဲ ကျွန်ုပ်တို့ တိုင်းသူပြည်သားတွေရဲ့ လက်ထဲမှာရှိတယ်"ဟု ပြောကြားခဲ့သည်။ ထို့နောက် တစ်ဆက်တည်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အပြင်းအထန်အားထုတ်ရပြန်သည်။ တောင်တန်းပြည်မ ပူးပေါင်းရေး ဟူသော သဘောတူစာချုပ်(ပင်လုံစာချုပ်)ကို ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံ မြို့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ ထိုပင်လုံစာချုပ်သည် မြန်မာပြည် လွတ်လပ်ရေး၏ အမြုတေရတနာဖြစ်သည်။ ။



၁၉၄၇ ခုနှစ် ဇန်နဝါရီလက ရန်ကုန်မြို့ ဗန္ဓုလပန်းခြံနှင့် ကန်တော်မင်ပန်းခြံတို့တွင် လူထုဆန္ဒဖော်ထုတ်ပွဲ ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးနုတို့ကို တွေ့ရစဉ်။



၁၉၄၆ ခုနှစ် ဇန်နဝါရီလက ရန်ကုန်မြို့ ရွှေတိဂုံစေတီ အလယ်ပစ္စယံ၌ ကျင်းပသော ပြည်လုံးကျွတ် ဖဆပလညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားနေစဉ်။

# အဆိုပြု အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ**

**(အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈)**

**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)**

**အဆိုပြု အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့၌လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့၌လည်းကောင်း ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကော်မတီအသီးသီး၏တာဝန်နှင့် လုပ်ငန်းများကိုလည်း သတ်မှတ်ပေးခဲ့ပါသည်။

၂။ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်နိုင်ရေး အောက်ပါလုပ်ငန်းစဉ် ၅ ရပ်ချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်-

(က) လုပ်ငန်းစဉ်(၁)။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း၊

(ခ) လုပ်ငန်းစဉ်(၂)။ အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပခြင်း၊

(ဂ) လုပ်ငန်းစဉ်(၃)။ လူနေမှုကုန်ကျစရိတ်ဆိုင်ရာ မေးခွန်းလွှာများဖြန့်ဝေ၍ စာရင်းကောက်ယူခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများထံမှ ပေးပို့လာသော အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များကို ပြန်လည်စုစည်းပြီး အနည်းဆုံးအခကြေးငွေအား အဆိုပြုထုတ်ပြန်နိုင်ရန် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(ဃ) လုပ်ငန်းစဉ်(၄)။ အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာခြင်း၊

(င) လုပ်ငန်းစဉ်(၅)။ အတည်ပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာခြင်း။

၃။ အထက်ပါလုပ်ငန်းစဉ်များနှင့်အညီ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အမျိုးသားအဆင့်မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီများကို နယ်မြေဒေသအလိုက် အလုပ်ရှင်၊ အလုပ်သမားများနှင့် ညှိနှိုင်းဆွေးနွေးစေခြင်း၊ စစ်တမ်းများကောက်ယူစေခြင်းများပြုလုပ်၍ အမျိုးသားကော်မတီသို့ ပြန်လည်တင်ပြစေခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းစဉ်(၃)အထိ ဆောင်ရွက် ပြီးစီးခဲ့ပြီးဖြစ်၍ လက်ရှိအချိန်၌ လုပ်ငန်းစဉ်(၄)ကိုဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိအချိန်အထိ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၄)ကြိမ်၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပွဲ (၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အနည်းဆုံးအခကြေးငွေနှင့်အလုပ်သမားအခွင့်အရေး ပူးပေါင်းဆောင်ရွက်ရေးကော်မတီဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်ရေးဆိုင်ရာ သဘောထားများနှင့် အကြံပြုချက်များကို ရယူခဲ့ပါသည်။

၅။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် (၄) ကြိမ်မြောက် အမျိုးသားကော်မတီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၏ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များ၊ ပြုလုပ်ခဲ့ပြီးသော အမျိုးသားကော်မတီအစည်းအဝေးများ၏ ရလဒ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသောရလဒ်များ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီများအလိုက် ကျင်းပပြုလုပ်ခဲ့သော အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲများမှ ရရှိလာသည့်အဆိုပြုနှုန်းထားများ၊ နိုင်ငံ့ဝန်ထမ်းများ၏ အနိမ့်ဆုံးအခြေခံလစာနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခစသည်တို့အပေါ်တွင် မှီငြမ်းကိုးကား၍ အဆိုပြုအနည်းဆုံးအခကြေးငွေကို ညှိနှိုင်းသတ်မှတ်ခဲ့ကြပါသည်။

၆။ အထက်ဖော်ပြပါအချက်များအပေါ် အခြေခံ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် ညှိနှိုင်းသဘောတူညီခဲ့ကြသော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် သက်ဆိုင်သည့်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ ပြင်ဆင်သတ်မှတ်ပေးသင့်သည့်အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၆၀၀/-(ကျပ်ခြောက်ရာတိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၄၈၀၀/-(ကျပ်လေးထောင့်ရှစ်ရာတိတိ) ဖြစ်ပါသည်။

(ခ) လုပ်ငန်းသဘောသဘာဝအရ ဥပဒေနှင့်အညီအချိန်ပိုလုပ်ရသော အလုပ်သမားများအတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ သတ်မှတ်ပေးထားသော အချိန်ပိုလုပ်ခကို ခံစားခွင့်ရှိသည်။

(ဂ) ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၄ (ခ) အရ ဤဥပဒေအာဏာမတည်မီက ရရှိနေသော အခကြေးငွေသည် ဤဥပဒေအရသတ်မှတ်သော အနည်းဆုံးအခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို အလုပ်သမားများ ဆက်လက်ခံစားခွင့်ရှိသည်။

(ဃ) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ပါ အနည်းဆုံးအခကြေးငွေမှာ ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက်လျော့နည်းပါက အလုပ်သမားသည် ဥပဒေအရ သတ်မှတ်ပေးထားသည့် အနည်းဆုံးအခကြေးငွေနှင့်အညီ ခံစားခွင့်ရှိသည်။

(င) ထို့အပြင် ဥပဒေအရသတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေကိုသော်လည်းကောင်း၊ ထိုအခကြေးငွေထက်ပို၍ အလုပ်ရှင်ကပေးသည့်အခကြေးငွေကိုသော်လည်းကောင်း အလုပ်သမားက ခံစားခွင့်ရှိသည်။

(စ) အချိန်ပိုင်း၊ နာရီပိုင်းအလုပ်လုပ်ရသော အလုပ်သမားများသည် အလုပ်လုပ်သည့်အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို ခံစားခွင့်ရှိသည်။

(ဆ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ ခံစားခွင့် ရှိစေရမည်။

(ဇ) ယခုအဆိုပြုလိုက်သော အနည်းဆုံးအခကြေးငွေနှုန်းထားအား အတည်ပြုသတ်မှတ်ပြီးပါက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် သတ်မှတ်ထားသော စည်းကမ်းချက်များဖြင့် ခန့်ထားပြီးဖြစ်သည့် အလုပ်သမားများကို ယင်းနှုန်းထားအတိုင်း ပေးရမည်ဖြစ်ပြီး အနည်းဆုံးအခကြေးငွေ နည်းဥပဒေ ၄၃(ဃ)အရ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် သတ်မှတ်ထားသော ကျွမ်းကျင်မှုစံ သို့မဟုတ် ထုတ်လုပ်မှုစံနှုန်းပြည့်မီအောင် လုပ်ဆောင်နိုင်စွမ်းမရှိသေးသည့် အလုပ်သမားအသစ်များအား အစမ်းခန့်ကာလမတိုင်မီ ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်ပေးရန်လိုအပ်လျှင် သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် လေ့ကျင့်ချိန်ကာလသုံးလအတွင်း သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက်မနည်းသော လုပ်ခလစာကိုလည်းကောင်း၊ အစမ်းခန့်ကာလ သုံးလအတွင်းသတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏ ၇၅ ရာခိုင်နှုန်းကိုလည်းကောင်း ပေးရမည်။

(ဈ) အနည်းဆုံးအခကြေးငွေနည်းဥပဒေ ၄၄(က)အရ အလုပ်သမားများသည် မိမိတို့အလုပ်အကိုင် ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်နှင့်အညီ သတ်မှတ်ထားသော ကုန်ထုတ်စွမ်းအား ပြည့်မီစေရန် ဆောင်ရွက်ရမည်။

(ည) ယခုအဆိုပြုသတ်မှတ်ပေးသော အနည်းဆုံးအခကြေးငွေနှုန်းထားကို အတည်ပြုပြီးပါက ယင်းအခကြေးငွေနှုန်းထားနှင့် အချိန်ပိုလုပ်ခများမှာ ဥပဒေအရ အလုပ်သမားများရသင့်ရထိုက်သည့် လုပ်ခလစာဖြစ်ပြီး ရက်မှန်ကြေး၊ ဆုကြေးနှင့် ရှားပါးစရိတ်စသည့် အပိုထောက်ပံ့ကြေးများကိုမူ အလုပ်ရှင်များက မိမိတို့၏လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်တို့အပေါ်တွင်မူတည်၍ အလုပ်သမားများကို ချီးမြှင့်နိုင်သည်။

(ဋ) အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းတို့ပြုရာတွင် နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းများတွင်သော်လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် သော်လည်းကောင်း လုပ်ကိုင်နေကြသည့် နိုင်ငံသားအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သည် ကျွမ်းကျင်မှုအလိုက် နိုင်ငံခြားသားအလုပ်သမားများနည်းတူ ခံစားခွင့်ရှိသည်။

(ဌ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အနည်းဆုံးအခကြေးငွေကို အတည်ပြုသတ်မှတ်ပြီးပါက ယင်းသတ်မှတ် အခကြေးငွေနှုန်းထားသည် ခွင့်ရက်၊ အလုပ်ပိတ်ရက်နှင့်စပ်လျဉ်း၍ အလုပ်သမားများအား ပေးထားသည့်အခွင့်အရေးတစ်ရပ်ကို ထိခိုက်ခြင်းမရှိစေရ။

(ဍ) အထူးစီးပွားရေးဇုန်များတွင် အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံသားအလုပ်သမားများအတွက် သက်ဆိုင်ရာအထူးစီးပွားရေးစီမံခန့်ခွဲမှုကော်မတီများသည် အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီး မြှုပ်နှံမှုအမျိုးအစားအလိုက် သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

(ဎ) အဆိုပြုအနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းသည် အလုပ်သမား ၁၀ ဦးအောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိဘဲ အဆိုပါလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများအနေဖြင့် မိမိတို့၏ နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်သဘောတူညှိနှိုင်းသတ်မှတ်သော အခကြေးငွေနှုန်းထားများဖြင့် ရယူခံစားနိုင်သည်။

၇။ ပြင်ဆင်သတ်မှတ်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြုခြင်း၊ အကြံပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် ဤအဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်သည့်နေ့ရက်မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း ပူးတွဲပါ ပုံစံတွင်ဖြည့်စွက်ပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီထံ ပေးပို့ရမည့်အပြင် မိတ္တူကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ပေးပို့ရမည်။

၈။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသည် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ၊ ကန့်ကွက်ချက်များ၊ ပြင်ဆင်ချက်များနှင့် ကွင်းဆင်းစစ်ဆေးချက်များကို လေ့လာစိစစ်ပြီး ကန့်ကွက်သည့်နေ့ သို့မဟုတ် ပြင်ဆင်ရန်အဆိုပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြီးစီးအောင်ရှင်းလင်း၍ အဆိုပြုနှုန်းထားကို အမှုတွဲနှင့်သက်သေခံ အထောက်အထားစာရွက်စာတမ်းများပူးတွဲပြီး အမျိုးသားကော်မတီထံ တင်ပြရမည်။

၉။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အဆိုပြုအနည်းဆုံးအခကြေးငွေ နှုန်းထားကို အများပြည်သူသိရှိရန်ကြေညာပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်ချက် သို့မဟုတ် ပြင်ဆင်ရန် အဆိုပြုချက်များကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် လေ့လာစိစစ်ပြီး အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။

၁၀။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(င)အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ ပြင်ဆင်သတ်မှတ်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၆၀၀/-(ကျပ်ခြောက်ရာတိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၄၈၀၀/- (ကျပ်လေးထောင့်ရှစ်ရာတိတိ) ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၀ ဦးအောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**အနည်းဆုံးအခကြေးငွေ**
**သတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ**

ပူးတွဲပါပုံစံ

သို့
ဥက္ကဋ္ဌ
ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီ
-------------------မြို့

ရက်စွဲ၊ ၂၀၁၈ခုနှစ်   လ   ရက်

အကြောင်းအရာ။ **အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်း၍ ကန့်ကွက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း**

| စဉ် | ကန့်ကွက်သူ/ပြင်ဆင်ရန်အဆိုပြုသူ၏ အမည် သို့မဟုတ် အဖွဲ့အစည်း၏ အမည်၊ လိပ်စာ | လုပ်ငန်း/ဌာန | ကန့်ကွက်ပြင်ဆင်ရသည့် အကြောင်းရင်း | သတ်မှတ်လိုသည့်/ပြင်ဆင်လိုသည့်နှုန်း |
|---|---|---|---|---|
| | | | | |

လက်မှတ်
အမည် -
လုပ်ငန်း/ဌာန -



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး တရားအလှူတော် မင်္ဂလာ ဒုတိယနေ့ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ဇန်နဝါရီ ၂ ရက် ညက ကျင်းပရာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တရားဟောကြားနေမှုကို လာရောက်တရားနာယူကြသော ပရိသတ်များအား တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် မဂွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့နှင့်အတူ ဒီဇင်ဘာ ၃၀ ရက်တွင် ပူတာအိုမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မဂွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော မြေသားလမ်း ၂၄ မိုင် ၄ ဖာလုံပေါ်တွင် ကျောက်ခင်းခြင်းလုပ်ငန်းများ၊ မိုးရာသီတွင် ဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် တံတားတည်ဆောက်ရန် လျာထားသည့် အခြေအနေများ၊ လမ်းပျက်စီးမှု ကာကွယ်နိုင်ရန် Box Culvert တည်ဆောက်ရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် မဂွေဇမှ လက်ရှိ ဆောင်ရွက်ပြီးစီးနေသော မိုင်တိုင်(၃၀/၅) အထိ လမ်းဖောက်လုပ်နေမှု အခြေအနေများအား မော်တော်ယာဉ်များဖြင့် စမ်းသပ်မောင်းနှင်ကြည့်ရှုခဲ့ပြီး မိုင်တိုင်(၃၀/၅)တွင် လက်ရှိဆောင်ရွက်နေသည့် ဆန်းလုံချက်တောင်ကြောမှ အရှည် နှစ်မိုင်ခန့်ရှိသော ကျောက်တောင်အား စစ်မြေပြင်အင်ဂျင်နီယာ စစ်သည်များဖြင့် ကျောက်မိုင်းခွဲခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ပူတာအိုဒေသသည် မိုးရွာသွန်းမှုများပြားသည့် ဒေသ၏ ထူးခြားချက်အရ ပွင့်လင်းရာသီဖြစ်သော ဒီဇင်ဘာလနှင့်



ဇန်နဝါရီလများအတွင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လမ်းစံချိန်စံညွှန်းကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

မဂွေဇ-ခေါင်လန်ဖူးလမ်းသည် ၆၅ မိုင် ၄ ဖာလုံအရှည်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အပိုင်း(၁) မဂွေဇမှင့်ါလုံဒမ်းအထိ ၂၅ မိုင် ၄ ဖာလုံ၊ အပိုင်း(၂)င့်ါလုံဒမ်းမှ ရီဒမ်းအထိ ၁၈ မိုင် ၄ ဖာလုံ၊ အပိုင်း(၃) ရီဒမ်းမှ ခေါင်လန်ဖူးအထိ ၂၁ မိုင် ၄ ဖာလုံကို ဘဏ္ဍာနှစ်အလိုက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလက်တွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ အခက်ခဲဆုံးအပိုင်းဖြစ်သည့် ပေ ၇၀၀၀ ကျော် မြင့်မားသော ဆန်းလုံချက်တောင်ထိပ် တောင်ကြောအား ကျောက်မိုင်းခွဲခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ခေါင်လန်ဖူးမြို့နယ်ခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ခေါင်လန်ဖူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော နောင်မွန်မြို့နယ်မဂွေဇမှ ခေါင်လန်ဖူးအထိ မော်တော်ကားလမ်း ဖောက်လုပ်နေမှု အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များ ပြောကြားခဲ့ပြီး ဌာနဆိုင်ရာများနှင့် ဒေသခံများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စားသောက်ဖွယ်ရာများနှင့် ခေါင်လန်ဖူးမြို့နယ် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများအား တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ နောင်မွန်မြို့သို့ ရောက်ရှိကြပြီး နောင်မွန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ပူတာအိုမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းဖို့ နေ့စဉ် ပုံမှန်လမ်းလျှောက်စို့

၁။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၂။ အဆီလျှော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၃။ ဦးနှောက်နှင့် အာရုံကြော အားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၄။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။
၅။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၆။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၇။ စိတ်ဖိစီးမှု လျှော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၈။ ကြွက်သားများကို သန်မာစေ၍ ဖျတ်လတ်သွက်လက်စေသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ❒ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက်မှ

သိုင်းဘွဲ့အောင်၊ မင်းကို၊ ဇော်ဝင်းမောင်၊ သန်းမြင့်ထွန်းနှင့် ချမ်းငြိမ်းတို့ ပါဝင်လာသည်။ မြန်မာယူ-၂၁ အသင်းသည် ဇန်နဝါရီ ၁၂ ရက်အထိ လေ့ကျင့်မည်ဖြစ်ပြီး လိဂ်ပြိုင်ပွဲများ စတင်ကျင်းပပါက တစ်ပတ်လျှင်နှစ်ရက်ဖြင့် ကာလရှည်လေ့ကျင့်မည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ဦးသန်းတိုးအောင်က အုပ်ချုပ်သူအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာယူ-၂၁ အသင်းတွင် အုပ်ချုပ်သူ-ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဦးကြည်လွင်၊ လက်ထောက်နည်းပြ-ဦးကျော်လွင်၊ ဦးချစ်နိုင်၊ ဂိုးနည်းပြ-ဦးမျိုးကျော်အောင်၊ ကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ထွန်းနန္ဒာဦး၊ အောင်မြင့်မြတ်၊ နောက်တန်း-ရဲရင့်အောင်၊ ဝင်းမိုးကျော်၊ ကျော်သူထွန်း၊ သန်းထိုက်ဇင်၊ သက်ပိုင်ထွေး၊ ဟိန်းထက်စည်သူ၊ သူရိန်စိုး၊ အောင်ဖြိုးသာ၊ ကျော်မျိုးနိုင်၊ အလယ်တန်း-မြတ်ကောင်းခန့်၊ မြတ်ထွန်းသစ်၊ ဇေယျာနိုင်၊ စိုးလွင်လွင်၊ ဖွဲ့သက်ပိုင်၊ ဟိန်းထက်အောင်၊ သိုင်းဘွဲ့အောင်၊ မင်းကို၊ ဇော်ဝင်းမောင်၊ ရှေ့တန်း-ဇင်မင်းထွန်း၊ ရွှေကို၊ ချမ်းငြိမ်းနှင့် သန်းမြင့်ထွန်းတို့ ပါဝင်ကြသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



**ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေကူရပ်ကွက် စစ်ကဲလမ်းမှ အထက(၁)ကျောင်းရှေ့၊ ခေတ္တရာမြို့သစ် ဂိတ်ကြီးဝင်းရှေ့တို့တွင် တိုင်းဒေသကြီး မှုခင်းပြခန်းယာဉ်ဖြင့် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်ညွန့်နှင့် တပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းကျဆင်းရေး မှုခင်းပညာပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ဆောင်ရွက်စဉ်။** ၁၄၇

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များမှ IDP စခန်းကိစ္စရပ်များနှင့် လွတ်လပ်စွာ သွားလာခွင့်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေး





**နေပြည်တော် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာကော်မတီ၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များမှ IDP စခန်းကိစ္စရပ်များနှင့် လွတ်လပ်စွာသွားလာခွင့်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်က တည်ရှိခဲ့သော IDP စခန်းများသည် ဘေးဖြစ်စဉ်များကြောင့် ခေတ္တနေထိုင်ရာ စခန်းများသာဖြစ်သင့်သော်လည်း ယခုအခါ ငါးနှစ်ကျော်ကြာ တည်ရှိခဲ့ပြီဖြစ်ကြောင်း၊ IDP စခန်းတွင် နေထိုင်ကြရသူများ သွားလာခွင့်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို ရေရှည်မှီခိုခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ ပညာရေး၊ ကျန်းမာရေးလက်လှမ်းမီခြင်းသည် ၎င်းတို့အတွက် ပိုမို၍အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် IDP စခန်းတွင် နေထိုင်သူများ၏ ဥပဒေနှင့်အညီပူးပေါင်းပါဝင်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် IDP စခန်းတွင်နေထိုင်သူများက လက်ရှိစခန်းကို ပိတ်သိမ်းပြီး သင့်တော်သော ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသဘောတူညီချက်များရယူခဲ့ပြီး အသေးစိတ်အချက်အလက်အား ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် လွတ်လပ်စွာသွားလာခွင့်အတွက် ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် နိုင်ငံသားစိစစ်ခံရမည့်သူ၏သက်သေခံကတ်ပြား (NV Card) ကိုင်ဆောင်ရန်နှင့် NV Card ကိုင်ဆောင်ခြင်းဖြင့် ရရှိနိုင်မည့်အခွင့်အရေးများကို ရှင်းလင်းပြောကြားသည်။

NV Card ကိုင်ဆောင်သူသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် သက်သေခံနိုင်ခြင်း၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန်လျှောက်ထားပိုင်ခွင့်ရှိခြင်း၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားဟုတ်၊မဟုတ် အဆုံးဖြတ်ပေးခံယူနိုင်ပြီး ရရှိသောနိုင်ငံသားအဆင့်အတန်းနှင့်အညီ သတ်မှတ်ထားသော အခွင့်အရေးများရရှိခြင်း၊ NV Card ကိုင်ဆောင်သူမိဘများမှ မွေးဖွားလာသောသားသမီးများသည်လည်း မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိခြင်း၊ NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်အရပ်ဒေသကိုမဆို သွားလာလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်ခရီးသွားလာခွင့်ရှိခြင်း၊ ရခိုင်ပြည်နယ်အတွင်း တရားဝင်ဖွင့်လှစ်ထားသောနယ်စပ်ဝင်၊ထွက်ဂိတ်မှတစ်ဆင့် နိုင်ငံဖြတ်ကျော်လက်မှတ်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင် ဝင်၊ထွက် သွားလာခွင့်ရှိခြင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မိမိနေထိုင်ရာမြို့နယ်အတွင်း ပြည်နယ်အစိုးရက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ လွတ်လပ်စွာခရီးသွားလာခွင့်ရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်သို့ ရေလုပ်ငန်းလိုင်စင်ဖြင့် ဥပဒေနှင့်အညီထွက်ခွာခွင့်ရှိခြင်း စသည့်အခွင့်အရေးများရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် သက္ကယ်ပြင် IDPစခန်းမှ စခန်းစီမံခန့်ခွဲမှုကော်မတီဝင်များက သက္ကယ်ပြင် IDP စခန်း ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ IDP စခန်း၏ လက်ရှိအခြေအနေ၊ ပြန်လည်နေရာချထားရာတွင်ဆောင်ရွက်ရမည့် လိုအပ်ချက်များနှင့် လွတ်လပ်စွာသွားလာခွင့်ကိစ္စရပ်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စစ်တွေမြို့ရှိ IDP စခန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မူလ လုပ်ကိုင်နေတဲ့ အသက်မွေးဝမ်းကျောင်းနဲ့ အခက်အခဲမရှိရအောင် အဓိကထားပြီး စီစဉ်တာဖြစ်

***လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ ကြိမ်ချောင်း၊ ကျွန်းပေါက်ပြုစု၊ လဘ်ာဂုံးနားနှင့် ပွင့်ဖြူချောင်းကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိသည့် UEHRD ၏ ပြန်လည်နေရာချထားရေး လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းလေ့လာကြည့်ရှုကြသည်။***

***အဆိုပါ UEHRD ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ပြန်လည်နေရာချထားရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည်-***

**ဒေါက်တာဝင်းမြတ်အေး**
**ပြည်ထောင်စုဝန်ကြီး**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို မနေ့ကရောက်ပါတယ်။ လာတဲ့ခရီးစဉ်က နှစ်ခုပေါ့။ တစ်ခုက ရခိုင်နဲ့ပတ်သက်ပြီး အကြံပေးကော်မရှင်ရှိတယ်။ အဲဒါက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များကို အကောင်အထည်ဖော်တဲ့ Implementation ကော်မတီရဲ့ ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်စရာရှိတာတွေကို လာဆောင်ရွက်တာ တစ်ချက်။ နောက်တစ်ချက်က UEHRD နဲ့ ပတ်သက်ပြီး ပြန်လည်နေရာချထားရေးနဲ့ဆိုင်တဲ့ ကိစ္စပေါ့။

မနေ့က ရောက်ရောက်ချင်းမှာပဲ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးချက်တွေကို အကောင်အထည်ဖော်တဲ့ ကော်မတီအနေနဲ့ ဆောင်ရွက်စရာနှစ်ခုကို စတင်ဆောင်ရွက်နေပါပြီ။ တစ်ခုက ၂၀၁၂ ခုနှစ်ကတည်းက ဖွင့်ခဲ့ရတဲ့ ဒုက္ခသည်စခန်း Camp တွေကို ပြန်လည်ပိတ်သိမ်းရေးနဲ့ ပြန်လည်နေရာချထားရေးကိစ္စတွေကို ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး Camp က တာဝန်ရှိသူတွေ၊ အုပ်ချုပ်တဲ့သူတွေနဲ့တွေ့တယ်။ အစိုးရအဖွဲ့ဝင် တာဝန်ရှိတဲ့ ဌာနဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တွေ့တယ်။ ဒီကိစ္စကို ဆောင်ရွက်တဲ့အခါမှာ ဥပဒေစည်းမျဉ်း၊ စည်းကမ်းနဲ့ ညီညွတ်အောင် ဆောင်ရွက်တာရှိပါတယ်။ ပြန်လည်နေရာချထားဖို့ကို ခံယူမယ့်သူတွေကလည်း ဥပဒေနဲ့အညီ ဆောင်ရွက်မယ့်ကိစ္စကို သဘောတူကြတယ်။ ဒါကို ဆက်လက်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က UEHRD နဲ့ ပတ်သက်ပြီးတော့ ပြန်လည်လက်ခံရေး၊ နေရာချထားရေးနဲ့ပတ်သက်ပြီး တစ်ဖက်နိုင်ငံက ပြန်လာမယ့်သူတွေအတွက် ပြန်လည်နေရာချထားတဲ့နေရာမှာ ဘယ်လိုနေရာချမယ်ဆိုတာကို


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

နဂိုကတည်းက မူချထားပြီးသား ရှိပါတယ်။ ပြန်လည်လက်ခံခြင်းကို နှစ်နိုင်ငံသဘောတူညီချက်အတိုင်းပဲ နှစ်လအတွင်းမှာ ပြန်လည်လက်ခံရမယ့်အစီအစဉ်အတိုင်း လက်ခံရေးစခန်းတွေ ကြိုတင်ပြင်ဆင်တာရှိတယ်။ အိမ်ရာတွေနဲ့ ပတ်သက်ပြီး စီစဉ်ဆောင်ရွက်တာတွေရှိတယ်။ တောင်ပြိုလက်ဝဲ၊ ငါးခူရ ဒါတွေက လက်ခံရေးစခန်းတွေ။ နောက်ပြီး ကြားစခန်းအဖြစ် လှဖိုးခေါင်မှာ စီစဉ်ဆောင်ရွက်နေတာတွေရှိတယ်။

အိမ်ရာတွေကို ပြန်လည်နေရာချရာမှာ နှစ်အိမ်၊ သုံးအိမ်၊လေးအိမ် ကွဲပြားနေတဲ့ အစုလေးတွေရှိတယ်။ အဲဒီအစုလေးတွေကို သူတို့ရဲ့ မူလနေရာ၊ သူတို့ရဲ့


ဒေါက်တာအောင်ထွန်းသက်

အနီးဆုံးနေရာတွေမှာ ပြန်ထားဖို့၊ မူလအိမ်ရှိတဲ့သူကလည်း အိမ်ကိုရဖို့၊ ဒါမှမဟုတ်ရင် လမ်းတွေ အခင်းအကျင်းအနေအထားတွေ ပိုပြီးအဆင်ပြေတဲ့နေရာကို Village Plan ချပြီး အဲဒီအစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ဖို့ သေချာမြေပြင်ပေါ်မှာ ကြည့်ပါတယ်။ သီးခြားခွဲထုတ်ထားတာတော့ မဟုတ်ပါဘူး။ မူလနေရာရောက်တာရှိမယ်၊ မူလနေရာထက် နည်းနည်းကွာတာလည်းရှိမယ်။ အားလုံးကတော့ မိမိမူလလုပ်ကိုင်နေတဲ့ အသက်မွေးဝမ်းကျောင်းနဲ့ အခက်အခဲမရှိရအောင် ဒါကို အဓိကထားပြီး စီစဉ်တာဖြစ်ပါတယ်။ ပထမပြောခဲ့တဲ့ ကိုဖီအာနန် ကော်မရှင်ရဲ့ Implementation အကောင်အထည်ဖော်တဲ့လုပ်ငန်းတွေကတော့ စစ်တွေမှာရှိတဲ့ သက္ကယ်ပြင် ပြန်လည်နေရာချထားရေးအတွက် စီစဉ်ခဲ့တယ်။ အခုဆက်ပြီး မြေပုံမှာရှိတဲ့စခန်းကို ပြန်လည်နေရာချထားတဲ့ကိစ္စ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းသက်**
**UEHRD ညှိနှိုင်းရေးမှူးချုပ်**

ဆရာတို့ အခုလာတဲ့ ရည်ရွယ်ချက်က လက်ရှိ ဒီမှာဆောင်ရွက်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ပြန်လည်နေရာချထားရေးစခန်းတွေကို ကြည့်တဲ့ကိစ္စပါ။ အဲဒီလိုကြည့်တဲ့အခါမှာ အဆင်သင့်ဘယ်လောက်ရှိလဲဆိုတာ ဒေသခံတွေ၊ တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး ဒီလိုပြန်လည်တည်ဆောက်ရေးလုပ်တဲ့နေရာမှာ ရန်ကုန်ကလုပ်ငန်းရှင်တွေမဟုတ်ဘဲနဲ့ ရခိုင်ပြည်နယ်က လုပ်ငန်းရှင်တွေအားလုံး စည်းရုံးပြီး လုပ်ခြင်းဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ နိုင်ငံတော်အစိုးရက ဦးဆောင်တဲ့ လုပ်ငန်းဖြစ်ပြီး တစ်ဖက်ကလည်း ပုဂ္ဂလိကကဏ္ဍကလှုပ်ရှားတဲ့ လှုပ်ရှားမှုတစ်ရပ်လည်း ဖြစ်တယ်။ ဒါကြောင့် ပုဂ္ဂလိကကဏ္ဍလို့ ပြောတဲ့အခါမှာ တစ်ခါတစ်ရံမှာ ရန်ကုန်လို မြို့ကြီးတွေက ပုဂ္ဂလိကကဏ္ဍကို စဉ်းစားတာမျိုးမဟုတ်ဘဲ ဒေသခံတွေဖြစ်တဲ့ ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေကို စဉ်းစားပြီး ပါဝင်ပတ်သက်မှုကို ဦးစားပေးတာဖြစ်ပါတယ်။ အခု ပြန်လည်လက်ခံမယ့် ကြိုဆိုရေးစခန်းတွေရှိသလို သူတို့ကို ခေတ္တခဏကြိုဆိုမယ့်နေရာတွေကိုလည်း ဆရာတို့ လိုက်ကြည့်ပါတယ်။ သူတို့ကို ပြန်လည်နေရာချထားမယ့်နေရာတွေကို လိုက်ကြည့်ပြီး တာဝန်ရှိသူတွေနဲ့ အသေးစိတ်ပြန်လည်ဆွေးနွေးဖို့လည်း ရှိပါတယ်။ အရေးကြီးတာကတော့ ဆရာတို့ အမြန်ဆုံးပြုလုပ်ရမယ့် အစီအစဉ်တွေ ဖြစ်လို့ပါပဲ။

**သတင်း-ဇေယျာ၊ မြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**

# ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရေးအတွက် ထရန်စဖော်မာများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရေးနှင့် အခြားအရေးကြီးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Asia General Electric Co.,Ltd နှင့် Hitachi Soe Electric Co.,Ltd တို့မှ ထုတ်လုပ်သော ထရန်စဖော်မာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ ထရန်စဖော်မာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားတိုး မြှင့်ဖြန့်ဖြူးရေးနှင့် အခြားအရေးကြီး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Asia General Electric Co.,Ltd နှင့် Hitachi Soe Electric Co.,Ltd တို့မှ ထုတ်လုပ်သော ထရန်စဖော်မာများ ပေးအပ်လှူဒါန်းပွဲနှင့် ကျေးဇူးတင်မှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနား ဖြစ်ပါကြောင်း၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အရည်အသွေးပြည့်ဝစွာဖြင့် စဉ်ဆက်မပြတ်အန္တရာယ်ကင်းစွာသုံးစွဲနိုင်ရန် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပြည်သူများအတွက် ၃၉ ရာခိုင်နှုန်း ဓာတ်အားရရှိရေးဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရာခိုင်နှုန်းပြည့် ဓာတ်အားရရှိနိုင်ရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ၊ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်ကြီးများပါ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် JV, MOU, MOA များ လက်မှတ်ရေးထိုးပြီး ပြည်သူများကို ထိခိုက်မှုအနည်းဆုံးနှင့် အကျိုးဖြစ်ထွန်းမှုအများဆုံး ရရှိနိုင်သည့် စီမံကိန်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် မိတ္ထီလာ-တောင်ငူ ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

၂၃၀ ကေဗွီ ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်နိုင်ရန် နှစ်စဉ် နိုင်ငံတော်ဘတ်ဂျက်နှင့် ချေးငွေများရရှိရေး ဆောင်ရွက်နေကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် နိုင်ငံတော်မှ နေ့စဉ် ငွေကျပ် ၁ ဒသမ ၂ ဘီလီယံခန့် အရှုံးခံစိုက်ထုတ်ပေးလျက်ရှိကြောင်း၊ ဓာတ်အားဖြန့်ဖြူးမှုအပိုင်းတွင်လည်း ရန်ကုန်နှင့်မန္တလေးတို့တွင် ကော်ပိုရေးရှင်းများဖွဲ့စည်းလျက် နိုင်ငံတော်၏ အထောက်အပံ့ကင်းစွာဖြင့် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်မှ လျှပ်စစ်ကဏ္ဍတွင် စိုက်ထုတ်ဆောင်ရွက်ရမှုမရှိစေရန်နှင့် ဓာတ်အားသုံးစွဲသူပြည်သူများက အရည်အသွေးပြည့်ဝသော လျှပ်စစ်ကို စဉ်ဆက်မပြတ် အန္တရာယ်ကင်းစွာဖြင့် သုံးစွဲနိုင်ရေး နည်းလမ်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားဖြန့်ဖြူးမှု ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိရာ ဓာတ်အားစနစ်ကျယ်ပြန့်စွာ ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့လက်ခံရရှိသော ထရန်စဖော်မာများအား နိုင်ငံတော်ဘတ်ဂျက်ဖြင့် မဆောင်ရွက်နိုင်သော ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခုလို ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေးအတွက် Asia General Electric Co.,Ltd နှင့် Hitachi Soe Electric Co.,Ltd တို့မှ ထုတ်လုပ်သော ထရန်စဖော်မာများအား သဒ္ဓါစိတ်အားထက်သန်စွာ ပေးအပ်လှူဒါန်းခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ လုံခြုံရေးနှင့်အေးချမ်းတည်ငြိမ်ရေးကို အထောက်အကူဖြစ်စေသည့်အပြင် လူမှုဘဝတိုးတက်မြင့်မားရေးအတွက်လည်း တစ်တပ်တစ်အား အကူအညီဖြစ်စေမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး ကျေးဇူးတင်မှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ စံပြသားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂**

၂၀၁၈ ခုနှစ် နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စံပြသားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

စံပြသားကောင်းမိခင်ပြိုင်ပွဲတွင် မိခင်များအား ကိုယ်ဝန်ဆောင်သည့်အကြိမ်၊ မွေးဖွားသည့်အကြိမ်၊အသက်ရှင်လျက်ရှိသည့် ကလေးဦးရေ၊ သေဆုံးသည့်ကလေးဦးရေ၊ သားပျက်သည့်ကလေးဦးရေ၊ ကလေးအရေအတွက်၊ အထွေထွေကျန်းမားရေး၊ အထွေထွေရောဂါကင်းရှင်းမှု၊ အာဟာရချို့တဲ့ခြင်းကင်းရှင်းမှု၊ ကျန်းမာရေးအသိပညာရှိမှု၊ မေးခိုင်ကာကွယ်ဆေးထိုးမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပညာအရည်အချင်း၊ မိခင်အလုပ်အကိုင်နှင့် သားသမီးပညာရေးတို့ကိုစစ်ဆေးခြင်း၊ ကလေးပြိုင်ပွဲတွင် ကလေးများအား ကိုယ်ခန္ဓာဖွံ့ဖြိုးမှုကို စစ်ဆေးရာတွင် ဦးခေါင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ သွား၊ ပါးစပ်၊ အဆုတ်၊ နှလုံး၊ ဝမ်းဗိုက်၊ အင်္ဂါစပ်နှင့် စအိုတို့ကိုလည်းကောင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု စစ်ဆေးရာတွင် ဆံပင်၊ မျက်စိ၊ နား၊ နှာခေါင်း၊ သွား၊ ပါးစပ်၊ အရေပြား၊ လက်သည်း၊ ခြေသည်းနှင့် ဝတ်စားဆင်ယင်မှုတို့ကိုလည်းကောင်း၊ အသိပညာဖွံ့ဖြိုးမှုနှင့် ကာကွယ်ဆေးထိုးမှုတို့ကို စစ်ဆေးကြောင်း ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (စီမံ/ဘဏ္ဍာ) ဒေါက်တာခင်ခင်ဇော်က ပြောသည်။



အဆိုပါပြိုင်ပွဲများ၌ စံပြသားကောင်းမိခင်ပြိုင်ပွဲတွင် မိခင်အသက် ၂၀ မှ ၄၀ အထိ မိခင် ၂၀၊ ကလေးပြိုင်ပွဲတွင် မွေးကင်းစအရွယ်မှ အသက်နှစ်နှစ်အထိ ကလေးငယ် ၇၀ တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆုများကို လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းနားတွင် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး ရှင်းလင်းဆွေးနွေး

**စစ်တွေ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေးပွဲကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဒီဇင်ဘာလအတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့သို့ ရှင်းလင်းဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးသည် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် မာန်အောင်မြို့နယ်များသို့သွားရောက်ပြီး ပြည်သူများနှင့်တွေ့ဆုံကာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးများအနေဖြင့် ဘဝတစ်သက်တာဖွံ့ဖြိုးမှု၏ အရေးကြီးဆုံးကာလဖြစ်သော လူသားဘဝအစ ရက်တစ်ထောင်ကာလအတွင်း အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာအသိပညာများ၊ အလေ့အထကောင်းများရရှိစေရန်လိုကြောင်း၊ ပြည်နယ်အတွင်းရှိရင်းစွဲအစီအမံများ၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများကို ပြည်သူများပိုမိုလက်လှမ်းမီရယူနိုင်စေရန်၊ ပြည်နယ်လူထုအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သောမိသားစုစီမံကိန်းများ ကောင်းမွန်စွာရေးဆွဲနိုင်စေရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာသန်စွမ်း၊ ဉာဏ်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ယခုလိုထောက်ပံ့ပေးနိုင်ရန်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ပြောကြားပြီး MCCT အစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့်ဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသောဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းအစီအစဉ်အရရ ခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအားလုံးအတွက် ငွေကြေးထောက်ပံ့မှုကို ဇန်နဝါရီလမှစတင်၍ တစ်လလျှင် ငွေကျပ်တစ်သောင်းငါးထောင်နှုန်းဖြင့် သုံးလတစ်ကြိမ် ငွေကျပ်လေးသောင်းငါးထောင်ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မိုးစပါးရိတ်သိမ်းခြွေလှေ့မှုပြီးစီး

**မောင်တော ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးသွားသည့် ကျေးရွာများရှိ “ရိတ်သူမဲ့လယ်မြေ”များအား စက်မှုလယ်ယာဦးစီးဌာနက ရှေ့တန်းစခန်းများဖွင့်လှစ်၍ ဌာနမှ ရိတ်သိမ်းခြွေလှေ့စက် ၃၃ စီး၊ ပြည်နယ်အစိုးရပိုင် ရိတ်သိမ်းခြွေလှေ့စက် ၂၈ စီး စုစုပေါင်း ရိတ်သိမ်းခြွေလှေ့စက် ၆၁ စီး၊ ဌာနဝန်ထမ်း ၁၃၇ ဦးဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ စတင်ရိတ်သိမ်းခြွေလှေ့ပေးခဲ့ရာ ဒီဇင်ဘာ ၂၈ ရက်အထိ မောင်တောမြို့နယ်တွင် မိုးစပါးဧက ၉၁၃၆ ဧက၊ ဘူးသီးတောင်မြို့နယ်တွင် ၁၈၃ ဧက၊ ရသေ့တောင်မြို့နယ်တွင် ၂၉၈ ဧက စုစုပေါင်း ၉၆၁၇ ဧက ရိတ်သိမ်းပြီးစီးခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်အရ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စခန်းသိမ်း၍ မောင်တောဒေသရိတ်သိမ်းခြွေလှေ့လုပ်ငန်းများ ရပ်နားခဲ့သည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ခရေမြိုင်(တိုင်းရင်းသား) ကျေးရွာ၊ ငွေတောင်(တိုင်းရင်းသား)ကျေးရွာ၊ ရွာသာယာ(တိုင်းရင်းသား)ကျေးရွာနှင့် မောရဝတီ (တိုင်းရင်းသား)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား)ကျေးရွာ၊ ကြိမ်ချောင်း(ရောနှော)ကျေးရွာ၊ တမန်းသား(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားသုံးကောင်၊ ဆိတ်တစ်ကောင်နှင့် ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား) ကျေးရွာ၊ ငါးခူရ(ရောနှော)ကျေးရွာနှင့် ရွက်ညိုတောင်(တိုင်းရင်းသား)ကျေးရွာနှင့် ကပ္ပတောင်း(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်သုံးကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်းသုံးခုရှိ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခြောက်ကောင်နှင့် ဆိတ်ခုနစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက် ပေးခဲ့ပြီး ယနေ့အထိစခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၆၄ ကောင်နှင့် ဆိတ် ၇၂၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်၌ ယနေ့နံနက် အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၃ နာရီခန့်က သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မြယမုံ(၄)လမ်း လမ်းသွယ်(၂)နေ ဒေါ်မင်းမင်းဇော်(ခ)ဒေါ်မြခြယ်ဇော်၏ နေအိမ်နှစ်ထပ်တိုက်အပေါ်ထပ်ဧည့်ခန်းအတွင်း တီဗွီစင်နောက်ဘက်ရှိ မီးပလတ်ခုံတွင် တယ်လီဖုန်း၊ လက်ဆွဲမီးအိမ်၊ တီဗွီကြိုးများစုပုံ၍ အားသွင်းထားရာမှ အပူလွန်ကဲပြီး အနီးရှိစာအုပ်စင်သို့ မီးကူးစက်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။ အဆိုပါမီးလောင်မှုကြောင့် နှစ်ထပ်တိုက်အတွင်းရှိ အပေါ်ထပ်ဧည့်ခန်းမှ မျက်နှာကြက်များ၊ စာအုပ်စင်၊ တီဗွီနှစ်လုံး၊ အဲကွန်းတစ်လုံး၊ ဖုန်းနှစ်လုံး၊ Receiver နှင့် အဝတ်အစားအနည်းငယ် မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် သဃ်န်းကျွန်းမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီးအပါအဝင် မီးငြိမ်းသတ်ယာဉ် ၁၄ စီး၊ အထောက်အကူပြုယာဉ် လေးစီး၊ ကွပ်ကဲမှုယာဉ်သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂၄ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြရာ ၂၅ မိနစ်အကြာတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၃ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ပိုင်ရှင် ဒေါ်မင်းမင်းဇော်(ခ)ဒေါ်မြခြယ်ဇော်အား သဃ်န်းကျွန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပွင့်သစ္စာ**



# စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီက မိုးညှင်းမြို့နယ် မော်ဟန်-နမ့်ချီမော်ကားလမ်း နတ်ကြီးစင်အနီး၌ ထွန်းအောင် မောင်းနှင်သည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ခုနစ်ခွက် (ဘိန်းဖြူအလေးချိန် ၇၀ ဂရမ်) သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၃) ရပ်ကွက် မွေးမြူရေးဇုန်(၁)လမ်းနေ ရန်နိုင်စိုး(ခ)စိုးလေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၉၅ ပြား၊ တူမီးသေနတ်တစ်လက်၊ ယမ်းမှုန့် ၁၅၂ ဂရမ်၊ ခဲသီးအလုံး ၂၁၀၊ ယမ်းကတ် ၂၂ ကတ်၊ ငွေကျပ် ၅၅၀၀၀၊ ထိုင်းဘတ် ၂၀ တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာ မီးရထားသံလမ်းကူးအနီး၌ ငွားလေးမောင်းနှင်ပြီး မတုန်ဝူမီး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ဒူးကာ နှင့် လေစစ်ဘူးအတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၁၀ ၊ လက်ကိုင်ဖုန်း နှစ်လုံး၊ ငွေကျပ် ၅၅၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ တုန်းလေး မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၆၃၀၊ စိတ်ကြွဆေးပြား အကြေမှုန့်ဂရမ် ၁၂၀၊ ဘိန်းဖြူ ၁၆ ဂရမ်၊ ဘိန်းစိမ်းဂရမ် ၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီခန့်က တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ရှိန်တဲ့စင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် ၆၂ ကီလို၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်တစ်ခုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုင်းပြင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပြင်းမြို့ အဝင်၌ မူးယစ်ဆေးဝါးများပိုင်ရှင် လောက်ဝူး၊ အားတီ၊ ရန်ကျူးနှင့်ကျန်ယိုကွေး တို့ လေးဦးကို မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်မြို့နယ်၌ ကြက်သွန်စိုက်တောင်သူများ ရေနစ်မြုပ်မျောပါမည်စိုးရိမ်နေရ



**ပေါက် ဇန်နဝါရီ ၂**

အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ယောချောင်းဘေးတစ်လျှောက် ကြက်သွန်စိုက်တောင်သူများ ရေနစ်မြုပ်မျောပါမည်ကိုစိုးရိမ်နေကြရကြောင်း သိရသည်။

ယောချောင်းဘေးတစ်လျှောက် ကြက်သွန်စိုက်ခင်းများသည် လက်ရှိအခြေအနေအရ မိုးဖွဲဖွဲရွာသွန်းနေပြီး မြေအောက်စိမ့်စမ်းရေများ မြင့်တက်နေခြင်းကြောင့် ကြက်သွန်စိုက်ခင်းအချို့ ရေအနည်းငယ်တက်စပြုလာ၍ ချောင်းစပ်စိုက်ခင်းအချို့မှာလည်း ချောင်းရေမြင့်တက်လာကာ စိုက်ခင်းအချို့အနည်းငယ်ရေတိုက်စားခြင်းခံရသည်။ လက်ရှိအခြေအနေအရ ပျက်စီး ဆုံးရှုံးမှုနည်းပါးသော်လည်း ဆက်လက်မိုးရွာသွန်းမည်ဆိုပါက စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**



# ပုဏ္ဏားကျွန်းမြို့၌ ဆေးခြောက် ၁၀ ကီလိုဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်ရှိ စစ်တွေ-မန္တလေး ရွှေပြည်စိုး အမြန်ယာဉ်ကားဂိတ်တွင် ငွေကျပ်သိန်း ၅၀ ခန့်တန်ဖိုးရှိ ဆေးခြောက် ၁၀ ကီလိုဂရမ်အား သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ အမြန်ယာဉ်ကားဂိတ် မော်တော်ယာဉ်လိုင်းဂိတ်မှူးမရှိစဉ် လာရောက်အပ်နှံထားသည့် ခရီးဆောင်အိတ်အား မသင်္ကာသဖြင့် မြို့မစခန်းသို့ ဖုန်းဆက်သတင်းပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖွင့်ဖောက်စစ်ဆေးရာ ဆေးခြောက် ၁၀ ကီလိုဂရမ်အား တွေ့ရှိသောကြောင့် ခရီးဆောင်အိတ်ကို လာရောက်ပို့ဆောင်သူ (ဖမ်းမမိ) အား ပုဏ္ဏားကျွန်းမြို့မစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများ မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများ သယ်ဆောင်လာမှုကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက ဇန်နဝါရီ ၁ ရက်က သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။




မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် ခရီးသည်တင် မှန်လုံယာဉ်နှစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့များက စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော PSI စလောင်း (၂၀၀)U၊ PSI စဒေါက်တိုင် (၁၆၀) U၊ PSI ထိပ်ဖူး (၉၀)U၊ PSI အထိုင်စက် (၁၅၀)U၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၈ သန်းအား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဇန်နဝါရီ ၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၃ စီး၊ သွင်းကုန် ၁၀၁၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၃ စီး၊ သွင်းကုန် ၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**

# ရန်ကုန်-ပြည်လမ်းပေါ် လမ်းလျှောက်လာသူနှစ်ဦးအား ယာဉ်တိုက်မိ၊ ယာဉ်မောင်းထွက်ပြေး

**တိုက်ကြီး ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းတောင်မှမြောက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသော ယာဉ်အမျိုးအစား(စုံစမ်းဆဲ) ယာဉ်သည် မိုင်တိုင်အမှတ် (၄၉/၂) နှင့် (၄၉/၃) ကြားတွင် လမ်းလျှောက်လာသူ ဦးတင်ဝင်း (၅၅)နှစ်၊ အုတ်လုပ်သား ဗောဓိကုန်းရပ်ကွက် တိုက်ကြီးမြို့နေသူနှင့် ဒေါ်မာကြည် ၄၀ နှစ်တို့ နှစ်ဦးအား ဝင်ရောက်တိုက်မိကာ ဦးတင်ဝင်းမှာ ယာနဖူးပေါက်ပြဲ၊ ဝမ်းဗိုက်ပေါက်ပြဲ ဒဏ်ရာများရရှိရာ တိုက်ကြီးဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့(စိုးရိမ်ရ)ဖြင့် လွှဲပြောင်းကုသရပြီး ဒေါ်မာကြည်တွင် နဖူးပေါက်ပြဲ၊ ဝဲပါးပွန်းပဲ့ဒဏ်ရာဖြင့် တိုက်ကြီးဆေးရုံသို့ အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့်ကုသခဲ့ရသဖြင့် ယဉ်အားမဆင်မခြင်မောင်းနှင်သူအား ယာဉ်မှုစစ်က အရေးယူပေးပါရန်တိုင်ကြားသဖြင့် တိုက်ကြီးရဲစခန်းက အမှုဖွင့်လျက် ယာဉ်မောင်းအား ဖမ်းဆီးနိုင်ရေးစုံစမ်းလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## မူးယစ်ဟူသမျှ ဆန့်ကျင်ကြ

# တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ခြောက်ရက်မြောက်နေ့ အာဂုံပြန်ဆိုပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ခြောက်ရက်မြောက်နေ့ အာဂုံပြန်ဆိုပွဲအဖြစ် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အာဂုံပြန်ဆိုပွဲ ခြောက်ရက်မြောက်နေ့အထိ ပထမအသုတ်၌ အဘိဓမ္မာ(ဒုတိယပိုင်း)တွင် သံဃာတော်အရှင်သူမြတ်တစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း)တွင် သံဃာတော်အရှင်သူမြတ်နှစ်ပါး၊ ဒီဃနိကာယ်သုံးကျမ်းတွင် သံဃာတော်အရှင်သူမြတ် လေးပါး၊ ဝိနည်း(ဒုတိယပိုင်း)တွင် သံဃာတော်အရှင်သူမြတ် ၂၆ ပါးနှင့် ဝိနည်း(ပထမပိုင်း)တွင် သံဃာတော်အရှင်သူမြတ် ၂၉ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၆၂ ပါး အာဂုံပြန်ဆိုတော်မူလျက်ရှိကြပြီး အာဂုံပြန်ဆိုပွဲကို ဇန်နဝါရီ ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ၏ အာဂုံပြန်ဆိုစာမေးပွဲသို့ သံဃာတော်အရှင်သူမြတ်အပါး ၂၁၀ နှင့် ရေးဖြေစာမေးပွဲသို့ သံဃာတော်အရှင်သူမြတ်အပါး ၁၇၀တို့ အာဂုံပြန် ဖြေဆိုတော်မူကြမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကိုမူ ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှစ၍ (၆၉) ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံနှင့် ရေးဖြေအောင် သာသနဒ္ဓဇနည် အရှင်သူမြတ် ၁၄ ပါးနှင့် တိပိဋကဓရ ပိဋကသုံးပုံဆောင် သာသနဒ္ဓဇနည် ခုနစ်ပါးတို့ ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်များသည် အာဂုံပြန်အဆင့်(၅)ဆင့်နှင့် သဘောရေးဖြေအဆင့်(၄)ဆင့် ဖြေဆိုအောင်မြင်ထားပြီး ရေးဖြေနောက်ဆုံးအဆင့်ဖြစ်သည့် အဘိဓမ္မပိဋက (နောက်ပိုင်း) ဖြေဆိုအောင်မြင်ပါက စာမေးပွဲကြီး၏ပန်းတိုင်ဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို ရရှိမည်ဖြစ်သောကြောင့် တိပိဋကဓရ တိပိဋကကောဝိဒလောင်းလျာများဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-လှမိုး**



# ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကြီးမှူးဖွင့်လှစ်သည့် အခမဲ့ကွန်ပျူတာသင်တန်းကျောင်းဖွင့်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကြီးမှူးဖွင့်လှစ်သော အခမဲ့ကွန်ပျူတာသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းကျောင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ကော်မတီဝင် ဒေါက်တာသန့်သော်ကောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒေါက်တာသန့်သော်ကောင်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ယခုကွန်ပျူတာသင်တန်းကျောင်း ဖွင့်လှစ်မှုလုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သင်တန်းကျောင်းအတွက် ကွန်ပျူတာသုံးလုံးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပေးအပ်လှူဒါန်းပြီး ပုပ္ပားတောင်ချစ်သူများအသင်းဥက္ကဋ္ဌ ဦးတိုးက ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူယွန်းပန်းချီကားကို လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ကွန်ပျူတာသင်တန်းကျောင်းတွင် အသုံးပြုမည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ပံ့ပိုးကူညီလှူဒါန်းသည့် တရုတ်(တိုင်ပေ) ကွန်ပျူတာနည်းပညာပို့ချမှုစင်တာအား ဂုဏ်ပြုမှတ်တမ်းလွှာကို ဒေါက်တာသန့်သော်ကောင်းက ပေးအပ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကွန်ပျူတာသင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)**



အဆိုပါ ကွန်ပျူတာသင်တန်းကျောင်းကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းချိန်တစ်ချိန်လျှင် သင်တန်းသား ၂၀ စီဖြင့် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ စတင်သင်ကြားပေးလျက်ရှိရာ ကျောက်ပန်းတောင်းမြို့ပေါ်မှ စိတ်ဝင်စားသူများနှင့် ပုပ္ပားဒေသမှ ဒေါင်းလည်ရွာ၊ သီးကုန်းရွာ၊ သံဘိုရွာ၊ ဆည်ပေါက်၊ ပုပ္ပား၊ ပုပ္ပားလွန်၊ မြောက်တော၊ ချိုင်း၊ ကျောက်တံခါး အစရှိသည့်ကျေးရွာများမှ စိတ်ပါဝင်စားသူ လူကြီး/လူငယ်များတက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကျောက်ပန်းတောင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး ၁၉၉၁ ခုနှစ်က ဆောက်လုပ်ခဲ့သည့် အလျား၂၇၂ ပေ၊ အနံပေ ၁၃၀ ရှိ အန္တရာယ်ရှိ ဘုရင့်နောင် ကျောင်းဆောင်အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါတွေ့ဆုံပွဲနှင့် ကွန်ပျူတာသင်တန်းကျောင်းဖွင့်ပွဲတို့သို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ သင်တန်းတာဝန်ခံများ၊ သင်တန်းသားသင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**နေအောင် (IPRD)**




# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်(တာချီလိတ်ဘဏ်ခွဲ)ဖွင့်လှစ်

**တာချီလိတ် ဇန်နဝါရီ ၂**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက အင်းဝဘဏ်လီမိတက်(တာချီလိတ်ဘဏ်ခွဲ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ)သည် အင်းဝဘဏ်လီမိတက်၏ ၄၆ ခုမြောက် ဘဏ်ခွဲဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီး လုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးဇူးတင်ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာနှင့် သံဃာတော်အပါး(၁၈၀၀၀)တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကြီးကို ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ(၁)ရက်နေ့တွင် အောင်မြင်စွာကျင်းပပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။

တစ်သက်မှာတစ်ခါကုသိုလ်ယူ ကျင်းပပြုလုပ်ခွင့်ရသည့် ဤမဟာမင်္ဂလာအခမ်းအနားကြီးသို့ ကြွရောက်ချီးမြှင့်ခဲ့ပါသော နိုင်ငံ့ဦးသျှောင်ထေရ်ကြီးဝါကြီး ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးများနှင့်ဂိုဏ်းပေါင်းစုံ တိုင်း/မြို့နယ်သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်မှ သံဃာတော်အရှင်မြတ်များ၊ အထူးအားဖြင့် အစ အလယ် အဆုံး ကိုယ်စိတ်နှစ်ပါးပင်ပန်းမှုကိုပဓာနမထားဘဲ အသေးစိတ်စီမံညွှန်ကြားပေးပါသော ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဇေယျာလူမှုထူးချွန်ဆု၊ နိုင်ငံစွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် ဒေါက်တာဘဒ္ဒန္တကုဏ္ဍလ အရှင်သူမြတ်နှင့် ရန်ကုန်တိုင်းဒေသကြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ သံဃာတော်များ၊ စည်းကမ်းထိန်းသိမ်းရေး သံဃာတော်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတကြီးနှင့်ဇနီးအမျိုးပြုသည့် နိုင်ငံတော်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဌာနဆိုင်ရာများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်းအမှုထမ်းများ၊ လိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့ကြသော ပင်မအလှူရှင်များ၊ မြန်မာနိုင်ငံတစ်ဝှမ်းမှ အလှူရှင်များနှင့် နိုင်ငံတကာမှ ပေးပို့လှူဒါန်းကြသည့် အလှူရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အခမ်းအနား ကျင်းပရေးကော်မတီအသီးသီးမှ ကော်မတီဝင်များ၊ လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဝေယျာဝစ္စ ကုသိုလ်ယူခဲ့ကြသည့် ဝန်ထမ်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် လုပ်အားဒါနပြုခဲ့ကြသည့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့ အသီးသီးမှ လုပ်အားဒါန ပြုလုပ်ခဲ့ကြသည့် ကုသိုလ်ရှင်များ၊ သံဃာတော်အပါး (၁၈၀၀၀)တို့အား ဆွမ်းဆက်ကပ်ကြသည့် အလှူရှင်များနှင့် ဆွမ်းစားဗိမာန်များ ဆောက်လုပ်၍ ဆွမ်းဆက်ကပ်လှူဒါန်းကြသည့် ကုမ္ပဏီများ၊ သံဃာတော်များအား ကြိုဆိုပင့်ဆောင်ရေးနှင့် ဝေယျာဝစ္စပြုလုပ်ရန် မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင် ကုသိုလ်ယူခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့နှင့် YBS ယာဉ်လိုင်း၊ ပုဂ္ဂလိက ယာဉ်လိုင်းများမှ တာဝန်ရှိသူများနှင့်ယာဉ်လုပ်သားများ၊ သီးခြားမော်တော်ယာဉ်အလှူရှင်များ၊ စီမံခန့်ခွဲမှုကုသိုလ်ယူခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းအမှုထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိမိတို့ကျရာကဏ္ဍအသီးသီးမှ ဝေယျာဝစ္စကုသိုလ်ယူခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့များ၊ ရုပ်မြင်သံကြားမှ တစ်ဆင့် ဖူးမြော်ကြည်ညိုသဒ္ဓါပွားများကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်း/သာမဏေများ၊ သီလရှင်များ၊ ပြည်သူပြည်သားများနှင့် ကုသိုလ်ယူထုတ်လွှင့်ပေးသော သတင်းမီဒီယာ အသီးသီးရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဝန်ထမ်းများ၊ ရုပ်မြင်သံကြားထုတ်လွှင့်ရန် အဓိကတာဝန်ယူကြသော ရွှေသံလွင်ကုမ္ပဏီ SKY NET ရုပ်သံလိုင်းမှဝန်ထမ်းများ၊ သံဃာတော်အပါး(၁၈၀၀၀)တို့အား တတ်စွမ်းသမျှ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြသော စေတနာရှင်အလှူရှင်များနှင့် လုပ်အားဒါနပြုခဲ့ကြသူများ၊ ရွှေတိဂုံစေတီတော်နှင့် ဆက်စပ်သမျှ မြင်အပ်/မမြင်အပ် ပုဂ္ဂိုလ်အရပ်ရပ်နှင့် အဘက်ဘက်မှပံ့ပိုးကူညီဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အားလုံးတို့အား အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာနှင့်**
**ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ဃ) ပုဒ်မခွဲ (င) တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များမှအပ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခဲ့သော အစုရှယ်ယာများအား ပထမအကြိမ် ခွဲဝေသတ်မှတ်ပြီးနောက် ဆောင်ရွက်သောအစုရှယ်ယာများ ခွဲဝေသတ်မှတ်ခြင်း တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၁၆။ပုဒ်မ ၂၁၅၊ ပုဒ်မခွဲ (ဃ) ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်သည့် ကိစ္စရပ်များတွင် ကမကထပြုသူ၊ ဒါရိုက်တာ သို့မဟုတ် ထိုသို့ဆန့်ကျင်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ် ၁၀သိန်းကို ပေးဆောင်ရန် တာဝန်ရှိသည်။

**နည်းလမ်းမကျသော ခွဲဝေသတ်မှတ်ခြင်း၏ အကျိုးသက်ရောက်မှုများ**

၂၁၇။(က) ပုဒ်မ ၂၁၅ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ကုမ္ပဏီတစ်ခုက ပြုလုပ်သည့် ခွဲဝေချထားမှုအပေါ် လျှောက်ထားသူတစ်ဦးသည် ကုမ္ပဏီက ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးကျင်းပပြီးသည့်နေ့ရက်မှ ၂၈ ရက်အတွင်း လျှောက်ထားပါက အဆိုပါ ခွဲဝေမှုသည် ပျက်ပြယ်စေရမည် သို့မဟုတ် ကုမ္ပဏီက ဥပဒေအရလိုက်နာဆောင်ရွက်ရသော အစည်းအဝေးအားကျင်းပရန် မလိုသည့်အခါတွင် ခွဲဝေသတ်မှတ်ခြင်းပြုလုပ်သည့် နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားပါက အဆိုပါခွဲဝေမှုသည် ပျက်ပြယ်စေရမည်။ ယင်းပျက်ပြယ်ခြင်းသည် ကုမ္ပဏီမှ စာရင်းရှင်းလင်း ဖျက်သိမ်းရသည့် အကြောင်းကိစ္စ ဖြစ်စေကာမူ အကျိုးသက်ရောက်စေရမည်။

(ခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည် ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သိလျက်ဖြင့်ဆန့်ကျင်၍ ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ထိုသို့ ဆန့်ကျင်၍ဆောင်ရွက်မှုကို ခွင့်ပြုခဲ့လျှင် ကုမ္ပဏီနှင့် ခွဲဝေသတ်မှတ်ခြင်းခံရသူများအပေါ် ၎င်းတို့တွင် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန်တာဝန်ရှိသည်။ သို့ရာတွင် ခွဲဝေသတ်မှတ်သည့်နေ့ရက်မှ နှစ်နှစ်ကာလကျော်လွန်ပြီးနောက်တွင် အဆိုပါဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအား ပြန်လည်ရရှိရန်အတွက် တရားစွဲဆိုဆောင်ရွက်ခြင်း မပြုရ။

**စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

၂၁၈။ (က)ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အောက်ပါအချက်များ ပေါ်ပေါက်ခြင်းမရှိလျှင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို စတင်ဆောင်ရွက်ခြင်းမပြုရ သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခွင့် မရှိစေရ -

(၁) ငွေသားဖြင့် ပမာဏတစ်ရပ်လုံးအား ပေးချေရမည့် အစုရှယ်ယာများကို အနည်းဆုံး ထည့်ဝင်ငွေကြေးပမာဏထက် မလျော့နည်းသည့် ပမာဏတစ်ရပ်သို့ ခွဲဝေသတ်မှတ်ခြင်း၊

(၂) ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးသည် ၎င်းတို့က ရယူမည်ဖြစ်သော သို့မဟုတ် ရယူမည်ဟု ပဋိညာဉ်ပြုလုပ်ထားသော အစုရှယ်ယာတစ်ရပ်စီအတွက် ငွေပေးချေရာတွင် ၎င်းတို့က ငွေသားဖြင့်ပေးချေရန် တာဝန်ရှိပြီး အများပြည်သူက ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ခွဲဝေသတ်မှတ်ခြင်းများအပေါ် ပေးချေရမည့် အချိုးအစားနှင့်တူညီသော အချိုးအစားအတွက် ပေးချေခဲ့ခြင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသော ကုမ္ပဏီအတွက်မူ အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ငွေသားဖြင့် ပေးချေခြင်း၊

(၃) အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံတွင် ဖြည့်သွင်းဖော်ပြလျက် အတွင်းရေးမှူးကဖြစ်စေ၊ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ တရားဝင်အတည်ပြုထားသောကြေညာချက် တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ခြင်းနှင့်

(၄) ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် သို့မဟုတ် ကမ်းလှမ်းသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသော ကုမ္ပဏီအတွက်မူ အဆိုပါ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်းအစား ပြုစုထားသည့် ရေးသားဖော်ပြချက် တစ်စောင် (Statement in lieu of Prospectus) ကို မှတ်ပုံတင်အရာရှိထံ တင်ပြပြီးဖြစ်ခြင်း။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင် အတည်ပြုထားသော ကြေညာချက်တစ်စောင်ကို တင်ပြလာပါကမှတ်ပုံတင်အရာရှိအနေဖြင့် ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းကို စတင်လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း၊ အဆိုပါ အထောက်အထားသည် ကုမ္ပဏီက ထိုသို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ပြည့်စုံသော အထောက်အထားဖြစ်ကြောင်း ထောက်ခံ အတည်ပြုရမည်။ သို့ရာတွင် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုသော ကုမ္ပဏီအတွက်မူ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအစား ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ် (Statement in lieu of Prospectus) ကို မှတ်ပုံတင်အရာရှိထံ တင်ပြလာခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါအထောက်အထားကိုထုတ်ပေးခြင်း မပြုရ။

(ဂ) ဤပုဒ်မတွင်ဖော်ပြပါရှိသောမည်သည့်ပြဋ္ဌာန်းချက်ကမျှ ငွေကြေးထည့်ဝင်ရန်အတွက် တစ်ပြိုင်နက်တည်း ကမ်းလှမ်းချက်ကိုဖြစ်စေ၊ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်ခြင်းကိုဖြစ်စေ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားခြင်းအပေါ် ပေးချေရသော ငွေကြေးတစ်ရပ်ရပ်အား လက်ခံခြင်းကိုဖြစ်စေ တားမြစ်ထားခြင်း မရှိစေရ။

၂၁၉။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၁၈ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ စီးပွားရေးလုပ်ငန်းအား စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခဲ့လျှင် ထိုသို့ဆန့်ကျင်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတစ်ဦးစီသည် အခြားသော တာဝန်ရှိမှုများကို မထိခိုက်စေဘဲ ဒဏ်ကြေးငွေ ကျပ် ၁၀ သိန်း ကို ပေးဆောင်ရမည်။

**ကော်မရှင်ခများနှင့် လျှော့ငွေများ**

**အချို့သောကော်မရှင်ခများပေးချေရန် အခွင့်အာဏာနှင့် အခြားသော ကော်မရှင်ခများ၊ လျှော့ငွေများ စသည်တို့ကို ပေးချေခြင်းမှ တားမြစ်ချက်များ**

၂၂၀။(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကော်မရှင်ခပေးခြင်းကို ခွင့်ပြုထားပြီး ပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ကော်မရှင်ခသည် ထိုသို့ ခွင့်ပြုထားသောပမာဏ သို့မဟုတ် နှုန်းထားထက် ကျော်လွန်ခြင်းမရှိလျှင်၊ ပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ကော်မရှင်ခ၏ပမာဏနှင့် နှုန်းထား ရာခိုင်နှုန်းတို့သည် အောက်ပါအတိုင်းဖြစ်ခဲ့လျှင် ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန် သဘောတူညီခြင်းအတွက်သော် လည်းကောင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းအတွက်သော် လည်းကောင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ကုမ္ပဏီက ထိုသူသို့ ကော်မရှင်ခ ပေးချေနိုင်သည်-

(၁) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် အစုရှယ်ယာများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ထုတ်ဖော်ရေးသားထားခြင်း သို့မဟုတ်

(၂) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခြင်းမပြုသည့် အစုရှယ်ယာများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအစား ပြုစုထားသည့် ရေးသားဖော်ပြချက် (Statement in lieu of prospectus)ကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လက်မှတ်ရေးထိုးထုတ်ဖော်ရေးသားထားခြင်း၊ ယင်းတို့အား မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားခြင်း၊ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် ဖိတ်ခေါ်သော ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) မဟုတ်သော ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာအား ထုတ်ဝေခဲ့လျှင် အဆိုပါဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာတွင်လည်း ထုတ်ဖော်ရေးသားထားခြင်း။

(ခ) အစုရှယ်ယာများ သို့မဟုတ် ငွေကြေးများကို ကုမ္ပဏီက ရယူမည့် ပစ္စည်းတစ်စုံတစ်ရာအတွက် ဝယ်ယူသည့်ငွေတွင်ဖြစ်စေ၊ ကုမ္ပဏီအတွက်ပြုလုပ်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ပဋိညာဉ်ပြုလုပ်ထားသည့် တန်ဖိုးတွင်ဖြစ်စေ ဖြည့်စွက်ခြင်းဖြင့်သော်လည်းကောင်း၊ အနည်းငယ်မျှဖြစ်သော ဝယ်ယူသည့်ငွေ သို့မဟုတ် ပဋိညာဉ်ပြုလုပ်ထားသည့် တန်ဖိုးမှ ပေးချေခဲ့သည့်ငွေ သို့မဟုတ် အခြားကိစ္စတစ်ရပ်ရပ်တွင်သော်လည်းကောင်း အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ကုမ္ပဏီ၏ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန်အတွက် သဘောတူညီခြင်း၊ သို့မဟုတ် ကုမ္ပဏီ၏အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၂၂၁ တွင်ပါရှိသော ပြဋ္ဌာန်းချက်များမှအပ ထိခိုက်ခြင်း မရှိစေဘဲ မည်သည့်ကုမ္ပဏီကမျှ ယင်း၏ အစုရှယ်ယာများ သို့မဟုတ် မတည်ငွေရင်း ငွေကြေးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ်တစ်ရပ်ရပ်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ပေးချေခြင်းတွင် အသုံးပြုခွင့်မရှိရ။

**တရားဝင် ငွေပေးချေမှုအပေါ် ကန့်သတ်မှုမရှိခြင်း**

၂၂၁။ကုမ္ပဏီကတိုက်ရိုက်ပြုလုပ်ခဲ့သော အဆိုပါငွေပေးချေမှုသည် ပုဒ်မ ၂၂၀ အရ တရားဝင်ဖြစ်သည်ဆိုလျှင် ယင်းပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီကငွေပေးချေခြင်းကို တရားဝင်ရထိုက်သော ပွဲစားသို့ ငွေပေးချေနိုင်သည့်အခွင့်အာဏာအား ထိခိုက်စေခြင်းမရှိစေဘဲ ကုမ္ပဏီသို့ ပစ္စည်းရောင်းချသူ၊ ကုမ္ပဏီ၏ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီထံမှငွေကြေး သို့မဟုတ် အစုရှယ်ယာများအား လက်ခံရရှိသူတစ်ဦးဦးသည် ကော်မရှင်ခ တစ်ရပ်ရပ်ပေးချေမှုတွင် ထိုသို့လက်ခံရရှိသော ငွေကြေး သို့မဟုတ် အစုရှယ်ယာ၏ တစ်စိတ်တစ်ဒေသကို အမြဲအသုံးပြုခွင့်ရရှိသည် သို့မဟုတ် အသုံးပြုခွင့်ရရှိသည်ဟု မှတ်ယူရမည်။

**ကော်မရှင်ခများ၊ လျှော့ငွေများနှင့်စပ်လျဉ်း၍ လက်ကျန်ရှင်းတမ်းတွင် ရေးသားဖော်ပြရခြင်း**

၂၂၂။အစုရှယ်ယာများ သို့မဟုတ် ပေးချေထားသည့် ငွေစုစုပေါင်း သို့မဟုတ် စာရင်းရှင်းလင်း ပယ်ဖျက်ရခြင်းမရှိသေးသည့် ငွေပမာဏတို့နှင့်စပ်လျဉ်း၍ ကုမ္ပဏီသည် ကော်မရှင်ခအနေဖြင့် ငွေပမာဏ တစ်ရပ်ရပ်ကို ပေးချေခဲ့လျှင် ၎င်းငွေပမာဏအားလုံးကို စာရင်းရှင်းလင်း ပယ်ဖျက်ပြီးသည်အထိ ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) အားလုံးတွင် ရေးသားဖော်ပြရမည်။

## အခန်း (၂၁)

## နိုင်ငံတော်၏ ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းများက ကမ်းလှမ်းသည့် အစုရှယ်ယာများ

**အစုရှယ်ယာများအား ရောင်းချရန်အတွက် ကမ်းလှမ်းခြင်းနှင့် ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များ**

၂၂၃။(က) ပုဂ္ဂိုလ်တစ်ဦးဦးက အောက်ပါတို့ကို ပြုလုပ်ခြင်းသည် တရားဝင်ခြင်း မရှိစေရ -

(၁) ကော်ပိုရေးရှင်းတစ်ခုခုသည် ယင်း၏စီးပွားရေးလုပ်ငန်းနေရာသည် နိုင်ငံတော်အတွင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အောက်ပါတို့ကို ဆောင်ရွက်ထားခြင်းမရှိခဲ့လျှင် နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းမှုတစ်ရပ်ရပ်ပြုလုပ်ခြင်း၊ သို့မဟုတ် ကော်ပိုရေးရှင်းရှိအစုရှယ်ယာများ သို့မဟုတ် ကော်ပိုရေးရှင်း၏ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ထုတ်ဝေခြင်းအတွက် ကမ်းလှမ်းသည့်ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း-

(ကက) နိုင်ငံတော်အတွင်း ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) ကို ကမ်းလှမ်းခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်မီ စီမံအုပ်ချုပ်သော အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုထားသည့်အကြောင်း ကော်ပိုရေးရှင်း၏ အနည်းဆုံး ဒါရိုက်တာနှစ်ဦးတို့က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားသော ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြပြီးဖြစ်ရမည်။

(ခခ) အဆိုပါ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) မိတ္တူ၏ မျက်နှာဖုံးစာမျက်နှာအပေါ်တွင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ထိုသို့ပေးပို့တင်ပြပြီးဖြစ်ကြောင်း ဖော်ပြပြီးဖြစ်ရမည်။

(ဂဂ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ရက်စွဲတပ်ထားပြီး ဖြစ်ရမည်။ ၎င်းအပြင်

(ဃဃ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)ကို ဤအခန်းပါ ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားရမည်။ သို့မဟုတ်

(၂) ဤအခန်းပါပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားသော ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) မပါရှိဘဲ နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့် ကော်ပိုရေးရှင်း၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်စောင်ကို နိုင်ငံတော်အတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ထုတ်ဝေခြင်း၊ သို့ရာတွင် လျှောက်လွှာပုံစံသည်အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍ အာမခံ သဘောတူ စာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုနိုင်ရေးအတွက် လူပုဂ္ဂိုလ်တစ်ဦးဦးကို သဘောရိုးဖြင့် ကမ်းလှမ်းဖိတ်ခေါ်ခြင်း တစ်ရပ်ရပ်နှင့်ပတ်သက်၍ ထုတ်ဝေခဲ့ကြောင်းပေါ်ပေါက်ခဲ့လျှင် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူတစ်ဦးဦးက အခြားပုဂ္ဂိုလ်တစ်ဦးဦး၏အကျိုးငှာ စွန့်လွှတ်ခွင့် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များနှင့်စပ်လျဉ်း၍

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံတစ်ရပ်ကို ကော်ပိုရေးရှင်းတွင် လက်ရှိပါဝင်နေသူများ သို့မဟုတ် ဒီဘင်ချာ ပိုင်ဆိုင်ထားသူများထံ သို့ပေးပို့ခြင်းသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့သော် အထက်တွင် ဖော်ပြပါရှိသော်လည်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ယင်းနှင့်စပ်လျဉ်း၍ ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်။

(ဂ) ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ အဓိပ္ပာယ်ဖော်ပြချက်အတွင်း ကုမ္ပဏီတစ်ခု ဖြစ်သည်ဟု သတ်မှတ်သကဲ့သို့နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူသို့ရောင်းချရန် ကမ်းလှမ်းသည့် စာရွက်စာတမ်းတစ်ရပ်ရပ်အား ပုဒ်မ ၂၁၂ အရ ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဤပုဒ်မပါ ကိစ္စရပ်များအတွက်လည်း အဆိုပါ စာရွက်စာတမ်းကို ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ် ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းသည် ပုံမှန်စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သို့မဟုတ် ပုံမှန်စီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်နေသော ဦးစီးဆောင်ရွက်သူအဖြစ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်စေရန် သို့မဟုတ် ရောင်းချရန်အတွက်ပြုလုပ်သည့် ကမ်းလှမ်းချက်တစ်ရပ်ကို ဤပုဒ်မပါ ကိစ္စရပ်များ အလို့ငှာ အများပြည်သူသို့ ကမ်းလှမ်းခြင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

(င) ပုဒ်မ ၂၂၃ မှ ပုဒ်မ ၂၂၇ အထိ ဖော်ပြပါရှိသော "ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)"၊ "အစုရှယ်ယာများ"၊ "ဒီဘင်ချာများ" နှင့် "ငွေချေးသက်သေခံလက်မှတ်များ"၏ အဓိပ္ပာယ်ဖော်ပြချက်များသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတစ်ခုခုနှင့်စပ်လျဉ်း၍ သုံးစွဲသည့်အခါ အလားတူ အဓိပ္ပာယ်သက်ရောက်စေရမည်။

၂၂၄။ မည်သူမဆို ပုဒ်မ ၂၂၃ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ သိလျက်ဖြင့် အများပြည်သူသို့ ကမ်းလှမ်းမှုပြုလုပ်ခဲ့လျှင်၊ သို့မဟုတ် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်းပြုခဲ့လျှင်၊ သို့မဟုတ် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်လွှာ ပုံစံတစ်ရပ်ကို ထုတ်ဝေခဲ့လျှင် ဒဏ်ကြေးငွေ ကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

**ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိရမည့် အချက်အလက်များ**

၂၂၅။(က) ပုဒ်မ ၂၂၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ခခ) နှင့် (ဂဂ) တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရာ၌ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင်-

(၁) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အချက်အလက်များပါရှိစေရမည် -

(ကက) ကော်ပိုရေးရှင်း၏ လုပ်ငန်းရည်ရွယ်ချက်များ၊

(ခခ) ကော်ပိုရေးရှင်း၏ ဖွဲ့စည်းမှုဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအား သတ်မှတ်ဖော်ပြသည့် စာရွက်စာတမ်း၊

(ဂဂ) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်များ၊

(ဃဃ) အဆိုပါ စာရွက်စာတမ်း၊ ဥပဒေထုတ်ပြန်မှုများ သို့မဟုတ် ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ယင်းတို့၏ မိတ္တူများ၊ ယင်းတို့အား နိုင်ငံခြားဘာသာတစ်ခုခုဖြင့် ရေးသားထားလျှင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ်ထားသည့် မူရင်းမိတ္တူမှန်တို့ကိုစစ်ဆေးကြည့်ရှုနိုင်မည့် နိုင်ငံတော်အတွင်းရှိ လိပ်စာ၊

(ငင) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် နေ့ရက်၊ နိုင်ငံနှင့်

(စစ) ကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် နေရာတစ်ခု ရှိ၊ မရှိ၊ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိနှင့် အကယ်၍ ရှိခဲ့ပါက နိုင်ငံတော်အတွင်းရှိ အဓိက ရုံးခန်းလိပ်စာ။

(၂) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဒ်မ ၂၀၅၊ ပုဒ်မခွဲ (ခ) တွင် သတ်မှတ်ပါရှိသောကိစ္စရပ်များနှင့် အဆိုပါ ပုဒ်မတွင်ဖော်ပြပါရှိသည့် အစီရင်ခံစာများကို ဖော်ပြရမည်။ သို့ရာတွင် ပုဒ်မ ၂၀၅ တွင် ပါရှိသည့်အတိုင်း ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်သည် ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူတစ်ဦးဦးကို ဤအခန်းတွင်ပါရှိသည့် သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်၊ သို့မဟုတ် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင် သီးခြားဖော်ပြထားခြင်း မရှိသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာ တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အကြောင်းကြားမှုကို ၎င်းအပေါ်တွင် သက်ရောက်စေရန်အတွက် ရည်ရွယ်သည့် စည်းကမ်းချက်တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ဂ) ဤအခန်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခဲ့လျှင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အတွက် တာဝန်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအခြေအနေများကို သက်သေထင်ရှားတင်ပြနိုင်လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှု မရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းများ ပြုလုပ်သည့် အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာမရှိစေရ -

(၁) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့် ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ၎င်းအနေဖြင့် အသိအမှတ်ပြု လိုက်နာဆောင်ရွက်မှု မရှိခြင်း သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရသောစည်းကမ်းချက်အားမလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်း သို့မဟုတ်

(၃) တရားရုံး၏ယူဆချက်တွင် လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အရေးကြီးသော ကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အမှုအကြောင်းအရာများအားလုံးကို ထည့်သွင်းစဉ်းစားပြီး ကင်းလွတ်ခွင့်ပြုသင့်ကြောင်း တွေ့ရှိသည့်အခါတွင် ယင်းအတွက်အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ သို့ရာတွင် ပုဒ်မ ၂၀၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၆) တွင် ပါရှိသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုသည့်ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသည် ထုတ်ဖော်မပြောဆိုသည့်အချက်များကို သိရှိသည်ဟု သက်သေထင်ရှား မပေါ်ပေါက်လျှင် ဖော်ပြပါလိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခြင်းများနှင့်စပ်လျဉ်း၍ တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ယေဘုယျ ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါ အခြား ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် လျှော့နည်းစေခြင်း မရှိစေရ။

**အစုရှယ်ယာများကို ရောင်းချရန်အတွက် ပြုလုပ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ**

၂၂၆။ (က) နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားသက်သေခံလက်မှတ်များကို အများပြည်သူက ငွေကြေးထည့်ဝင်စေရန်အတွက်ဖြစ်စေ၊ ဝယ်ယူစေရန်အတွက်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးမှ အိမ်တိုင်ရာရောက် သွားရောက်ကမ်းလှမ်းခြင်းမပြုရ။

(ခ) ဤပုဒ်မတွင်ဖော်ပြပါရှိသော "အိမ်" ဟူသော စကားရပ်တွင်စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုနေသော ရုံးခန်းပါဝင်ခြင်း မရှိစေရ။

၂၂၇။ မည်သူမဆို ပုဒ်မ ၂၂၆ ပါပြဋ္ဌာန်းချက်များကိုဆန့်ကျင်လျက် ဆောင်ရွက်ခဲ့လျှင် ဒဏ်ကြေးငွေ ကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

**အခန်း (၂၂)**

**ကုမ္ပဏီတစ်ခုက ပြုလုပ်နိုင်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges)**

**ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges) ပြုလုပ်နိုင်သည့် အခွင့်အာဏာ**

၂၂၈။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အခြားသက်ဆိုင်ရာဥပဒေများကို လိုက်နာဆောင်ရွက်ပြီး ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်ထားသည့် အခြားသော အခွင့်အာဏာများကို ကန့်သတ်ခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ တွင်ဖော်ပြထားသည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ သို့မဟုတ် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူ သို့မဟုတ် ၎င်းတို့ ကိုယ်စားဆောင်ရွက်သူက ပုဒ်မ ၂၃၄ နှင့်အညီ တင်ပြလာသည့် အဆိုပါပေါင်နှံခြင်းနှင့် ကြွေးမြီ တာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ပေးရမည်။

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအပေါ် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ သို့မဟုတ် အလားတူ အကျိုးသက်ရောက်မှုရှိသော အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ပါပြဋ္ဌာန်းချက်များသည် ကန့်သတ်ထားခြင်း မရှိစေဘဲ ယင်းကိစ္စရပ်များသည် အဆိုပါပြဋ္ဌာန်းချက်များအား ချိုးဖောက်သည်ဟုလည်း မှတ်ယူခြင်းမပြုရ-

(၁) ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား ဆောင်ရွက်ခြင်း သို့မဟုတ်

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် ပေးထားသော ပစ္စည်းတစ်စုံတစ်ရာ၏ တန်ဖိုးရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စား ဆောင်ရွက်သူကဖြစ်စေ ကျင့်သုံးနိုင်သည့် အခွင့်အရေးအား ဆောင်ရွက်ခြင်း။

**ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) စသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ မှတ်ပုံတင်ခြင်းမပြုလျှင် ပျက်ပြယ်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges)**

၂၂၉။(က) ဤဥပဒေ စတင်အကျိုးသက်ရောက်ပြီးနောက် ကုမ္ပဏီတစ်ခုက ပြုလုပ်ခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအားလုံးသည် အောက်ပါအမျိုးအစားတစ်ရပ်ရပ်ဖြစ်ခဲ့လျှင်-

(၁) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံချက်ရှိစေရန် ရည်ရွယ်၍ ပြုလုပ်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၂) ကုမ္ပဏီ၏ တောင်းခေါ်ခြင်းမပြုသေးသော အစုရှယ်ယာမတည်ငွေရင်းနှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၃) မည်သည့်နေရာတွင်မဆို တည်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် ထိုပစ္စည်းများတွင် ပါဝင်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၄) ကုမ္ပဏီတွင် သာမန်လုပ်ငန်းများအတွက် တင်ရှိသည့် ကြွေးမြီ (book debts) နှင့်စပ်လျဉ်း၍ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၊

(၅) စီးပွားရေးလုပ်ငန်းတွင် အသုံးပြုဆောင်ရွက်နေသည့်ပစ္စည်းများမှအပ ကုမ္ပဏီ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သောချေးငွေနှင့်စပ်လျဉ်း၍ ပေးသည့် အာမခံချက်(pledge) မဟုတ်သောပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများ သို့မဟုတ် ပစ္စည်းများအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge)၊

ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ ဖော်ပြချက်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံနှင့်အတူ ယင်းတို့ကို ပြုလုပ်သည့် သို့မဟုတ် သက်သေထင်ရှားစေသည့် စာရွက်စာတမ်းများအား အတည်ပြုထားသော မိတ္တူတစ်စောင်ကို ထိုသို့ပြုလုပ်သည့် နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ပုဒ်မခွဲ (ခ) နှင့်အညီ ကုမ္ပဏီ၏ပစ္စည်း သို့မဟုတ် တာဝန်ယူမှုနှင့်စပ်လျဉ်းသည့် အာမခံချက် တစ်ရပ်ရပ်ကို ပေးအပ်ထားသည့်အခါ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိနှင့် ကုမ္ပဏီ၏မြီရှင်တို့အပေါ် ပျက်ပြယ်စေရမည်။ သို့သော် ထိုကိစ္စရပ်များတွင် အာမခံထားသည့်ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် တာဝန်တစ်ရပ်ရပ်အား ထိခိုက်စေခြင်းမရှိစေဘဲ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းတို့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်သည့်အခါထိုကိစ္စရပ်များတွင် အာမခံထားသည့် ငွေကြေးများကို ချက်ချင်းပေးချေရမည်။

(ခ) ပုဒ်မခွဲ (က) ပါကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များသည်လည်း အကျိုးသက်ရောက်စေရမည်-

(၁) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်၏ပြင်ပတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏ ပြင်ပတွင်တည်ရှိသော ပစ္စည်းသာလျှင် ပါဝင်သည့်ကိစ္စရပ်တွင် သက်ဆိုင်ရာစာရွက်စာတမ်း သို့မဟုတ် မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့် ဝီရိယဖြင့်ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့်နေ့မှ ၂၈ ရက်ကို ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်သည့်နေ့ရက်နောက်ပိုင်း ၂၈ ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို ၂၈ရက်ကာလအတွင်း အချက်အလက်များ၊ စာရွက်စာတမ်းများ သို့မဟုတ် မိတ္တူများကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်အတွင်း ပြုလုပ်ခဲ့သော်လည်း နိုင်ငံတော်၏ ပြင်ပတွင်တည်ရှိသော ပစ္စည်းများပါဝင်သည့် ကိစ္စရပ်တွင် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်ခဲ့သည့် သို့မဟုတ် ပြုလုပ်ရန်ရည်ရွယ်ခဲ့သည့်စာရွက်စာတမ်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသော ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ရန်အတွက် တင်ပြနိုင်သည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် ပစ္စည်းတည်ရှိရာ နိုင်ငံ၏ ဥပဒေအရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို တရားဝင်စေရန် သို့မဟုတ် အကျိုးသက်ရောက်စေရန်အတွက်အခြားသောဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ခြင်းရှိစေကာမူ သက်ဆိုင်မှုမရှိစေရ။

**ဆက်လက်ဖော်ပြပါမည်။**

# အခြေခံပညာရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၇။ ပုဒ်မ ၅ ပါ သတ်မှတ်ချက်များနှင့်အညီ အောက်ပါကျောင်းများသည် အခြေခံပညာရေးအဆင့်နှင့် အတန်းများပါရှိသော ကျောင်းအမျိုးအစားများ အဖြစ် သတ်မှတ်ရမည် -

(က) အစိုးရကျောင်းများ၊
(ခ) အစိုးရအထောက်အပံ့ခံကျောင်းများ၊
(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်းများ၊
(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊
(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊
(စ) ပရဟိတကျောင်းများ၊
(ဆ) အထူးပညာရေးအစီအစဉ်ကျောင်းများ၊
(ဇ) ရွေ့လျားနှင့်အရေးပေါ်ကျောင်းများ၊
(ဈ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ကျောင်းများ။

၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ ပါ အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် အခြေခံပညာရေးကောင်စီသို့ တင်ပြဆောင်ရွက်ရမည်။

၉။ ဝန်ကြီးဌာနသည် မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌တွဲဖက် လေ့ကျင့်ပြုစု ပျိုးထောင်ပေးနိုင်ရန် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်။

၁၀။ မူကြိုပညာရေးကို အကောင်အထည်ဖော်သော ကျောင်းများသည် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီက ချမှတ်ထားသော သင်ရိုးညွှန်းတမ်းစံများနှင့်အညီ လေ့ကျင့်သင်ကြားရမည်။

## အခန်း(၅)
## အခြေခံပညာရေးကောင်စီ

၁၁။ (က) ဝန်ကြီးဌာနသည် -

(၁) အခြေခံပညာရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များကို ကောင်စီဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် အခြေခံပညာရေးကောင်စီကို ဖွဲ့စည်းရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းသည့် ကောင်စီကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၁၂။ ကောင်စီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းများနှင့် စပ်လျဉ်းပြီးသက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း-

(၁) အခြေခံပညာရေးကို နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေး၊ ဆရာအတတ်ပညာရေးနှင့်အဆင့်မြင့်ပညာရေးတို့နှင့် ဆက်စပ်မှုရှိရေး၊
(၂) လူတိုင်းအကျုံးဝင်ပညာရေးအရ သင်ယူခွင့်ရရှိရေး၊
(၃) နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေးကို အကောင်အထည်ဖော်ရေး၊
(၄) ရွေ့လျားနှင့် အရေးပေါ်ကျောင်းများကို ပညာရေးအထူးဝန်ဆောင်မှုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ခ) ကျောင်းများဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်း၊ အဆင့်တိုးမြှင့်ခြင်းနှင့် အဆင့်လျှော့ချ ခြင်းများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ မူဝါဒနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) ကျောင်းများ၏ အရည်အသွေးစံသတ်မှတ်ချက်များကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့် ညှိနှိုင်းလျက်သတ်မှတ်ပေးခြင်း၊

(ဃ) ကျောင်းများတွင် ခန့်ထားမည့် ဆရာများ၏ ပညာအရည်အချင်းကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(င) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပြဌာန်းသော သင်ရိုးညွှန်းတမ်းကို ကျောင်းအားလုံးတွင် ထိရောက်စွာ အကောင်အထည်ဖော်ရေး အတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် သင်ရိုးညွှန်းတမ်းအဖွဲ့များ ဖွဲ့စည်းခြင်း အပါအဝင် ပညာရေးဆိုင်ရာလုပ်ငန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၃။ ကောင်စီသည် ပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကော်မတီများနှင့် အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

## အခန်း(၆)
## အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီ ဖွဲ့စည်းခြင်းနှင့် သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်များပြဌာန်းခြင်း

၁၄။ ဝန်ကြီးဌာနသည် -

(က) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ ဆရာကိုယ်စားလှယ်များ၊ သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားဘာသာကျွမ်းကျင်ပညာရှင်များကို ကော်မတီဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်များကို ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ပါဝင်စေလျက် အခြေခံ ပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို အစိုးရအဖွဲ့နှင့် ညှိနှိုင်းသတ်မှတ်ပေးရမည်။

၁၅။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီတို့၏ အတည်ပြုချက် ရယူဆောင်ရွက်နိုင်ရေး တို့အတွက် လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ရမည်။

၁၆။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည်-

(က) အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသောမူဝါဒများ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ မူဘောင်များ၊ အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီက ချမှတ်ထားသော အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်းဆိုင်ရာမူများ၊ စံများ၊ သတ်မှတ်ချက်များနှင့်အညီအခြေခံ ပညာအဆင့်သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ၊ သင်ရိုးမာတိကာများ အသေးစိတ်ရေးဆွဲခြင်း၊ သုံးသပ်ခြင်းနှင့်ပြုပြင်ခြင်းများကို အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ကျောင်းသုံးစာအုပ်များကို ပြဌာန်းနိုင်ရန် စိစစ်ပြီး အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်းဆိုင်ရာ နည်းစနစ်များကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဃ) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ၏ အတည်ပြုချက်နှင့် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါအဖွဲ့ငယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်-

(၁) ဘာသာရပ်အလိုက်သို့မဟုတ် ဘာသာရပ်အုပ်စုအလိုက် အဖွဲ့ငယ်များ၊
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း အဖွဲ့ငယ်များ၊

(င) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်များ ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက မွမ်းမံခြင်းများကို အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၁၇။ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီသည် အောက်ပါအချက်များပါရှိစေရန် စီစဉ် ဆောင်ရွက်ရမည် -

(က) သင်ရိုးညွှန်းတမ်းသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး၊
(ခ) မူကြို၊ သူငယ်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် သင်ရိုး ညွှန်းတမ်းများ အဆက်အစပ်ရှိရေး၊
(ဂ) ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးရေး၊
(ဃ) တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်ပြီး ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိကာ ဘက်စုံဖွံ့ဖြိုးသည့် လူသားကောင်းများဖြစ်ထွန်းလာရေး၊
(င) သင်ရိုးညွှန်းတမ်းသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိရေး၊
(စ) မြန်မာစာကို အခြေခံပညာကျောင်းများတွင်သင်ကြားရေး၊
(ဆ) အင်္ဂလိပ်စာကို မူလတန်းအဆင့်ပညာရေးမှစ၍ သင်ကြားရေး၊
(ဇ) အထက်တန်းအဆင့်ပညာရေးတွင် မြန်မာစာနှင့် အင်္ဂလိပ်စာတို့ကို သင်ကြားသင်ယူမှု ဘာသာစကားအဖြစ် အသုံးပြုရေး၊
(ဈ) အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များ ဆက်လက်သင်ယူနိုင်မည့် အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သော သင်ရိုးညွှန်းတမ်းဖြစ်ရေး၊
(ည) ပြည်ထောင်စုတိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေး၊
(ဋ) မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးလိုအပ်ချက်နှင့်အညီ ပေါင်းစပ်သင်ကြားနိုင်ရေး။

၁၈။ အခြေခံပညာရေးအဆင့်လိုက် လေ့လာသင်ယူမှုနယ်ပယ်များကို သတ်မှတ်ရာတွင် အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဘာသာစကား၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်ဆိုင်ရာနယ်ပယ်များတွင် လိုအပ်သော အသိပညာ၊ သဘောထားများနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာသင်ယူနိုင်ရန် စီစဉ်ခြင်း၊
(ခ) ဘက်စုံဖွံ့ဖြိုးမှုရရှိရန်အတွက် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုနယ်ပယ်အလိုက် လိုအပ်သော ကျွမ်းကျင်မှုများကို လေ့လာသင်ယူနိုင်ရန် စီစဉ်ခြင်း၊
(ဂ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာများအပါအဝင် ခေတ်နှင့်လျော်ညီသော နည်းပညာများကို လေ့လာသင်ယူနိုင်ရန် စီစဉ်ခြင်း။

၁၉။ သင်ကြားသင်ယူမှု နည်းလမ်းများကို ရွေးချယ်ရာတွင် အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါအချက် တို့ကို အခြေခံရမည် -

(က) ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ စူးစမ်းလေ့လာမှု၊ ဆင်ခြင်စဉ်းစားနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်နိုင်မှု၊ တီထွင်ကြံဆနိုင်မှုနှင့် တာဝန်ယူတတ်မှုတို့ကို ပြုစုပျိုးထောင်ပေးနိုင်ရန် သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းအပါအဝင် ထိရောက်သော သင်ကြားသင်ယူနည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ခ) ကျောင်းသားများ၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာထောက်ပံ့ပေးနိုင်သော သင်ယူမှုဝန်းကျင်ကောင်းကို စီစဉ်ဖန်တီးပေးသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၂၀။ တတ်မြောက်မှု စစ်ဆေးအကဲဖြတ်နည်းများ၊ စာမေးပွဲကျင်းပ စစ်ဆေးနည်းများကို သတ်မှတ်ရာတွင် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါအချက်တို့ကို အခြေခံရမည် -

(က) တတ်မြောက်မှုစစ်ဆေးခြင်းများသည် သင်ရိုးညွှန်းတမ်းကိုအခြေခံ၍ သင်ယူမှုရလဒ်များ ပေါက်မြောက်အောင်မြင်မှု အခြေအနေကို စစ်ဆေးသည့် တတ်ကျွမ်းမှုအခြေပြု အကဲဖြတ်နည်းစနစ်ကို ကျင့်သုံးရေး၊
(ခ) တတ်မြောက်မှု စစ်ဆေးခြင်းများနှင့် အတန်းကူးပြောင်းမှု စစ်ဆေးခြင်းများကို စစ်ဆေးမှုဆိုင်ရာ နည်းပညာများနှင့်အညီ စနစ်တကျ စစ်ဆေးရေး၊
(ဂ) အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ပြီးဆုံးချိန်တွင် အဆင့်အလိုက် တတ်မြောက်မှုစစ်ဆေးခြင်းများကို အဆင့်ပြီးမြောက်ကြောင်း စာမေးပွဲများအဖြစ် ဆောင်ရွက်ရေး၊
(ဃ) အခြေခံပညာ အထက်တန်းအဆင့်စာမေးပွဲကို အခြေခံပညာရေး ပြီးဆုံးချိန်တွင် ဗဟိုအဆင့်က ကြီးမှူးကျင်းပရမည်ဖြစ်ပြီး အခြေခံပညာရေး ပြီးဆုံးချိန်တွင်ရှိသော တတ်မြောက်မှု အဆင့်ကို စစ်ဆေးသော စာမေးပွဲအဖြစ် ဆောင်ရွက်ရေး။

## အခန်း (၇)
## အရည်အသွေးအကဲဖြတ်ခြင်းနှင့် အာမခံခြင်း

၂၁။ ကောင်စီသည် အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသော မူဝါဒများနှင့်အညီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီနှင့် ညှိနှိုင်းလျက် အခြေခံပညာအဆင့်အားလုံး၏ အရည်အသွေးအာမခံမှုအတွက် အတွင်းအရည်အသွေးအာမခံမှုနှင့် ပြင်ပ အရည်အသွေးအာမခံမှု လုပ်ငန်းနှစ်ရပ်ပါဝင်သော အခြေခံပညာအရည် အသွေးအာမခံမှုစနစ်တစ်ရပ်ကို ထူထောင်ရမည်။

၂၂။ ဝန်ကြီးဌာနသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီနှင့် ညှိနှိုင်းလျက် အခြေခံပညာကျောင်းများ၏ ပြင်ပအရည်အသွေးအာမခံမှုအကဲဖြတ်ခြင်းကို ဆောင်ရွက်နိုင်ရန် သီးခြား ဦးစီးဌာနတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား တာဝန်ပေးရမည်။

၂၃။ အခြေခံပညာကျောင်းများအားလုံးသည် ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်းကို အနည်းဆုံး ငါးနှစ်လျှင် တစ်ကြိမ်ခံယူရမည်။ ထိုအကဲဖြတ် ရလဒ်များကို သက်ဆိုင်ရာဦးစီးဌာနများသို့ တင်ပြရမည့်အပြင် အများပြည်သူ သိရှိနိုင်ရန်လည်း စီစဉ်ထားရမည်။

၂၄။ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေးအာမခံမှုကို အကဲဖြတ်ရာတွင် -

(က) မိမိတို့ကျောင်းအလိုက် အကဲဖြတ်သုံးသပ်ခြင်းနှင့်
(ခ) သက်ဆိုင်ရာဦးစီးဌာနများက တာဝန်ပေးအပ်သော ကျောင်း အရည်အသွေးအာမခံမှုအဖွဲ့များက အကဲဖြတ်သုံးသပ်ခြင်းတို့ ပါဝင်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# စိုက်ပျိုးရေ အပြည့်အဝပေးနိုင်ရေး ထန်းဇလုပ်ဆည် ပင်မရေပေးမြောင်း မြေထိန်းကျောက်စီနံရံ ပြန်လည်ပြုပြင်

**မုံရွာ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်ကာကျေးရွာရှိ ထန်းဇလုပ်ဆည် ပင်မရေပေးမြောင်းမကြီး၏ မြေထိန်းနံရံများပြိုကျပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထန်းဇလုပ်ဆည် ပင်မရေပေးမြောင်းမကြီးကို ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး အသုံးပြုလာခဲ့သည်မှာ ယခုအခါတွင် နှစ် ၃၀ ကြာမြင့်လာပြီဖြစ်ရာ သဘာဝဘေးများနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေစီးကြောင်းများဖြစ်ပေါ်ခဲ့ပြီး မြေထိန်းနံရံပျက်စီးမှုများ ရှိလာရာ ပင်မရေမြောင်းမှ စိုက်ပျိုးရေပေးဝေးရာတွင် စိုက်ဧကအပြည့်အဝရေ ပေးဝေနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့(သာမန်)ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ခြင်းဖြစ်ကြောင်း မုံရွာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိန်၏ ပြောကြားချက်အရ သိရသည်။



“ပင်မရေပေးမြောင်းမကြီးက အသုံးပြုလာတာနှစ်သုံးဆယ်ရှိပါပြီ၊ အသုံးပြုတဲ့နှစ်ကကြာလာတာနဲ့ မြေထိန်းနံရံတွေမှာ ရေစီးကြောင်းတွေဖြစ်ပြီးတော့ နံရံတွေပြိုကျတာတွေဖြစ်တဲ့အတွက် စိုက်ပျိုးရေကိုလည်း အပြည့်အဝ မပေးနိုင်ဖြစ်နေတယ်၊ ဒါကြောင့် မြေထိန်းနံရံတွေပြန်ပြုပြင်တယ်၊ ကျောက်စီတဲ့လုပ်ငန်းတွေကို လုပ်ဆောင်နေတာ အခု ၉၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ၊ နွေသီးနှံစိုက်ပျိုးချိန်မှာတော့ စိုက်ပျိုးရေကို ပေးဝေနိုင်မယ်လို့ မျှော်မှန်းထားပါတယ်” ဟု မုံရွာမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိန်က ပြောသည်။

ထန်းဇလုပ်ဆည်သည် မုံရွာမြို့နယ်အတွင်း စိုက်ပျိုးဧက ၁၄၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိရာ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသော ပင်မရေပေးမြောင်းကြီး မြေထိန်းနံရံကျောက်စီခြင်း လုပ်ငန်းကို ပေတိုင် ၁၀၀ မှ ၁၀၀၀ ကြားတွင် မြေထိန်းနံရံ ပြုပြင်ခြင်း၊ ကျောက်စီခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်လုပ်ဆောင်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် လုပ်ငန်းများပြီးစီးပါက မြောင်းပေါင် ကမ်းပါးများ ပြိုကျခြင်းမှ ကာကွယ်နိုင်ပြီး စိုက်ပျိုးရေကို အပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဗေယျာတိုင်း)**

## မန္တလေးတွင် အမေနေ့အခမ်းအနားကျင်းပ

**ချမ်းအေးသာစံ ဇန်နဝါရီ ၂**

မန္တလေးမြို့ အမေနေ့ကျင်းပရေးကော်မတီမှ ကြီးမှူး၍ (၂၂) ကြိမ်မြောက် အမေနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၁ ပြာသိုလပြည့်နေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၈၅ လမ်းရှိ သာသနာ့ဗိမာန်၌ ကျင်းပသည်။

ဆက်လက်၍ စာပေဟောပြောပွဲကျင်းပရာ ပုလဲဆရာတော်က ‘အမေအတွက် လောကီချမ်းသာ’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ (ငြိမ်း) ဦးတင်မြင့်က ‘ရှေ့ခေတ်အမေနှင့်ယခုခေတ်အမေ’ ခေါင်းစဉ်ဖြင့် လည်းကောင်း၊စာရေးဆရာဟိန်းသန့် (အင်း၀)က ‘အမေရဲ့ ခွာညိုရာသီတွေထဲက ကျွန်တော်’ ခေါင်းစဉ်ဖြင့် ဟောပြောရာအမေနေ့ကျင်းပရေးကော်မတီက ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ပြည်တွင်းဖြစ် ခြွေလှေ့စက်များ ဒေသအနှံ့တင်ပို့ရောင်းချ

**စစ်ကိုင်း ဇန်နဝါရီ ၂**

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းသည့်ကာလတွင် တောင်သူများမှာ စက်များကို အားထားအသုံးပြုလာကြသည်။ တောင်သူသုံး စက်ပစ္စည်းများကိုလည်း ပြည်တွင်းတွင်ပင် တွင်ကျယ်စွာပြုလုပ်ရောင်းချလျက်ရှိသည်။ တောင်သူအများစုမှာ စပါး၊ ဂျုံ၊ ပဲမျိုးစုံ ခြွေလှေ့စက်များကို တွင်ကျယ်စွာ အသုံးပြုလာသည့်အားလျော်စွာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆားတောင်မြို့တွင် စပါး၊ ဂျုံ၊ ပဲမျိုးစုံ ခြွေလှေ့စက်များကို ဒေသအနှံ့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

စပါး၊ ဂျုံ၊ ပဲမျိုးစုံ၊ ခြွေလှေ့စက်များပြုလုပ်ရာတွင် ရှပ်လုံး၊ ဟင်းဂလိုင်းသံတွေကို အဓိကဝယ်ယူအသုံးပြုပြီး ဘော်ဒီအတွက် စားအုန်းဆီပီပါပြားများကို အားထားအသုံးပြုကြသည်။ လက်ရှိကာလတွင် ဂျုံ၊ ပဲမျိုးစုံ ခြွေလှေ့စက်၊ စပါးခြွေလှေ့စက်၊ ပြောင်းဖူးခြွေလှေ့စက်၊ မြေပဲခွဲစက်တို့ကိုအဓိက ပြုလုပ်ရောင်းချကြသည်။

ပြည်တွင်းဖြစ်ခြွေလှေ့စက်တစ်လုံး ငွေကျပ် ၃၅၀၀၀၀၊ ၅၅၀၀၀၀ အထိ ပေးရသည်။ မြေပဲခွဲစက်အကြီး တစ်လုံးလျှင် ငွေကျပ် ၈၀၀၀၀၀၊ အသေးတစ်လုံးလျှင်ငွေ ကျပ် ၆၅၀၀၀၀ နဲ့ရောင်းချကြသည်။ မြေပဲခွဲစက် အကြီးမှာ တစ်နာရီလျှင်မြေပဲဆန် တင်း၂၀ ထွက်ပြီး စပါးခြွေလှေ့စက်မှာ တစ်နာရီကို စပါးတင်း ၈၀ ပြီးသည်။ လက်ရှိကာလတွင် ဒေသစုံမှ လာရောက်ဝယ်ယူလျက်ရှိပြီး အများစုလာရောက်ဝယ်ယူသောနယ်များမှာ မကွေး၊ မင်းဘူး၊ မလှိုင်၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာနယ်မှ အများဆုံးလာရောက်ဝယ်ယူကြောင်း ဆားတောင်မြို့ စိုးဟိဏ်းကျော် (စက်မှု၊ လက်မှု)မှ ဦးလှမြင့်က ပြောပြသည်။ **တိမ်တမန်**

# ရမည်းသင်းမြို့နယ်တွင် မြေသားရေကန်တူးဖော်ခြင်း စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သော ကျေးရွာအုပ်စု ကျေးရွာများတွင် လုပ်ငန်းများ အောင်မြင်ရေးကို တာဝန်ရှိသူများက ဒီဇင်ဘာ ၃၁ ရက်တွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၈ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ဇလုပ်ကြီးကျေးရွာ၌ ပြည်သူများ သောက်သုံးရေရရှိစေရန် အလျားပေ ၁၀၀၊ အနံပေ ၁၀၀ နှင့် အနက် ခြောက်ပေရှိ မြေသားကန် တူးဖော်ခြင်းလုပ်ငန်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းမှ လွှစင်ကျေးရွာအုပ်စုရှိ ရွှေသန်းပင်ကျေးရွာ၊ စိမ်းလဲ့မြိုင်ကျေးရွာ၊ မြသင်းရေကျေးရွာနှင့် ပျားစည်ကျေးရွာအုပ်စုရှိ ပျားစည်(တောင်)ကျေးရွာ၊ ပျားစည်(မြောက်)ကျေးရွာ၊ လယ်ကြီးကုန်းကျေးရွာ၊ အောင်သာကျေးရွာ၊ ဝဲခုံကျေးရွာတို့မှ စီမံကိန်းထောက်ပံ့ငွေ (Block Grant) များ တောင်းခံရာတွင် အတည်ပြုနိုင်ရေးအတွက် လူဦးရေတိုးတက်မှုကို စာရင်းဇယားများဖြင့် တိုက်ဆိုင်စစ်ဆေးပြီး ကျေးရွာများရှိ အိမ်များအား လိုက်လံစစ်ဆေးခြင်းတို့ကို တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ဆတ္တိုးကြီးကျေးရွာ၌ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ကိုင်နေသော နွားနှင့် ဝက်မွေးမြူရေးလုပ်ငန်း၊ အိမ်ဆိုင် အရောင်းအဝယ်လုပ်ငန်းနှင့် စာရင်းဇယားပုံစံများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့်အတူ ကျေးရွာကော်မတီဝင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

## ချောင်းဦးမြို့နယ် မှန်ချိုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် (VDP) စီမံကိန်း ဆောင်ရွက်မည်

**ချောင်းဦး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (VDP) စီမံကိန်း ဆောင်ရွက်မည့် မှန်ချိုကျေးရွာတွင် (VDP) စီမံကိန်းကော်မတီဝင် ရွေးချယ်ခြင်းကို ဒီဇင်ဘာ ၃၁ ရက်ကဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိုးဝင်းက VDP စီမံကိန်းကို ၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ ကျေးရွာ ၂၇ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ချောင်းဦးမြို့နယ် အနေဖြင့် မှန်ချိုကျေးရွာ ပါဝင်ခွင့်ရခဲ့ကြောင်း၊ VDP စီမံကိန်းမှာ ပါဝင်မယ့် ကျေးရွာများကို ကျေးလက်ဌာနမှ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး အဆိုပါ ငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျေးရွာသူ၊ ကျေးရွာသားများ ဆန္ဒအလျောက် ဖွဲ့စည်းထားသည့် ရပ်မိရပ်ဖ အဖွဲ့၊ တောင်သူများအုပ်စု၊ စိုက်/မွေးမဟုတ်သောအုပ်စု၊ အမျိုးသမီးများအဖွဲ့နှင့် လူငယ်များအဖွဲ့သည် အဖွဲ့(၅)ဖွဲ့မှ မိမိတို့ကဏ္ဍအလိုက် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံကဏ္ဍပေါင်းစုံမှ ဆွေးနွေးတင်ပြခဲ့ကြပြီး မြို့နယ်ဦးစီးမှူးဒေါ်ခင်စိုးဝင်းနှင့် ဝန်ထမ်းများမှဦးဆောင်၍ မှန်ချိုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် (VDP) စီမံကိန်းဆောင်ရွက်ရန်အတွက် ကျေးရွာကော်မတီဝင်ခုနစ်ဦးကို ကိုယ်တိုင်မဲပေးစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။ **ယုယုဝင်း (ချောင်းဦး)**

## အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းများ၏ အားကစားပြိုင်ပွဲဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အားကစားပြိုင်ပွဲများအား ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကြက်တောင်ပြိုင်ပွဲကို ကျင်းပရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ Squash ပြိုင်ပွဲကို TC-1 လေ့ကျင့်ရေးရုံ၌ ကျင်းပရာ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသင်းလိုက်ပြိုင်ပွဲများကို ကျင်းပသည်။

ဆက်လက်၍ ဘတ်စကက်ဘောပြိုင်ပွဲများကို TC-1 လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အား/ကာသိပ္ပံ (ရန်ကုန်) နှင့် အား/ကာသိပ္ပံ(တောင်ကြီး)၊ အား/ကာသိပ္ပံ (မော်လမြိုင်)နှင့် အား/ကာသိပ္ပံ(မန္တလေး)၊ အမျိုးသားအုပ်စုပတ်လည် ပွဲစဉ်များအဖြစ် အား/ကာသိပ္ပံ(ရန်ကုန်)နှင့် အား/ကာသိပ္ပံ(မန္တလေး)၊ အား/ကာသိပ္ပံ(မော်လမြိုင်)နှင့် အား/ကာသိပ္ပံ (တောင်ကြီး) ပွဲစဉ်များအားယှဉ်ပြိုင်ကစားကြသည်။ ဆက်လက်၍ သေနတ်ပစ်ပြိုင်ပွဲများကို TC-2 လယ်ဝေးသေနတ်ပစ်ရုံ၌ ကျင်းပရာ အမျိုးသမီး ပွဲစဉ်အဖြစ် လေရိုင်ဖယ်၊ အမျိုးသားပွဲစဉ်အဖြစ် လေပစ္စတို၊ လေရိုင်ဖယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ ကျွမ်းဘားပြိုင်ပွဲများကို TC-2 လယ်ဝေး ကျွမ်းဘားရုံ၌ ကျင်းပရာ အမျိုးသမီးပွဲစဉ်အဖြစ် မြင်းခုန်ဘားပြိုင်ပွဲ၊ နှစ်တန်းနိမ့်မြင့်ဘားပြိုင်ပွဲ၊ ချိန်ဆဘားပြိုင်ပွဲ၊ အမျိုးသားပွဲစဉ်များအဖြစ် မြေပြင်ပြိုင်ပွဲ၊ သံကွင်းတပ်မြင်းခုန်ဘားပြိုင်ပွဲ၊ နှစ်တန်းဘားပြိုင်ပွဲ၊ သံကွင်းဘားပြိုင်ပွဲ၊ တစ်တန်းဘားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဝူရှူးပြိုင်ပွဲများကို TC-2 လယ်ဝေးဝူရှူးရုံ၌ ကျင်းပရာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ချန်းချွမ် ပုံစံ(၃)/ပုံစံ(၁)၊ နန်းချွမ် ပုံစံ(၃)/ပုံစံ(၁)၊ ထိုက်ချီချွမ် ပုံစံ(၃) ပြိုင်ပွဲ၊ ပွဲစဉ်များအား ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲအပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ရှိသူများမှ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ဇော်**



# ကလေးသူငယ်ကျောင်းသားလူငယ်များ အစာအာဟာရပြည့်စုံဖူလုံရေးပဲနို့တိုက်ကျွေး



**ပဲခူး ဇန်နဝါရီ ၂**

ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ပြီး ကျောင်းသား ကျောင်းသူများဉာဏ်ရည်မြင့်မားလာစေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲနို့အာဟာရတိုက်ကျွေးရေးအခမ်းအနားကို ပဲခူးမြို့နယ် ပျဉ်ပုံကြီး အခြေခံပညာအထက်တန်းကျောင်း အင်ကြင်းခိုင်ခန်းမ၌ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီကကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား လူငယ်များသည် ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလစသည့်ဗလငါးတန်ပြည့်စုံမှသာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော နိုင်ငံတော်ကို တည်ထောင်နိုင်မည်ဖြစ်ကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြံ့ခိုင်သော ပြည်သူများဖြင့်သာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည့် အားလျော်စွာ ကလေးသူငယ်ကျောင်းသားအရွယ်တို့အတွက် အစာအာဟာရပြည့်စုံဖူလုံမှုမှာအလွန်အရေးပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းများမှကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးနှင့်ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး ကျောင်းတိုင်းတွင် ပဲနို့တိုက်ကျွေးရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက အမှာစကားပြောကြားပြီး မြန်မာမုဒိတာဖောင်ဒေးရှင်းဥက္ကဋ္ဌနာယကကြီးမှူး ဦးတင်ဝင်းက ပဲနို့အာဟာရတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲနို့စက်နှင့် ပဲအိတ်များလှူဒါန်းပြီး တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးဆရာမကြီးဒေါ်မြင့်မြင့်သန်းကကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ကျောင်းသား ကျောင်းသူများအား ပဲနို့တိုက်ကျွေးနေမှုကိုလှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးညွန့်ရွှေနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်း၊ ပဲခူးခရိုင် မြို့နယ်ပညာရေးမှူးများနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာမုဒိတာဖောင်ဒေးရှင်းမှတာဝန်ရှိသူများ၊ ကျောင်းသား မိဘများတက်ရောက်ကြသည်။

ပဲနို့သောက်သုံးခြင်းကြောင့် ကောင်းမွန်သောအဆီစုစည်းမှုမရှိခြင်း၊ သွေးကြောများကိုကောင်းမွန်စေခြင်း၊ ကိုယ်အလေးချိန်ကျဆင်းမှုကိုထိန်းသိမ်းနိုင်ခြင်း၊ ဆီးကျိတ်ကင်ဆာနှင့်အမျိုးသမီးများကိုက်ခဲမှုများသက်သာပျောက်ကင်းစေခြင်း၊အရိုးပွခြင်းမှကာကွယ်နိုင်ခြင်း၊ ကျောက်ကပ်အားကောင်းစေခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# Old Zoo တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ၂၀၁၇ ခုနှစ်အတွင်း လူဦးရေတစ်သန်းခွဲခန့် လာရောက်လေ့လာ

**ရန်ကုန် ဇန်နဝါရီ ၂**

Old Zoo စာရင်းဝင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ၂၀၁၇ ခုနှစ်အတွင်း လူဦးရေတစ်သန်းခွဲခန့် လာရောက်လေ့လာခဲ့ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အုပ်ချုပ်ရေးမှူးရုံးမှသိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) မှစီမံမန်နေဂျာ ဦးမျိုးကျော်သူက "ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ်မှာ ပြည်သူအများဆုံး လာရောက်ကြည့်ရှုကြတာကတော့ ဆင်မကြီး မိုမိုပွဲပါ၊ ပရိသတ်က ထင်ထားတာထက်ကို များပြားခဲ့ပါတယ်၊ ၂၀၁၇ ခုနှစ်ရဲ့ ၁၂ လတာ ကာလအတွင်းမှာ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကို လူဦးရေ တစ်သန်းခွဲခန့် လာရောက်လေ့လာကြတာ တွေ့ရပါတယ်၊ တစ်နှစ်ထက်တစ်နှစ် လူဦးရေလာရောက်မှု ပိုမိုများပြားလာသလို ကျွန်တော်တို့ ဥယျာဉ်မှာလည်း ပြုပြင်ပြောင်းလဲမှုတွေကို ရှုခင်းပန်းခြံအပိုင်းနဲ့ တိရစ္ဆာန်အပိုင်းမှာပါ အမြဲလုပ်ဆောင်နေပါတယ်၊ ပုံမှန်အားဖြင့် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်တွေမှာ ရာသီဥတုသာယာရင် တစ်ရက်ကို လူဦးရေ တစ်သောင်းကျော် လာရောက်လေ့လာကြပြီး အတက်အကျတော့ ရှိတာပေါ့၊ လူဦးရေ ၅၀၀၀ လောက်ဝင်တာတွေလည်းရှိတယ်၊ အများဆုံး လာကြတာကတော့ နယ်ကပြည်သူတွေပါ၊ သူတို့ကျတော့ အုပ်စုလိုက် ဘုရားဖူးလာရင်း ဝင်ကြတာတွေလည်းရှိပါတယ်"ဟု ရှင်းပြသည်။



Old Zoo စာရင်းဝင် ဗစ်တိုးရီးယားပန်းခြံ (ရန်ကုန်တိရစ္ဆာန်ဥယျာဉ်) ကို ၁၉၀၆ ခုနှစ် ဇန်နဝါရီလပိုင်းက ဝေလမင်းသား(ပဉ္စမမြောက်ဂျော့) လာရောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခု ဇန်နဝါရီလတွင် ၁၁၂ နှစ်ပြည့်ပြီဖြစ်ရာ အထိမ်းအမှတ်ပွဲကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ပြခန်းပေါင်း ၅၀ ခန့်ဖြင့် ဥယျာဉ်အတွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် ဧရိယာ ၅၇ ဒသမ ၇၅ ဧက ကျယ်ဝန်းပြီး ဥယျာဉ်အတွင်း ရှုခင်းနှင့် ပန်းမန်များ စိမ်းလန်းစိုပြည်ရေးကိုလည်း အမြဲဆောင်ရွက်ပေးနေသည့်အပြင် လစဉ်အခါကြီးရက်ကြီးနေ့များ၊ ရုံးပိတ်ရက်များတွင် ဆင်၊ မျောက်၊ ခွေးများနှင့် လေ့ကျင့်သင်ကြားပေးပြီးသော တိရစ္ဆာန်လေးများ၏ ကပွဲများကို အထိမ်းအမှတ်နေ့အလိုက် ပြသလျက်ရှိကြောင်းသိရသည်။ အဓိကလူအများစိတ်ဝင်စားကြည့်ရှုလေ့လာကြသည်မှာ ဆင်၊ ကျားဖြူရုံ၊ မျောက်ရွာ၊ ရေမြင်း၊ သမင်၊ ဒရယ်နှင့် အခြားနို့တိုက်သတ္တဝါများအပါအဝင် မျိုးစိတ်ပေါင်း ၄၅ မျိုးရှိကြောင်း သိရသည်။

တွားသွားသတ္တဝါ မျိုးစိတ် ၁၈ မျိုး၊ ကျေးငှက် မျိုးစိတ် ၆၉ မျိုးရှိရာ စုစုပေါင်း ကုန်းနေရေနေသတ္တဝါမျိုးစိတ် ၁၄၀၀ ကျော်ပြသနိုင်ခဲ့ပြီး တိရစ္ဆာန်များ၏ အနံ့အသက်ကင်းရှင်းမှုကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် ပေးလျက်ရှိကြောင်း တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)မှ သိရသည်။

**ပွင့်သစ္စာ**

❑❑❑



# နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲဆုပေးပွဲ ရန်ကုန်တောင်ပိုင်းခရိုင်(သန်လျင်)၌ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကျင်းပသော သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲတွင် ဆုရရှိကြသော သားကောင်းမိခင်နှင့် ဆုရရှိကြသော ကလေးငယ်လေးများအား ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်နှင့်တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

အဆိုပါ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို မွေးစမှ (၆)လအထိ (အမြွှာကလေးပြိုင်ပွဲ)၊ (၁)နှစ်မှ (၂) နှစ်အထိ (အမြွှာကလေးပြိုင်ပွဲ)၊ မွေးကင်းစမှ (၆) လအထိ (ကလေးပြိုင်ပွဲ)၊ (၆) လမှ (၁) နှစ်အထိ (ကလေးပြိုင်ပွဲ)၊ (၁) နှစ်မှ (၂)နှစ်အထိ (ကလေးပြိုင်ပွဲ) နှင့် သားကောင်းမိခင်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**



လှည်းကူးမြို့နယ် ဟိုင်းကူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဖောင်ကြီးနယ်မြေရဲစခန်း ရဲအုပ်နေစိုး ဒီဇင်ဘာ ၂၉ ရက်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောရာ ကျေးရွာနေပြည်သူ ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။ **ကြေးမုံ**

# ဝယ်ယူရေး လုပ်ထုံးလုပ်နည်းများ ဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံရှင်းလင်း

**ကော့မှူး ဇန်နဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော တတိယနှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝယ်ယူရေးဆိုင်ရာလုပ်ငန်းစဉ်များလွယ်ကူချောမွေ့အဆင်ပြေစေရန် မြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးပစ္စည်း အရောင်းဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံကာ စီမံကိန်းလက်ဆွဲ စာအုပ်ပါ ဝယ်ယူရေး လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲကို ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ဒီဇင်ဘာလ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံရှင်းလင်းပွဲကို လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးကျော်ညီညီထွန်း၊ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးသန့်ဇော်ဝင်းနှင့် ဝယ်ယူရေးအရာရှိဦးပြုံးကိုတို့က ဦးဆောင်ရှင်းလင်းကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သက်မှူး**



# လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အရေးပါသည့် အထည်အလိပ်၊ အထည်ချုပ်လုပ်ငန်းများ

wnfunfrif

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်မှ စတင်ကာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လာသည်မှာ အတန်အသင့် အောင်မြင်ပြီဟုဆိုနိုင်သည်။ ယနေ့အထိဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ တိုးတက်ခိုင်မာရန်တောင့်တင်းသည့် စီးပွားရေးနှင့် တည်ငြိမ်သည့် လူမှုအသိုက်အဝန်းတို့ဖြင့် ကျားကန်ထားနိုင်ရန် အရေးကြီးပေသည်။ တစ်နည်းအားဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ရန် လိုအပ်သည်။

အတတ်ပညာ၊ ကျွမ်းကျင်မှု၊ အရင်းအနှီးစသည်ဖြင့် အခြေခံအကြောင်းတရားများစွာ လိုအပ်ချက်ရှိသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ရွေးချယ်ဆောင်ရွက်နိုင်သည့် လုပ်ငန်းနယ်ပယ်များမှာအကန့်အသတ်ဖြင့်သာရှိနေသည်မှာအမှန်ပင်ဖြစ်သည်။

**လုပ်သားထုအတွက် ဝင်ငွေကောင်း**

အထည်ချုပ်လုပ်ငန်း (Garment Industry) နှင့် အထည်အလိပ်လုပ်ငန်း (Textile Industry) တို့သည် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံ၏ လုပ်သားထုအတွက် ဝင်ငွေကောင်းမွန်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိစေမည့်အပြင် နိုင်ငံအတွက် နိုင်ငံခြားငွေအမြောက်အမြားရှာဖွေပေးနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ အခြေခံပညာပြီးဆုံးအောင် သင်ယူနိုင်ခြင်းမရှိသေးသည့်လုပ်သားထုများအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးနိုင်သကဲ့သို့ လိုအပ်သည့်လုပ်ငန်းကျွမ်းကျင်မှု ရရှိရန်အတွက်လည်း အချိန်တိုအတွင်း ဖြည့်ဆည်းလေ့ကျင့်ပေးနိုင်သည့် ကဏ္ဍတစ်ခုလည်း ဖြစ်ပေသည်။

အောင်မြင်စွာစီမံဆောင်ရွက်နိုင်မည်ဆိုပါကထိုင်း၊ မလေးရှားအစရှိသည့် အိမ်နီးချင်းနိုင်ငံများနှင့် သွားရောက်၍စွန့်စားလုပ်ကိုင်နေကြရသည့် နိုင်ငံသားများအတွက်သာမက ပြည်တွင်းနေ နိုင်ငံသားများအတွက်ပါ လုံလောက်သည့် အလုပ်အကိုင်များဖန်တီးပေးနိုင်ဖွယ်ရှိသည့် ကဏ္ဍတစ်ရပ်လည်း ဖြစ်သည်။အစိုးရအနေဖြင့် ခိုင်မာကောင်းမွန်သည့် မူဝါဒများ၊ ထိုက်သင့်သည့် လုပ်ခလစာနှင့် ခံစားခွင့်များ၊ လိုအပ်ပါကရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ရှာဖွေပေးမှုတို့ကိုဆောင်ရွက်ပေးနိုင်ရုံဖြင့် အချိန်တိုအတွင်းတစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာနိုင်သည့် ကဏ္ဍတစ်ခုဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းသည် ၂၀၀၃ ခုနှစ် စီးပွားရေးပိတ်ဆို့မှုများမကျရောက်မီကာလများကအတန်အသင့် ဖွံ့ဖြိုးတိုးတက်သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လုပ်သားပေါင်း သုံးသိန်းကျော်အထိ အလုပ်အကိုင်ပေးထားနိုင်သည်။ သို့သော် အရေးယူပိတ်ဆို့မှုများစတင်သည်နှင့် တစ်နှစ်အတွင်းစက်ရုံပေါင်း ၁၀၀ ကျော်ပိတ်သိမ်းသွားရပြီးအလုပ်သမားပေါင်း ငါးသောင်းခန့် အလုပ်အကိုင် ဆုံးရှုံးသွားရသည်။

နိုင်ငံအတွင်းတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်လာသည့် ၂၀၁၁ ခုနှစ်မှ စတင်ကာ အထည်ချုပ်လုပ်ငန်းများ ပြန်လည် ဆန်းသစ်ဖွံ့ဖြိုးလာပြန်သည်။ မြန်မာနိုင်ငံတွင် အဓိကအားဖြင့် အထည်အလိပ်မှ အဝတ်အထည်ဖြစ်သည်အထိ ချုပ်လုပ်ထုပ်ပိုးကာ နိုင်ငံခြားသို့တင်ပို့သည့် Cut-Make-Pact (CMP) စနစ်ဖြင့်သာထုတ်လုပ်နေကြသည်။ အနာဂတ်တွင် Free on Board (FOB) ဖြင့် ဆက်လက် တင်ပို့နိုင်ရန် ကြိုးပမ်းသွားမည်ဟုဆိုသည်။ အထည်ချုပ်လုပ်ငန်းမှ တင်ပို့မှုပမာဏသည် ၂၀၁၂ ခုနှစ်မှ၂၀၁၅ ခုနှစ်ကာလအတွင်းအမေရိကန်ဒေါ်လာ သုည ဒသမ ၉၁ ဘီလီယံမှ ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံအထိတိုးတက်လာခဲ့သည်။ ယခု ၂၀၁၇ ခုနှစ်၏ ပထမ ၁၁ လအတွင်း တင်ပို့မှုတန်ဖိုးသည် ၁ ဒသမ ၆ ဘီလီယံသို့ တိုးမြင့်လာသည်ဟုအစိုးရကထုတ်ပြန်သည့် သတင်းများအရ သိရှိရသည်။

**အလုပ်အကိုင် ၁ ဒသမ ၅ သန်း**

၂၀၂၀ ပြည့်နှစ်အရောက်တွင် မြန်မာအထည်ချုပ်လုပ်ငန်းမှအလုပ်အကိုင် ၁ ဒသမ ၅ သန်းအထိရောက်ရှိကာ ပို့ကုန်ပမာဏအမေရိကန်ဒေါ်လာ ၈ ဘီလီယံမှ ၁၀ ဘီလီယံအထိရောက်ရှိနိုင်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက သုံးသပ်ထားသည်ဟု သိရှိရသည်။



မြန်မာနိုင်ငံမှ အဓိကတင်ပို့သည့် ဈေးကွက်မှာ ဥရောပသမဂ္ဂနိုင်ငံများ ဖြစ်သည်။ ၂၀၁၆ ခုနှစ် စာရင်းအရ ဥရောပသမဂ္ဂသို့ ခန့်မှန်းတန်ဖိုးဒေါ်လာ ၉၅၀ သန်းအထိတင်ပို့နိုင်ကာ စုစုပေါင်းအထည်ချုပ်ပို့ကုန်တန်ဖိုး၏ ၄၅ ရာခိုင်နှုန်း အထိရှိသည်။ ယင်း၏နောက်တွင် ဂျပန်နိုင်ငံက ၃၁ ရာခိုင်နှုန်းနှင့် ကိုရီးယားနိုင်ငံက ၁၆ ရာခိုင်နှုန်းတို့ရှိကြသည်။

**ရန်ကုန်မြို့ဝန်းကျင်တွင်သာ**

နိုင်ငံတကာသုတေသနအဖွဲ့များ စုပေါင်းကောက်ခံသည့် စစ်တမ်းတစ်ခုအရ အထည်ချုပ်လုပ်ငန်းအများစုသည် ရန်ကုန်မြို့ဝန်းကျင်တွင်သာ တည်ရှိကြသည်။ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ စာရင်းများအရ အထည်ချုပ်စက်ရုံပေါင်း ၂၀၀ ကျော်သည် ရန်ကုန်မြို့ဝန်းကျင်တွင် တည်ရှိသည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ လုပ်သားများအများစုမှာ နေရပ်စွန့်ခွာကာ လာရောက်လုပ်ကိုင်နေကြရသည့် အခြေအနေဖြစ်သည်။ အထည်ချုပ်လုပ်ငန်းတွင် လုပ်ကိုင်နေကြသည့် လုပ်သားများ၏ ၉၄ ရာခိုင်နှုန်းကျော်သည် အမျိုးသမီးများဖြစ်ကြပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ အများစုလာရောက်ကြသည်ဟုသိရသည်။ လုပ်သားထုအများစုမှာ ပိတ်စညှပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အခြားသောလုပ်ငန်းများထက် စက်ချုပ်လုပ်ငန်းတွင် အဓိက လုပ်ကိုင်ကြသူများဖြစ်သည်။ အများစုမှာ အခြေခံပညာ ပြီးဆုံးအောင်သင်ကြားနိုင်ခြင်းမရှိသည့် အသက်၂၅ နှစ်အောက် အမျိုးသမီးငယ်များ ဖြစ်ကြသည်။ လုပ်သားထု၏ ၉၀ ရာခိုင်နှုန်းကျော်မှာလည်း နိုင်ငံခြားသားပိုင် စက်ရုံများတွင် လုပ်ကိုင်နေကြသူများဖြစ်သည်ဟု သိရှိရသည်။

အထက်ပါ တွေ့ရှိချက်များအပေါ် သုံးသပ်ကြည့်ခြင်းဖြင့် ဘွဲ့ရရှိအောင် ပညာသင်ကြားခွင့်မရရှိကြသည့် အမျိုးသမီးငယ်များ အနယ်အနယ်အရပ်ရပ်တွင်ရှိနေကြသည်ဖြစ်ရာ ၎င်းတို့အတွက် ဂုဏ်သိက္ခာရှိသော၊ ထိုက်သင့်သည့် ဝင်ငွေရှိသော၊ ကိုယ်ကာယပင်ပန်းစွာကြိုးစားရုန်းကန် လုပ်ကိုင်ရခြင်းမရှိသော အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်းသည် နိုင်ငံ၏ လူမှုဘဝလုံခြုံရေးအတွက် အရေးကြီးသည့် လိုအပ်ချက်တစ်ရပ်ဖြစ်လာသည်ဟုယူဆနိုင်သည်။

**အမေရိကန်ဒေါ်လာ ၁၆၁ ဘီလီယံ**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ကထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးသုံးသပ်ချက် (World Trade Statistical Review 2017) အရ ၂၀၁၆ ခုနှစ်တွင် အဝတ်အထည် တင်ပို့မှုအများဆုံးနိုင်ငံမှာတရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဝတ်အထည် တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၆၁ ဘီလီယံရှိပြီး ကမ္ဘာတစ်ဝန်းတင်ပို့မှု၏ ၃၆ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။ ယင်း၏နောက်တွင် ဥရောပသမဂ္ဂ ၂၈ နိုင်ငံ၏ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၁၇ ဘီလီယံဖြစ်ပြီး ၂၆ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ နိုင်ငံတစ်ခုချင်းအနေဖြင့် ဒုတိယလိုက်သည့်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ဘင်္ဂလားဒေ့ရှ် နိုင်ငံဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်သည် ၂၀၁၆ ခုနှစ်တွင် အဝတ်အထည်ပို့ကုန်တန်ဖိုး ၂၆ ဘီလီယံအထိရောက်ရှိနေပြီဖြစ်သည်။ ဆက်လက်၍ ဒေသတွင်းနိုင်ငံများထဲမှ ဗီယက်နမ် (ဒေါ်လာ ၂၅ ဘီလီယံ)၊ အိန္ဒိယ (ဒေါ်လာ ၁၈ ဘီလီယံ)၊ ဟောင်ကောင် (ဒေါ်လာ ၁၆ ဘီလီယံ)၊ အင်ဒိုနီးရှား (ဒေါ်လာ ၇ ဘီလီယံ)နှင့် ကမ္ဘောဒီးယား (ဒေါ်လာ ၆ ဘီလီယံ)တို့ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အဝတ်အထည်လုပ်ငန်းမှ ဝင်ငွေ တိုးပွားလာသည့်အတွက် ကုန်သွယ်ရေးပိုငွေ ဒေါ်လာ ၁၅ ဘီလီယံကျော်အထိရရှိသည်ဟု ဆိုသည်။ ဗီယက်နမ်နိုင်ငံသည် အစဉ်အလာအရ အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဂျပန်နှင့် တောင်ကိုရီးယားစသည့်နိုင်ငံများသို့ အဝတ်အထည်များ တင်ပို့နေရာမှ တရုတ်၊ ရုရှား၊ ကမ္ဘောဒီးယားအစရှိသည့် ဈေးကွက်သစ်များကို စတင်ခြေဆန့်လာနေပြီဖြစ်ရာ ဗီယက်နမ်၏ အဝတ်အထည်လုပ်ငန်းသည် လွန်စွာဖွံ့ဖြိုးတိုးတက်လာနေပြီဟု ဆိုနိုင်သည်။

**အလုပ်အကိုင်ဖန်တီးပေးနိုင်မှု**

ကမ္ဘာပေါ်တွင် အဝတ်အထည်တင်ပို့မှု အများဆုံးဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အထည်ချုပ်လုပ်ငန်းများမှ အလုပ်အကိုင် ၄ ဒသမ ၅ သန်းကျော်အထိဖန်တီးပေးနိုင်သည်။ အခြားနိုင်ငံများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၄ ဒသမ ၈ သန်းကျော်၊ အိန္ဒိယနိုင်ငံ ၁၅ ဒသမ ၆ သန်းကျော်၊ ဗီယက်နမ်နိုင်ငံ ၂ ဒသမ ၃ သန်းကျော်၊ အင်ဒိုနီးရှားနိုင်ငံ ၃ ဒသမ ၄ သန်းကျော် အသီးသီးဖန်တီးပေးနိုင်ကြသည်ကို လေ့လာသိရှိရသည်။ ယင်းတို့၏ နောက်တွင် မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ် စာရင်းအရအထည်ချုပ်လုပ်သားပေါင်း ၆၉၂၀၀၀ ကျော်ရှိသည်ဟု သိရှိရသည်။

**ရင်းနှီးမြှုပ်နှံမှု အလားအလာ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အဝတ်အထည်လုပ်ငန်းတွင် ထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း မြေငှားခကြီးမြင့်မှု၊ လုပ်ခနှုန်းထားများ ကြီးမြင့်နေမှုကြောင့် အနည်းငယ်ကျဆင်းလာနိုင်သည်ဟု ခန့်မှန်းနေကြသည်။ သို့သော်လည်း ယင်းနိုင်ငံ၏ တင်ပို့မှုတန်ဖိုးသည် အခြားနိုင်ငံများနှင့် လွန်စွာကွာခြားသည့် ပမာဏတစ်ရပ်ဖြင့် ရပ်တည်နေသည်ဖြစ်ရာကျဆင်းသွားသည့်တိုင် အခြားနိုင်ငံများ၏ ရှေ့တွင် ဦးဆောင်နေနိုင်ဦးမည်သာဖြစ်သည်။ ထို့အတူ အထည်ချုပ်လုပ်ငန်းများ တစ်ဟုန်ထိုးဖွံ့ဖြိုးလာနေသည့် ဗီယက်နမ်နိုင်ငံတွင် လုပ်ခနှုန်းထားများ မြင့်မားလာခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံများ၏ ဘေးကင်းလုံခြုံမှု စိုးရိမ်ရခြင်းများကြောင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ခနှုန်းထားနည်းပါးသော၊ အထည်ချုပ်လုပ်ငန်းဖွံ့ဖြိုးဆဲဖြစ်သော မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိကြသည်ဟု ဆိုသည်။

အမှန်တကယ် စိတ်ဝင်စားစိတ်အားထက်သန်နေကြသည်ဖြစ်စေ၊ တုံ့နှေးနေကြသည်ဖြစ်စေ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရန် ဝန်းကျင်ကောင်းများ ဖန်တီးထားနိုင်ရေးမှာမိမိတို့နိုင်ငံ၏ တာဝန်သာဖြစ်ပေသည်။ ထို့ကြောင့် မူဝါဒခိုင်မာကောင်းမွန်ရေး၊ စက်ရုံအလုပ်ရုံနှင့် လုပ်ငန်းများ ဘေးကင်းလုံခြုံရေး၊ အလုပ်ရှင်နှင့် အလုပ်သမားအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ထိုက်သင့်သည့် လုပ်ခလစာများ ရရှိရေးတို့အပါအဝင် လိုအပ်သောဆောင်ရွက်ဖွယ်ရှိသည်တို့ကိုနိုင်ငံတော်ကပါဝင်၍ ဘက်စုံထောင့်စုံမှ ပြည့်စုံအောင်ဆောင်ရွက်ပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားရေးအတွက် တိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

# ၂၀၁၈ နှင့် စာမျက်နှာ အဖွင့်က ကြယ်ပွင့်များ

နှစ်တစ်နှစ်ကို ပြီးဆုံးလို့ နှစ်သစ်တစ်ခုကို ရောက်လာချိန်မှာတော့ နှစ်သစ်ကို ကြိုဆိုခဲ့ကြတဲ့ အနုပညာကြယ်ပွင့်တွေရဲ့ လှုပ်ရှားမှုတွေကို ကြေးမုံ ပရိသတ်ကို မျှဝေလိုက်ပါတယ်။ နှစ်ဆုံးကို နှုတ်ဆက်ပြီး နှစ်သစ်ကြိုဆိုတဲ့ ဖျော်ဖြေပွဲတွေနဲ့အတူ အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်ရင်းက နှစ်သစ်ဆုတောင်းဆိုခဲ့ကြတဲ့ အနုပညာရှင်တွေ ရှိကြသလို၊ မိသားစုနဲ့၊ ချစ်သူနဲ့၊ သူငယ်ချင်းတွေနဲ့ စသည်ဖြင့် ကိုယ်ပိုင်အချိန်တွေနဲ့ အားလပ်ရက်ကို ခံစားရင်း နှစ်သစ်ကို ကြိုဆိုခဲ့ကြတဲ့ အနုပညာရှင်တွေလည်း အမြောက်အမြားပါပဲ။ ပုံစံအမျိုးမျိုးနဲ့ နှစ်သစ်အချိန်တွေကို ဖြတ်သန်းခဲ့ကြတဲ့ အနုပညာရှင်တွေရဲ့ ပုံရိပ်တွေကို ဖော်ပြပေးလိုက်ပါတယ်။



နာမည်ကျော် အမျိုးသားတေးသံရှင်တစ်ဦးဖြစ်တဲ့ ဆွမ်မန်းဒပ်စ်ကတော့ နှစ်သစ်အကြိုဖျော်ဖြေပွဲမှာ အလွန်ကို ဆွဲဆောင်မှုရှိတဲ့ ဖျော်ဖြေတင်ဆက်မှုပုံစံမျိုးနဲ့ ပရိသတ်ကို တင်ဆက်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့တေးသီချင်း "Ruin" ကို ၂၀၁၈ ခုနှစ်ကို ကြိုဆိုတဲ့ ရုပ်သံအစီအစဉ်မှာ ပါဝင်ဖျော်ဖြေခဲ့ရာမှာတော့ သူ့ရဲ့ သီဆိုဟန်ကာ အမျိုးသမီးပရိသတ်တွေအားလုံး သူ့ကိုချစ်ခင်လာအောင် ဖမ်းစားထားနိုင်ခဲ့တယ်လို့ ဟောလိဝုဒ်မီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပါတယ်။



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ကတော့ နှစ်သစ်အကြိုညမှာ ဟောလိဝုဒ်နာမည်ကျော် ရှိုင်ယန်စီးကရက်ထ်ရဲ့ ရုပ်သံအစီအစဉ်မှာ ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ အဖွဲ့ဝင်ခြောက်ဦးပါဝင်တဲ့ "BTS" ဟာ အဆိုပါညမှာတော့ အဖွဲ့ရဲ့နာမည်ကျော် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "DNA"ကို သီဆိုတင်ဆက်ခဲ့ပြီး အဲဒီညရဲ့ အကောင်းဆုံးသော ဖျော်ဖြေတင်ဆက်မှုတစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါတယ်။



လတ်တလောမှာ အသက် ၂၀ သာရှိသေးတဲ့ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် ကမ်မီလာ ကပ်ဘဲလိုဟာ "Fifth Harmony"တေးဂီတအဖွဲ့ကနေ နုတ်ထွက်ခဲ့ပြီးနောက် တစ်ကိုယ်တော်တေးသံရှင်အဖြစ် လျှောက်လှမ်းရင်းအောင်မြင်မှုတွေ ရလာခဲ့ပြီဖြစ်ပါတယ်။ သူဟာ နှစ်သစ်အကြိုဖျော်ဖြေပွဲမှာတော့ သူ့ရဲ့အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Havana" နဲ့ သီဆိုဖျော်ဖြေခဲ့ကာ ၂၀၁၈ ခုနှစ်ကို ကြိုဆိုခဲ့တာဖြစ်ပါတယ်။



"BIGBANG"တေးဂီတအဖွဲ့ကတော့ နှစ်သစ်ကိုကြိုဆိုတဲ့အနေနဲ့ ဆိုးလ်မှာ "Last Dance Tour"လို့အမည်ရတဲ့ တေးဂီဖျော်ဖြေပွဲကို ပြုလုပ်ခဲ့တာပါ။ အဖွဲ့ဝင်လေးဦးနဲ့သာ ဖျော်ဖြေခဲ့တဲ့အဆိုပါပွဲမှာတော့ အဖွဲ့ဝင်တွေဟာ ပရိသတ်ကို နှုတ်ဆက်စကားဆိုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ဝင်တွေဟာ မကြာမီစစ်မှုထမ်းကြရမှာဖြစ်တာကြောင့် နှစ်သစ်ကို ပရိသတ်တွေနဲ့ အတူကြိုဆိုရင်း ပြန်လည်ဆုံစည်းနိုင်ဖို့ကို ဆန္ဒပြုခဲ့ကြပါတယ်။



တေးသံရှင် ကယ်လီကလာ့ခ်ဆန်ကတော့ "Dick Clark's New Year's Rockin' Eve" နှစ်သစ်အကြိုဖျော်ဖြေပွဲကို သူ့ရဲ့တေးသီချင်း "Love so Soft" နဲ့ စတင်ဖွင့်လှစ်ကာ နှစ်သစ်ကို ကြိုဆိုခဲ့တာဖြစ်ပါတယ်။



ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာကတော့ နှစ်သစ်အကြိုအားလပ်ရက်တွေကို မက္ကဆီကိုမှာ ကုန်ဆုံးခဲ့တာဖြစ်ပါတယ်။ အားလပ်ရက်ခရီးအတွင်းမှာတော့ သူငယ်ချင်းတွေနဲ့အတူ ပါတီပွဲတွေဆင်နွှဲခဲ့ကာ အားလပ်ရက်ခရီးက သူ့ရဲ့ ဓာတ်ပုံတွေလည်း အွန်လိုင်းမီဒီယာပေါ်မှာ ပေါ်ထွက်လာခဲ့ပါတယ်။ ဂျက်စတင်ဘီဘာဟာ ချစ်သူ ဆယ်လီနာဂိုမက်ဇ်နဲ့ တစ်မြို့တည်းမှာ အတူ နှစ်သစ်ကိုကြိုခဲ့ကြပေမယ့် သူတို့နှစ်ဦး အတူရှိနေတဲ့ ဓာတ်ပုံတွေတော့ ပေါ်ထွက်လာခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။



ဘောလုံးကြယ်ပွင့်တစ်ဦးအဖြစ်သာမက မော်ဒယ်လ်တစ်ဦးအဖြစ်ပါ ကျော်ကြားတဲ့ ဒေးဗစ်ဘက်ခမ်းကတော့ မိသားစုတွေနဲ့အတူ နှစ်သစ်အားလပ်ရက်တွေကို မိုင်ယာမီကမ်းခြေမှာ ကုန်လွန်ခဲ့တာဖြစ်ပါတယ်။ ဒေးဗစ်ဘက်ခမ်းက သူနဲ့သားတွေဖြစ်ကြတဲ့ ဘရွတ်ခ်လင်း၊ ရိုမီယို၊ ခရုဇ်တို့နဲ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံအပြင် သမီးဖြစ်သူ ဟာပါနဲ့ အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

## ၂၀၁၈ စာမျက်နှာနဲ့အတူ ပေါ်ပေါက်လာတဲ့ အချစ်ဇာတ်လမ်း

တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ ဒစ်ပက်ချ်ဟာ နှစ်သစ်ကိုရောက်တိုင်း ရောက်တိုင်းမှာ နာမည်ကျော်ကြယ်ပွင့်တွေရဲ့ လျှို့ဝှက်အချစ်ဇာတ်လမ်းတွေကို ဖော်ထုတ်ရေးသားလေ့ရှိပြီး လတ်တလော ၂၀၁၈ စာမျက်နှာနဲ့အတူ အဆိုပါ မီဒီယာစာမျက်နှာပေါ် ရောက်လာခဲ့ရတဲ့ ကြယ်ပွင့်စုံတွဲသစ်ကတော့ "BIGBANG" တေးဂီတအဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ G-Dragon နဲ့ "After School"တေးဂီတအဖွဲ့မှ လီဂျူယွန်းတို့ ဖြစ်ကြပါတယ်။

သူတို့နှစ်ဦးဟာ ယခင်ကလည်း ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်ခဲ့ပေမယ့် ကာယကံရှင်တွေက အဆိုပါကောလာဟလနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁ ရက်မှာတော့ ဒစ်ကပ်ချ်က G-Dragon နဲ့ ဂျူယွန်းတို့ ချစ်သူတွေဖြစ်နေကြောင်း သူတို့နှစ်ဦး တိတ်တဆိတ်ချိန်းဆိုတွေ့ဆုံစဉ်က ပုံရိပ်တွေပါဝင်နေတဲ့ ဓာတ်ပုံတွေနဲ့အတူ ထုတ်ဖော်လာတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လူမှုကွန်ရက်မီဒီယာပေါ် ရောက်ခဲ့တဲ့ သူတို့ရဲ့ ဗီဒီယိုဖိုင်ကြောင့် ချစ်သူတွေဖြစ်နေကြကြောင်း ဝေဖန်မှုတွေကို စတင်ခံခဲ့ရတာဖြစ်ပြီး မကြာသေးမီက ဂျယ်ဂျူကျွန်းမှာလည်း အတူတွေ့ဆုံခဲ့ကြကြောင်းလည်း သတင်းတွေ ထွက်ခဲ့ပါတယ်။

ဒီလိုထုတ်ဖော်လာတဲ့ သတင်းနဲ့ပတ်သက်ပြီး G-Dragon ရဲ့ ဖျော်ဖြေရေး အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က အေဂျင်စီအနေနဲ့ တရားဝင် အတည်မပြုမီ ကာယကံရှင်နဲ့ တွေ့ဆုံမေးမြန်းသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဒစ်ပက်ချ်ဟာ နှစ်စဉ် ကြယ်ပွင့်တွေရဲ့ လျှို့ဝှက်အချစ်ဇာတ်လမ်းတွေကို ဇန်နဝါရီ ၁ ရက်ရောက်တိုင်း ထုတ်ဖော်လေ့ရှိပြီး ဦးဆုံးအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ရိန်းနဲ့ ကမ်တေဟီးတို့ရဲ့ဇာတ်လမ်းကို ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ၂၀၁၄ ခုနှစ်မှာတော့ နာမည်ကျော်မင်းသား လီဆန်းဂီနဲ့ "Girls' Generation"အဖွဲ့ဝင် ယွန်နတို့ရဲ့အချစ်ဇာတ်လမ်းကို လှစ်ဟပြခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ လီဂျန်ဂျေးနဲ့ လမ်ဆာရန်း၊ ၂၀၁၆ ခုနှစ်အတွင်းမှာတော့ "EXID"ရဲ့ ဟန်နီနဲ့ "JYJ"ရဲ့ ဂျန်စုတို့ရဲ့ဇာတ်လမ်းတွေကို ပရိသတ်တွေရှေ့ ဖွင့်ဟခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်းမှာတော့ ထုတ်ဖော်ခဲ့တဲ့ စုံတွဲမရှိဘဲ ၂၀၁၈ မှာတော့ G-Dragon နဲ့ ဂျူယွန်းတို့ရဲ့ ဇာတ်လမ်းနဲ့ စတင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



## လီဂျွန်နှင့် ဂျန်ဆိုမင်တို့ ချစ်သူတွေဖြစ်နေကြောင်း အတည်ပြု

တောင်ကိုရီးယားကြယ်ပွင့်စုံတွဲတွေရဲ့ လျှို့ဝှက်အချစ်ရေးတွေကို ဖော်ထုတ်လေ့ရှိတဲ့ ဒစ်ပက်ချ်က ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁ရက်မှာ G-Dragon နဲ့ ဂျူယွန်းတို့ ချစ်သူတွေဖြစ်နေကြကြောင်း ၂၀၁၈ ခုနှစ်ရဲ့အဖွင့်မှာ ထုတ်ဖော်ခဲ့ပြီးနောက် နောက်နေ့မှာတော့ နောက်ထပ်ကြယ်ပွင့်စုံတွဲတစ်တွဲကိုလည်း မီဒီယာစာမျက်နှာတွေပေါ် အရောက်ပို့ခဲ့တာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ဖော်ထုတ်ခံခဲ့ရတဲ့ ကြယ်ပွင့်စုံတွဲကတော့ လီဂျွန်နဲ့ ဂျန်ဆိုမင်တို့ပဲ ဖြစ်ကြပါတယ်။

ဒီလိုချစ်သူတွေဖြစ်နေကြကြောင်း သူတို့နှစ်ဦး ချိန်းဆိုတွေ့ဆုံခဲ့တဲ့ ဓာတ်ပုံတွေနဲ့အတူ ထုတ်ဖော်ပြောကြားခံခဲ့ရပြီးတဲ့နောက် လီဂျွန်နဲ့ ဂျန်ဆိုမင်တို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက အဆိုပါသတင်းဟာ မှန်ကန်ကြောင်း အတည်ပြုပေးခဲ့ပြီးဖြစ်တယ်လို့လည်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦးဟာ ခေါင်းဆောင်တွေအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Father is Strange"မှာ စတင်တွေ့ဆုံခဲ့ကြကာ ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာတော့ သူတို့နှစ်ဦးဟာ သူငယ်ချင်းကို လက်ဆောင်ပေးဖို့တဲ့အတွက် အတူဈေးဝယ်ခဲ့တာကိုတွေ့ရပြီးနောက် ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေထွက်ခဲ့ပါတယ်။ အဲဒီနောက် လီဂျွန်ဟာ သူ့ရဲ့စစ်မှုထမ်းကာလအတွင်း ပထမဆုံးအားလပ်ရက်ရခဲ့ချိန်မှာလည်း ဂျန်ဆိုမင်နဲ့ ချိန်းဆိုတွေ့ဆုံခဲ့တာဖြစ်ပါတယ်။

ဒီဇင်ဘာ ၂ ရက်မှာတော့ သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြကြောင်း ဒစ်ပက်ချ်က ထုတ်ဖော်ခဲ့ပြီးနောက် နှစ်နာရီအတွင်းမှာပဲ သူတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက ပြန်လည်အတည်ပြုပေးခဲ့တာလည်း ဖြစ်ပါတယ်။



အေးပြည့် - စုစည်းသည်

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှေသဘင်ပွဲတော် ရေးမြို့၌ကျင်းပ



**ရေး ဇန်နဝါရီ ၂**

နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂ရက် နံနက်ပိုင်းက မြန်မာ့ရိုးရာလှေသဘင်ပွဲတော်ကို မွန်ပြည်နယ် ရေးမြို့ ရှေးဟောင်းကျုံးတော်ကြီး၌ စတင်ကျင်းပခဲ့ကြောင်းသိရသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က မြန်မာ့ရိုးရာလှေသဘင်ဖြစ်လာပုံ သမိုင်းကြောင်းကို ထည့်သွင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာ့ရိုးရာလှေသဘင်ပြိုင်ပွဲဝင် ၁၁ သင်း အမျိုးသား ခုနစ်ဦးလှော်ဖြင့် ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်လှော်ခတ်သွားမည်ဖြစ်ပြီး လွတ်လပ်ရေးနေ့တွင် ဗိုလ်လုပွဲကို ကျင်းပပြီး ချန်ပီယံဒိုင်းဆုဖလားကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)အကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းဟောပြော

**မုံရွာ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ညောင်ပင်တဲကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရန်အတွက် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးလက်နေပြည်သူများမှ မိမိတို့ကျေးရွာကို ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ကိုယ်တိုင်ရေးဆွဲလုပ်ဆောင်သည့် စီမံကိန်းတစ်ရပ်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (LIFT Fund)၏ နည်းပညာအကူအညီဖြင့် လုပ်ဆောင်မည့် စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

"ပြည်သူလူထုကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်ကျေးရွာ၏ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားမယ့်အစီအစဉ်ပဲဖြစ်ပါတယ်၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းက ကဏ္ဍပေါင်းစုံ ပါဝင်တဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်ပါ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် စီမံချက်ရေးဆွဲထားမယ်ဆိုရင် ကျေးရွာဖွံ့ဖြိုးရေးအတွက် မိမိတို့ကိုယ်တိုင် လုပ်ဆောင်နိုင်သလိုမိမိတို့ကျေးရွာရဲ့ လိုအပ်ချက်တွေကို နိုင်ငံတော်မှလည်းကောင်း၊ NGO၊ INGO အဖွဲ့အစည်းများမှ ကူညီဆောင်ရွက်မယ့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့နိုင်မှာပါ"ဟု မုံရွာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ပြောသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကို အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်ရန်ကွင်းဆင်းဟောပြောရာတွင် ညောင်ပင်တဲကျေးရွာမှ အိမ်ထောင်စု ၁၈၀ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါ ကိုယ်စားလှယ်များကို အုပ်စု ငါးစုခွဲပြီး ကျေးရွာ၏အခက်အခဲများ၊ လိုအပ်ချက်များ၊ ဆောင်ရွက်လိုသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးကြပြီး အိမ်ထောင်စုတစ်စုချင်းစီ၏ အသေးစိတ်စာရင်းများကို ကောက်ယူနိုင်ရေး ကျေးရွာဆယ်အိမ်မှူးများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# နှစ်သစ်တွင် ကျောဘက်ကင်မရာ သုံးလုံးအထိ ပါဝင်လာနိုင်သော စမတ်ဖုန်းအား Huawei မှ မိတ်ဆက်ဖွယ်ရှိ

၂၀၁၈ ခုနှစ်အတွက် ပထမဆုံးနည်းပညာသတင်းအသစ်မှာ ကျောဘက်တွင် ကင်မရာသုံးလုံးတပ်ဆင်ထားမည့် Huawei ၏ စမတ်ဖုန်းအမျိုးအစားသစ် ပေါ်ထွက်လာဖွယ်ရှိသည်ဟူသည့် သတင်းဖြစ်သည်။ လတ်တလောတွင် တရားဝင်ကြေညာချက်ထုတ်ပြန်မထားသော်လည်း ၎င်း၏ဒီဇိုင်းပုံကြမ်းများ မီဒီယာများတွင် ပေါက်ကြားထွက်ပေါ်လာခဲ့သည်။

Huawei ၏ P စီးရီးစမတ်ဖုန်းများဖြစ်သော P9၊ P10 တို့ကဲ့သို့ နည်းပညာမြင့် စမတ်ဖုန်းစီးရီးတစ်ခုဖြစ်လာမည်ကို ကြိုတင်သိရှိထားသော်လည်း လာမည့်စမတ်ဖုန်းမှာ စီးရီးအလိုက် P11 ဟု ဖြစ်မလာဘဲ P20, P20 Plus နှင့် P20 Pro တို့ဖြစ်လာမည်ဟု တရုတ်နည်းပညာအသိုင်းအဝိုင်းများမှ ပြောဆိုနေကြသည်။ ကျောဘက်ကင်မရာသုံးလုံးမှာ 40MP အထိ အရည်အသွေးရှိလာနိုင်မည်ဖြစ်ပြီး အရှေ့ဘက်တွင် လက်ဗွေဖတ်စနစ် ထည့်သွင်းပေးထားကာ ၂၀၁၇ ခုနှစ် နောက်ပိုင်းထွက်ရှိလာသော ဘေးပေါင်ပျောက်ဒီဇိုင်းမျိုးနှင့် ကြီးမားကျယ်ပြန့်သော မျက်နှာပြင်များ ပါဝင်လာနိုင်ဖွယ်ရှိကာ နောက်ဆုံးထွက် ပရိုဆက်ဆာ Snapdragon 845 တပ်ဆင်ပေးသွားနိုင်ဖွယ်ရှိသည်ဟုသိရသည်။

ဈေးနှုန်းအားဖြင့် P10 အမျိုးအစားကဲ့သို့ အဆင့်မြင့်စမတ်ဖုန်းများ ရောင်းချသည့် တန်ဖိုးအတိုင်း ပေးဝယ်ရဖွယ်ရှိကာ နည်းပညာအသစ်များ မည်ကဲ့သို့ ဆန်းသစ်ထားသည်ကို Huawei မှ တရားဝင်ကြေညာထားခြင်း မရှိပေ။

ALEX



# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၂**

နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီခွဲက မြစ်ကြီးနားမြို့ မြစ်ကြီးနားပညာရေးကောလိပ်ရှိ ဘဏ္ဍာစစ်သည်ခန်းမ၌ ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲတွင် "တန်ဖိုးရှိသော လွတ်လပ်ရေးအမွေ"နှင့် "လူငယ့်တာဝန်ခေါင်းစဉ်"ဖြင့် ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူ ၇၁ ဦး၊ ကဗျာပြိုင်ပွဲတွင် "စောင့်ရှောက်သင့်ပေ လွတ်လပ်ရေးအမွေ" ခေါင်းစဉ်ဖြင့် ပညာရေးကောလိပ် သင်တန်းသား သင်တန်းသူ ၄၅ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် သင်တန်းသား သင်တန်းသူ ၃၆ ဦးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဦးလေးကြီး**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ ဦးဆောင်မှုဖြင့် ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဆွေဦးဆောင်၍ ဒုရဲအုပ်အောင်မင်းဦး လိုက်ပါလာသော မူးခင်းပြခန်းယာဉ်သည် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီက ဥသျှစ်ပင်မြို့စခန်းအပိုင် ရွှေပင်ရပ်ကွက် မီးသတ်ရုံရှေ့၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မူးခင်းအသိပညာပေးဟောပြော၍ လက်ကမ်းစာစောင်များ ဝေငှနေစဉ်။

**သိန်းတိုး**



# ဟားခါးမြို့(မြို့တွင်း)ကားလမ်း နိုင်လွန်ကတ္တရာခင်း

**ဟားခါး ဇန်နဝါရီ ၂**

ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည့် ဟားခါးမြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့တွင်း ကားလမ်းများ ပိုမိုချောမွေ့တိုးတက်ကောင်းမွန်လာစေရေးအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၀)က ဟားခါးမြို့(မြို့တွင်း) ကားလမ်းများ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ နိုင်လွန်ကတ္တရာစတင်ခင်းနေမှုအခြေအနေကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဦးခင်မောင်ကျော်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းများကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်လမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မျိုးထွန်းနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းသည်။

ဟားခါးမြို့ (မြို့တွင်း)ကားလမ်းများ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ချင်းပြည်နယ် (အခြေစိုက်) လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၀)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၆၀၈ ဒသမ ၅၀၀ သန်းဖြင့် ယခုနှစ်တွင် မြို့တွင်းကားလမ်း သုံးမိုင်ကို စတင်ဆောင်ရွက်လျက် ရှိပြီး ဘဏ္ဍာနှစ်အလိုက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့တွင်းကားလမ်းစုစုပေါင်း ၁၄ မိုင် ၁ ဖာလုံကိုအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျိုက်ထို၌ မြို့မကုန်တင်ကုန်ချ လုပ်သားများကို အတိုးမဲ့ငွေထုတ်ချေး

**ကျိုက်ထို ဇန်နဝါရီ ၂**

ကျိုက်ထိုမြို့နယ်မြို့မကုန်တင်ကုန်ချ ကော်မတီ၏ ဆုံးဖြတ်ချက်အရ ကုန်တင်ကုန်ချ လုပ်သားများ အထောက်အကူ ဖြစ်စေရန် အတိုးမဲ့ငွေထုတ်ချေးပွဲကို ဇန်နဝါရီ ၁ ရက်ညနေ ၃ နာရီတွင် ကျိုက်ထိုမြို့မကုန်တင်ကုန်ချ အဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

အတိုးမဲ့ငွေထုတ်ချေးပွဲတွင် ကုန်တင်ကုန်ချအဖွဲ့ဥက္ကဋ္ဌ ဦးသန်းစိုးက မိမိတို့ကုန်တင်ကုန်ချ လုပ်သားများသည်ခွန်အားကိုစိုက်ထုတ်၍ ရင်းနှီးရပ်တည်နေသူများဖြစ်၍ ကျန်းမာရေးကို အဓိကအားထားနေရကြောင်း၊ ကျန်းမာရေးကောင်းမွန်မှ စားဝတ်နေရေးဖူလုံမှာဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ကုန်တင်ကုန်ချလုပ်သားများ မိသားစုဘဝဖူလုံစေရန် ကော်မတီ၏ ဆုံးဖြတ်ချက်အရ လုပ်သားများကို ကူညီထောက်ပံ့ပေးခြင်းမှာ ပထမအကြိမ်ဖြစ်ပြီး ဒုတိယအကြိမ်ထုတ်ချေးရာတွင်ယခုထုတ်ချေးငွေထက် ပိုမိုထုတ်ချေးမည်ဖြစ်ကြောင်းပြောကြား၍ကုန်တင်ကုန်ချ လုပ်သား ၅၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ကို အတိုးမဲ့ထုတ်ချေးပေးခဲ့သည်။

အဆိုပါ အတိုးမဲ့ချေးငွေအား တစ်နေ့လျှင် ကျပ် ၁၀၀၀ ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

မေလှဲသင်း ရေးသားသည်။

# တစ်ပတ်အတွင်း အားကစားသတင်း

**မစ်ခီတာယန်ကို ထုတ်ဖို့ နည်းလမ်းပေါင်းစုံ ကြိုးပမ်းနေတဲ့ မန်ယူ**

တိုက်စစ်မှူးဒိုင်ဘာလာအတွက် ပေါင်သန်း ၇၀ အပြင် မစ်ခီတာယန်ကို အလိုက်ပေးကမ်းလှမ်းခဲ့တဲ့ မန်ယူရဲ့ ကမ်းလှမ်းမှုကို ဂျူဗီဘက်က ပယ်ချလိုက်ရပြီးနောက် ဂျူဗင်တပ်အနေနဲ့ မစ်ခီတာယန်ကို အလိုမရှိဘူးဆိုတဲ့ ယူဆချက်တွေ ကျယ်ကျယ်ပြန့်ပြန့် ထွက်လာစေခဲ့ပါတယ်။ ဂျူဗင်တပ်ဘက်က မစ်ခီတာယန်ကို အလိုက်ပေးကမ်းလှမ်းတာထက်ဆို ဒိုင်ဘာလာရဲ့ စာချုပ်ပါ ထွက်ခွာခွင့်ကြေးပေါင် ၈၆ သန်းကိုသာရလိုတယ်လို့ သိရပါတယ်။

မစ်ခီတာယန်ဟာ ဒေါ့မွန်အသင်းမှာ တောက်ပတဲ့ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် မန်ယူနည်းပြ မော်ရင်ဟိုကသူ မန်ယူကို စတင်ကိုင်တွယ်တဲ့နှစ်မှာပဲ ခေါ်ယူခဲ့ပေမယ့် တကယ်တမ်းကျ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ဆိုသလိုဖြစ်ခဲ့ပြီး နည်းပြဖြစ်သူရဲ့ ယုံကြည်ကိုးစားမှု ပျောက်ဆုံးကာ မန်ယူကလည်း ဒီကစားသမားကို ထုတ်ဖို့ အမျိုးမျိုးစီမံလာတာကို တွေ့ရပါတယ်။

မန်ယူဟာ မစ်ခီတာယန်ကို ထုတ်ရောင်းဖို့ နောက်ထပ် တစ်နည်းစီစဉ်လာပြန်ပါတယ်။ ဒါကတော့ အင်တာရဲ့ မာရီယိုကို ခေါ်ယူနိုင်ဖို့ မစ်ခီတာယန်နဲ့ အလဲအထပ်ပြုဖို့ပါ။ အင်တာနည်းပြ စပယ်လက်တီက မာရီယို အနေနဲ့ အင်တာမှာ မပျော်မရွှင် ဖြစ်နေတယ်ဆိုတာ ဝန်ခံခဲ့ပေမယ့် အရောင်းစာရင်းမှာ ထည့်ရောင်းဖို့တော့ အစီအစဉ်မရှိပါဘူး။ အင်တာမီလန်ဟာ ပေါ်တူဂီအသင်းနဲ့အတူ ယူရိုဖလားရခဲ့တဲ့ ဗဟိုကွင်းလယ်လူ မာရီယိုကို ယူရိုပြိုင်ပွဲအပြီးတွင် ပေါင်သန်း ၄၀ အသုံးပြုခေါ်ယူခဲ့တာကြောင့် ဒီပမာဏအတိုင်း ရရှိမှသာ ထုတ်ခွာခွင့်ပေးနိုင်ဖွယ်ရှိတာကြောင့် မန်ယူအနေနဲ့ မစ်ခီတာယန်အပြင် ငွေသားအလိုက်ထပ်ပေးရဖို့ သေချာသလောက်ရှိနေတာပါ။ ဒီအပြောင်းအရွှေ့ဟာ ယခုဇန်နဝါရီဈေးကွက်အတွင်းမှာပဲဖြစ်သွားဖို့ရှိနေတယ်လို့ သုံးသပ်ရပါတယ်။

**တရွေ့ရွေ့နီးကပ်လာတဲ့ ဆန်းချက်ဇ်ရဲ့ အာဆင်နယ်သို့ ကျောခိုင်းခြေသံ**

အာဆင်နယ်ကနေ ဆန်းချက်ဇ် ထွက်ခွာတော့မယ်၊ ထွက်ခွာတော့မယ်ဆိုတဲ့ သတင်းတွေ ထွက်နေခဲ့တာဟာ တစ်နှစ်ကျော်လောက်ကြာနေပြီဖြစ်ပေမယ့် ခုထိတော့ ဆန်းချက်ဇ်ဟာ အာဆင်နယ် ကစားသမားအဖြစ် ရှိနေဆဲပါ။ ပြီးခဲ့တဲ့နွေဈေးကွက် မန်စီးတီးရဲ့ ပေါင်သန်း ၆၀ တန် ကမ်းလှမ်းမှုကို အာဆင်နယ်က မျက်စိစုံမှိတ်ပယ်ချခဲ့ပြီးနောက် အာဆင်နယ်နဲ့ ဆန်းချက်ဇ်တို့ဟာ မတွဲချင်တွဲချင်နဲ့ ဆက်လက် လက်တွဲခဲ့ရတယ်။ အာဆင်နယ်ကလည်း တောင်ပံတိုက်စစ်မှူးနေရာ မဖြည့်နိုင်သေးတာကြောင့် ဆန်းချက်ဇ်ကို လက်လွှတ်မခံခဲ့ပေမယ့် ဝင်းဂါးဟာ ယခုနှစ်ဘောလုံးရာသီမှာ ဆန်းချက်ဇ် မပါလည်း ကစားနိုင်မယ့် လူစာရင်းဖြစ်အောင် စီစဉ်လာတာကို တွေ့ရပါတယ်။ ဆန်းချက်ဇ်ကိုယ်တိုင်လည်း အာဆင်နယ်အတွက် ဝင်ရောက် ကစားတဲ့ပွဲစဉ်အချို့မှာ ခြေစွမ်းပိုင်းပေါ် လိုက်ပျောက်လိုက်ဖြစ်နေတာက ပြဿနာပါ။

ခရစ္စတယ်ပဲလေ့စ်နဲ့ပွဲမှာ အာဆင်နယ်အတွက် သွင်းဂိုးနှစ်ဂိုးကို သွင်းယူပြီး ခြေစွမ်းပြခဲ့ပေမယ့် သူ့ရဲ့ ဒုတိယဂိုးကို သွင်းယူချိန်မှာတော့ တစ်ဦးတည်း အောင်ပွဲခံရပါတယ်။ ဒီကိစ္စရပ်အပေါ် အာဆင်နယ် ဂန္ထဝင်ကစားသမားဟောင်း အွန်နရီက ဒါဟာ အာဆင်နယ်အသင်းသားတွေကြား ဟန်ချက်မညီမှုကို ပြသရာရောက်တယ်လို့ မှတ်ချက်ချခဲ့သလို ဆန်းချက်ဇ်နဲ့အတူအောင်ပွဲမခံတဲ့ အာဆင်နယ်အသင်းသားတွေရဲ့ အပြုအမူကိုလည်း မေးခွန်းထုတ်လိုက်ပါတယ်။

ဒီအတွက် အွန်နရီက “ ဒါက အသင်းမှာ ခွဲခြားမှု ရှိနေပြီဆိုတာပါပဲ၊ သူက အသင်း သားတွေကို သူနဲ့အတူ အောင်ပွဲခံဖို့ ပြောပါတယ်၊ သူတို့က ဘာလို့မလာကြတာလဲ၊ အောင်ပွဲခံဖို့ ဆန္ဒမရှိကြဘူးလား” လို့ စကိုင်းစပို့ကို ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အွန်နရီက အသင်းက ဂိုးရသွားရင် ဒီဂိုးကို ဘယ်သူက သွင်းတာလဲဆိုတာထက် အသင်းက ဂိုးရသွားပြီဆိုတာက ပိုအရေးကြီးပြီး ဒီနေရာမှာ ရှိနေတာက အလက်ဆစ်ဆန်းချက်ဇ်အတွက် မဟုတ်ဘဲ အာဆင်နယ်အတွက်သာ ဖြစ်တယ်ဆိုတဲ့ ခံယူချက်မျိုးရှိဖို့လည်း လိုတယ်လို့ ထောက်ပြပါတယ်။



ဆန်းချက်ဇ်ပထမဂိုးသွင်းချိန်မှာ အိုဇေးလ်၊ လာကာဇက်၊ ဇာကာ၊ မူစတာဖီတို့နဲ့အတူ အောင်ပွဲခံခဲ့ပေမယ့် သူ့ရဲ့ ဒုတိယဂိုးကို သွင်းယူချိန်မှာတော့ အသင်းဖော်တွေက လာရောက်အောင်ပွဲခံခဲ့ခြင်းမရှိပါဘူး။ ရုပ်သံပြကွက်မှာတော့ ဆန်းချက်ဇ်ဟာ အသင်းဖော်တွေကို အမူအရာနဲ့ဖိတ်ခေါ်ခဲ့ပေမယ့် အာဆင်နယ်ကစားသမားတွေက လာရောက်ပူးပေါင်း အောင်ပွဲခံဖို့ ပျက်ကွက်ခဲ့တာကို ထင်ထင်ရှားရှားတွေ့ခဲ့ရတာဖြစ်ပါတယ်။

အွန်နရီကပဲ သူလည်း ဒီအချက်ကို ထောက်ပြခဲ့ပြီး သူလည်းဒီအချက်ကို သတိပြုမိခဲ့တယ်လို့ ဆိုပါတယ်။ ဆန်းချက်ဇ်ဟာ လာမယ့်နွေမှာ အာဆင်နယ်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး စာချုပ်သက်တမ်း ထပ်တိုးမှာ မဟုတ်ဘူးလို့ ပြောကြားထားသူဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း ဆန်းချက်ဇ်အနေနဲ့ လာမယ့် ဇန်နဝါရီဈေးကွက်အတွင်းမှာပဲ အာဆင်နယ်က ထွက်ခွာဖို့ အခြေအနေတွေ ဆိုက်ရောက်လာပြီဆိုတဲ့ သုံးသပ်မှုတွေလည်း ပိုမိုအားကောင်းလာစေခဲ့ပါတယ်။ ဒါ့အပြင် မန်စီးတီးအသင်းရဲ့ လူငယ်တိုက်စစ်မှူးလေး ဂျေဆူး ဒဏ်ရာရရှိသွားခဲ့တာကြောင့် မန်စီးတီးမှာ ဗဟိုတိုက်စစ်မှူးစစ်စစ်ဆိုလို့ အဂွဲရိုးတစ်ဦးသာ ရှိတော့တာကြောင့် ပြီးခဲ့တဲ့ ရာသီဗဟိုတိုက်စစ်နေရာမှာ ခြေစွမ်းပြတဲ့ ဆန်းချက်ဇ်ကိုခေါ်ယူဖို့ ပိုမိုအားထုတ်လာဖွယ်ရှိပါတယ်။ မန်စီးတီး ပရိသတ်တွေကလည်း ဒီဇန်နဝါရီဈေးကွက်မှာပဲ ဆန်းချက်ဇ်ကို ခေါ်ယူဖို့ တိုက်တွန်းတဲ့ မှတ်ချက်တွေဟာ တွစ်တာလို လူမှုကွန်ရက်တွေမှာအပြည့် နေရာယူထားတာကို တွေ့ရပါတယ်။



**စီရိုနယ်လ်ဒိုက ရီးယဲလ်ထက် မန်ယူကို အရင်ဦးစားပေးခဲ့တာပါတဲ့**

